# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ 1, Monday August 2016 (၈၆၄၀)


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ BIDV ရန်ကုန်ရုံးခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

# ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည်

## ကောင်းမွန်သည့်တိုးတက်မှုများရရှိပြီး ပြည်သူများလူနေမှုအဆင့်အတန်းမြင့်တင်ရေးကို ဆောင်ရွက်ပေးနိုင်မှာသေချာ

ရန်ကုန် ဇူလိုင် ၃၁

**ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု (Four Countries - One Destination) ကွန်ဖရင့်ကို လေးနိုင်ငံခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းဆောင်ရွက်ခြင်း (Connecting Tourism and Expanding Cooperation in Banking Sector) ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ Melia Yangon Hotel ၌ ယနေ့ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ကြေးများ ထက်ဝက်လျှော့ချသွားမည်ဟုဆို

**ရန်ကုန် ဇူလိုင် ၃၁**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ကြေးများကို ယခုနှစ်အောက်တိုဘာ ၁ ရက်မှ စတင်ကာ လက်ရှိနှုန်းထားများထက် ထက်ဝက်လျှော့ချပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလိုင်စင်လေးမျိုးကို အွန်လိုင်းမှလည်း ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းလိုင်စင်နှုန်းထားများကို လာမည့်အောက်တိုဘာ ၁ ရက်မှ စတင်ကာ ထက်ဝက်လျှော့ချပေးမည်ဖြစ်သည်။

ဟိုတယ်လုပ်ငန်းဆိုင်ရာလုပ်ငန်းလိုင်စင်၊ ခရီးသွားလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လိုင်စင်၊ ခရီးသွား သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းလိုင်စင်တို့ကို ဝန်ကြီးဌာနမှ ခွင့်ပြုချထားပေးလျက်ရှိပြီး ယင်းလိုင်စင်ကြေးများကို ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံသွားမည်ဟု ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

သတင်း စာမျက်နှာ - ၅


KBZ BANK
STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# ကိုယ်ကျင့်တရားကောင်းဖြင့်အမျိုးဂုဏ်မြှင့်တင်

သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြရာတွင် အမျိုးသားရေးစိတ်ဓာတ်ထက်သန်ခိုင်မာအောင် မျိုးချစ်ခေါင်းဆောင်များက ဦးစွာဆောင်ရွက်ခဲ့ကြသည်။ လူတို့၏အသိအမြင်၊ ဆင်ခြင်တုံတရားတိုးပွားအောင်၊ ဉာဏ်အလင်းရအောင် ဟောပြောကြရင်း မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ ကိုယ်ကျင့်တရား စံနှုန်းများကို ထုတ်ဖော်ခဲ့ကြသည်။ နီတိမဉ္ဇူရီ၊ နီတိမာလာ စသည့်နီတိကျမ်းများတွင်လည်း မြန်မာ့အတွေးအမြင်၊ ဆင်ခြင်တုံတရားများ၊ လောကလူ့ဘောင်အဖွဲ့အစည်း၌ လူတို့လိုက်နာကျင့်သုံးရမည့်အချက်များ၊ သတိပြုရှောင်ကြဉ်ရမည့် အချက်များကိုလည်း မြင်တွေ့ရမည်။

ထိုသို့ဝံသာနုရက္ခိတတရားများ တိုးပွားအောင်ကြိုးပမ်းဆောင်ရွက်ကြခြင်းသည် လူတို့၏အခြေခံစိတ်ဓာတ်ကြံ့ခိုင်မှု၊ စိတ်ဓာတ်မြင့်မားမှုများတိုးပွားအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုမှ အမျိုးကိုချစ်သည့်၊ ပြည်ထောင်စုကိုချစ်သည့် မျိုးချစ်သားကောင်းရတနာများ တိုးပွားလာပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ တိုင်းပြည်ကိုချစ်သော ပြည်ထောင်စုစိတ်ဓာတ်သည် ဝံသာနုရက္ခိတတရားတွင် အခြေခံပြီး ဝံသာနုရက္ခိတတရားသည် စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားမြင့်မားမှုအပေါ် မူတည်သည်။

မြန်မာနိုင်ငံသည် ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုမြင့်မားသောနိုင်ငံဖြစ်သည်။ ယင်းတို့တွင် ကိုယ်အမူအရာယဉ်ကျေးခြင်း၊ အပြောအဆိုနူးညံ့သိမ်မွေ့ခြင်း၊ စိတ်ထားဖြူစင်မြင့်မြတ်ခြင်းဟူသည့် ဘာသာစာရိတ္တယဉ်ကျေးမှုအစဉ်အလာ ကြာရှည်မြင့်မားသောနိုင်ငံ ဖြစ်ခဲ့သည်။ ထို့အပြင် သမဇီဝိတသမ္ပဒါ မျှတသော အသက်မွေးမှုတို့ကို ပြုကြသည်။ ကမ္မာစောင့်တရား သို့မဟုတ် လောကစောင့်တရားနှစ်ပါးဖြစ်သည့် ဟိရိမကောင်းမှုကို ပြုလုပ်ရန် ရှက်တတ်ကြသည်။ ဩတ္တပ္ပ မကောင်းမှုတို့ကို ပြုလုပ်ရန် ကြောက်ရွံ့ကြသည်။ ဤကမ္ဘာစောင့်တရားနှစ်မျိုးရှိမှသာ ကိုယ်ကျင့်သီလတည်နိုင်သည်။ လောကကို စောင့်ရှောက်နိုင်သည်။

မျက်မှောက်ကာလတွင် ကိုယ်ကျင့်တရားများ ပျက်ယွင်းလာကြသည်ကို တွေ့ရသည်။ ဆင်းရဲနွမ်းပါးမှုသည် ကိုယ်ကျင့်တရားကို ပျက်ပြားစေသည်ဟုဆိုသော်လည်း မြန်မာတို့၏ ကြီးမားသောအစဉ်အလာကို အတတ်နိုင်ဆုံး စောင့်ထိန်းသင့်သည်။ အထူးသဖြင့် ဟိရိဩတ္တပ္ပ တရားများ နည်းလာကြသည်ကို တွေ့ရသည်။ လူမြင်ကွင်းတွင်ပင် မောင်နှင့်နှမ၊ သားနှင့်အမိ မမြင်ဝံ့စရာများကို မြင်တွေ့လာရသည်။ လူမြင်ကွယ်ရာတွင်မူ ဆိုဖွယ်ရာပင် ရှိလိမ့်မည်မဟုတ်ချေ။

မကြာသေးမီရက်ပိုင်းအတွင်းက နယ်မြို့အချို့တွင် အလုံပိတ်အခန်းများပြုလုပ်ကာ စီးပွားရှာလာကြသူတို့ကို ရှာဖွေအရေးယူခဲ့ကြောင်း ကြားသိရသည်။ မအူပင်၊ ပြည်၊ ပဲခူးနှင့် ပခုက္ကူမြို့များတွင် ဖြစ်ပေါ်ခဲ့သည်။ ထိုအထဲတွင် တက္ကသိုလ်ကျောင်းအနီးဖွင့်လှစ်ခဲ့သူတို့လည်းပါဝင်သည်။ အလုံပိတ်အခန်းဟူသည်မှာ ရိုးသားသူများအတွက် ဖွင့်လှစ်ထားသောအခန်းမဟုတ်ချေ။ မမြင်ကွယ်ရာတွင် မတော်တရော်ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးထားသောအခန်းများသာဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များအတွက် ဦးတည် ပစ်မှတ်ထားခြင်းဖြစ်သည်။

မျက်မှောက်ကာလကဲ့သို့ ကိုယ်ကျင့်တရားလျော့ပါးလာသောအချိန်တွင် ထိုကဲ့သို့သော မမှန်မကန် စီးပွားရှာဖွေမှုပြုကြခြင်းသည် လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေရန်အတွက် လမ်းဖွင့်ပေးလိုက်ခြင်းသာဖြစ်သည်။ အခြားမရှာဖွေ မတွေ့ရှိနိုင်သော နေရာများလည်းရှိဦးမည်။ ကိုယ်ကျင့်တရားကောင်းမွန်သော လူငယ်လူရွယ်များမှာ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်၍ ကိုယ်ကျင့်တရားပျက်ယွင်းသော လူကြီးများဖြစ်လာပါက အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။

ထို့ကြောင့် ဤသို့မမှန်မကန် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် လူငယ်လူရွယ်များအား ဖျက်ဆီးရာရောက်ခြင်းဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ခြင်းလည်းရောက်ပေသည်။ လက်ရှိတွင် လူငယ်လူရွယ်များအား လူညွန့်တုံးပြီး ပျက်စီးစေနိုင်သော အရက်၊ မူးယစ်ဆေးစသည့် တိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ လူငယ်လူရွယ်များအား ပျက်စီးစေသော မမှန်မကန်လုပ်ရပ်များအား အရေးယူဖယ်ရှားခြင်းသာမက နောင်မလုပ်ရဲအောင် ထိရောက်စွာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ဝန်ထမ်းအိမ်ရာများတွင် ပြုပြင်ရန်လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် ကံ့ကော်အိမ်ရာ၊ တိုက်အမှတ် (၂၇၄)နှင့် (၂၇၅)၊ သဇင်(၃) အမျိုးသမီးအဆောင်များ၊ ပိတောက်အိမ်ရာ တိုက်အမှတ်(၈၁၇)နှင့် (၈၁၈)တို့သို့ သွားရောက်၍ တိုက်တာဝန်ခံများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ နိုင်ငံပိုင်အိမ်ရာများတွင် စည်းကမ်းတကျ နေထိုင်ကြရန်နှင့် ပြုပြင်ရန်လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းအိမ်ရာများတွင် ပြတင်းတံခါး ကျည်းပေါင်များ ပျက်စီးသဖြင့် ရေဝင်ရောက်နေမှု၊



မိလ္လာကန်များ၊ ရေပိုက်များ ပြုပြင်ရန်လိုအပ်မှု၊ မြေကျွံသဖြင့် ရေဆင်းမြောင်းများ နိမ့်ကျအက်ကွဲနေမှု၊ သဇင်(၃)အမျိုးသမီးအဆောင်တွင် မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးလိုင်းများ ပြုပြင်ရန်လိုအပ်မှု၊ ချက်ပြုတ်စားသောက်ရန် နေရာမရှိခြင်းအား ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မှု၊ အဆောင် အဝင်အထွက် တံခါးမှာ တစ်ပေါက်တည်းသာရှိသဖြင့် အရေးပေါ်ထွက်ပေါက် ဆောင်ရွက်ပေးရန် လိုအပ်မှုများကို ကြည့်ရှု၍ ပြုပြင်ပေးရန် လိုအပ်သည်များကို သက်ဆိုင်ရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ပရောဂျက်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၃၁**

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းပြုလုပ်သည့် ၂၀၁၆ ပရောဂျက်ပြပွဲ (MAEU Project Show 2016) ကို ဇူလိုင် ၃၀ ရက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

"ဒီပရောဂျက်ပြပွဲ (MAEU Project Show 2016)ကို ကျောင်းသား ကျောင်းသူတွေရဲ့ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းတွေရရှိစေရန်၊ လေကြောင်းနဲ့ အာကာသပညာရပ်ကို အသုံးချနယ်ပယ်အလိုက် တီထွင်ဖန်တီးအသုံးပြုနိုင်မှုကို အထောက်အကူပြုရန်၊ တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အလေ့အထဖြစ်ထွန်းစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်သွင် က ပြောသည်။

ယခုပြသသည့် ပရောဂျက်ပြပွဲ (MAEU Project Show 2016) တွင် ပထမနှစ်ပြခန်း၊ စက်နှင့် ပျံသန်းယာဉ်ပြခန်း၊ လေကြောင်းလျှပ်စစ်နှင့် တိုင်းတာရေးပြခန်း၊ လေကြောင်းအီလက်ထရွန်နစ်ပြခန်း၊ လောင်စာနှင့် တွန်းကန်ပစ္စည်းပြခန်း၊ အာကာသစနစ်ပြခန်း စုစုပေါင်း ပြခန်း ခြောက်ခုတွင် ပရောဂျက်ခေါင်းစဉ်ပေါင်း ၄၀ ပါဝင်ခင်းကျင်းပြသရာ မိတ္ထီလာမြို့နယ်အတွင်းရှိ တက္ကသိုလ်များမှ ကျောင်းသူ ကျောင်းသားများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လေကြောင်းနှင့် အာကာသပညာရပ် စိတ်ဝင်စားသူများ လာရောက်လေ့လာကြသည်။

ယင်းပရောဂျက်ပြပွဲတွင် လာရောက်လေ့လာသူများအား လေယာဉ်ထုတ်လုပ်မှုနှင့် လေယာဉ်မောင်းအတတ်ပညာ၊ ကောင်းမွန်သော အသက်မွေးမှုပညာအတွက် ကြိုတင်ပြင်ဆင်နိုင်သည့် အခွင့်အရေးများ စသည့် အသိပညာ အတတ်ပညာများကို ပညာရှင်များက အသိပညာပေးဟောပြောကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ဘီးလင်း၌ မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ဘီးလင်း ဇူလိုင် ၃၁**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာသုံးရွာသို့ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက မြစိမ်းရောင် ရန်ပုံငွေဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ရရှိသည့် ကရဝေးဆိပ်ကျေးရွာ၊ ဖားကဒူးကျေးရွာနှင့် ဆပ်သွားကျေးရွာ ကော်မတီဝင်များထံ ငွေကျပ် သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ညောင်တုန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေး

**ညောင်တုန်း ဇူလိုင် ၃၁**

ညောင်တုန်းမြို့နယ် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ညောင်တုန်းမြို့နယ် အညာစုကျေးရွာ၌ ဇူလိုင် ၂၈ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ကျေးရွာမြေဂရန် ထုတ်ပေးနိုင်ရေးကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လွင်က ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးကိစ္စရပ်များနှင့် ကျေးရွာမြေငှားခွန်ငွေကို နှစ်စဉ်ကျေပွန်စွာ ထမ်းဆောင်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အညာစုကျေးရွာအနေဖြင့် ရွာမြေဧက ၂ ဒသမ ၇ ဧကပေါ်ရှိ ပြည်သူ ၃၇ ဦးတို့အား တာဝန်ရှိသူများက တစ်ဦးချင်းစီသို့ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခဲ့ပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**❂ ရွှေဖုံးမှ**

နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV) ရန်ကုန်ရုံးခွဲဖွင့်ပွဲကို ကျင်းပရာ BIDV ဥက္ကဋ္ဌ Mr. TRAN BAC HA၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Mr. PHAM THANH DUNG တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က BIDV ရန်ကုန်ဘဏ်ခွဲမှ အမှုဆောင်အရာရှိချုပ် Mr.Chan Duc Tu ကို ကနဦးဘဏ်ဖွင့်လှစ်ခွင့် လိုင်စင်ပေးအပ်ကာ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Vu Duc Dam၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် BIDV ဥက္ကဋ္ဌတို့က BIDV ရန်ကုန်ရုံးခွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က BIDV ရန်ကုန်ရုံးခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် BIDV ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီး၊ ကွန်ပျူတာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် Melia Yangon Hotel ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး Hoang Anh Gia Lia (HAGL) Corporation CEO Mr.Vo Truong Son နှင့် Melia Hotel International မှ ဒုတိယဥက္ကဋ္ဌ Mr. Bernardo Cabot တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

Melia Yangon Hotel သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းပေါ်တွင် တည်ရှိပြီး အသစ်ဖွင့်လှစ်လိုက်သည့် ဈေးဝယ်စင်တာ မြန်မာပလာဇာနှင့် ဆက်စပ်တည်ရှိသည်။ Melia Yangon Hotel ကို ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်း အိမ်ခြံမြေ ကုမ္ပဏီဖြစ်သော Hoang Anh Gia Lai (HAGL) group မှ ပိုင်ဆိုင်ပြီး Melia Hotels International သည် ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် ဟိုတယ်ပေါင်း ၃၇၀ ကို ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် CLMV နိုင်ငံများ၏ လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့်ကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် လေးနိုင်ငံခရီးစဉ် ဒေသတစ်ခု အစီအစဉ်သည် ကြီးမားသည့် ထုတ်ကုန်ဈေးကွက်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရေး အတွက် လွတ်လပ်သော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်သည့်အတွက် CLMV နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့်အခွင့် အလမ်းတစ်ခု ဖြစ်စေပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် CLMV ၏ အကျိုးတူ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုပေးသွားမည်ဟု ကတိကဝတ်ပြုပါကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းဈေးကွက်ဆိုင်ရာ အချိတ်အဆက်များတည်ထောင်ခြင်း၊ ခရီးစဉ်ဒေသတစ်ခု တည်ထောင်ခြင်းနှင့် တစ်ခုတည်းသော ပြည်ဝင်ခွင့်စနစ်တည်ထောင်ခြင်းများဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် CLMV ဒေသအတွင်း သာမက ဒေသအပြင် ကမ္ဘာ့နယ်ပယ်အတွင်း ဆွဲဆောင်မှုရှိသောအဓိကကျသည့် ခရီးစဉ်ဒေသကြီးတစ်ခုဖြစ်လာစေမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ၂၀၁၆-၂၀၁၈ ခုနှစ် CLMV ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု အစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် လည်းကောင်း ခရီးသွားလုပ်ငန်း အလျင်အမြန်တိုးတက်မှုနှင့်အတူ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ အဖိုးတန်သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များပျက်စီးသွားမှု၊ နိုင်ငံလူမျိုးအလိုက် ထူးခြားသည့် လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းများ၊ တန်ဖိုးထားမှုများ၊ လွှမ်းမိုး ထိခိုက်လာမှုစသည့်အဖျက်သဘော အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်ကို သတိပြုမိရန် လိုအပ်ပါကြောင်း။

CLMV ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မိမိတို့အချင်းချင်း နီးနီးကပ်ကပ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့်အတွက် မိမိတို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း တိုးတက်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ ယနေ့ မိမိတို့ တူညီသည့်အကျိုးအတွက် ပေါင်းစည်းညီညွတ်သည့် အင်အားဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နေကြပါကြောင်း။

ကောင်းမွန်သည့်တိုးတက်မှုများ စုစည်းရရှိခံစားရပြီး လာမည့်အနာဂတ် နှစ်ပေါင်းများစွာအတွင်း မိမိတို့ပြည်သူများအတွက် လူနေမှုအဆင့်အတန်း မြှင့်တင်ရေးကို ဆောင်ရွက်ပေးနိုင်မှာ သေချာပါကြောင်း၊ CLMV အဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီးအတွင်း ချစ်ကြည်ရင်းနှီးသည့် အစဉ်လာကောင်းများကိုထိန်းသိမ်းရင်း တူညီသောရည်မှန်းချက်များ၊ အကောင်အထည်ဖော်ဆောင်မှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် BIDV ဥက္ကဋ္ဌ Mr. TRAN BAC HA က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူ အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့် ဒုတိယနေ့တွင် လေးနိုင်ငံခရီးသွား လုပ်ငန်း ဦးစားပေးဆောင်ရွက်ချက်များ၏ အလားအလာနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြောကြားခြင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းစံချိန်စံညွှန်းများအရ လေးနိုင်ငံဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာများကို ဆွေးနွေးခြင်း၊ CLMV နိုင်ငံများ၏ ထင်ရှားသော ခရီးစဉ်ဒေသများအကြား လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရေး ဦးစားပေးဆောင်ရွက်ချက်များနှင့် အလားအလာများကို ဆွေးနွေးခြင်း၊ CLMV နိုင်ငံများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို မြှင့်တင်ရန်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခြင်း (ပုဂ္ဂလိကကဏ္ဍ)၊ လေးနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာနများအား လေးနိုင်ငံ ခရီးစဉ်တစ်ခု ထူထောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် လေးနိုင်ငံ အကြား နှစ်နှစ်တစ်ကြိမ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပသွားရန် ပူးတွဲကြေညာခြင်းတို့ကို ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Vu Duc Dam အား ရန်ကုန်မြို့ Melia Yangon Hotel ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**



တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုများပိုမို တိုးတက်ရေး၊ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် Melia Yangon Hotel ၌ ကျင်းပသည့် လေးနိုင်ငံခရီးစဉ် ဒေသတစ်ခုကွန်ဖရင့် အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်သည်။

မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် လွန်ခဲ့သည်ခြောက်နှစ်ခန့်မှစ၍ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၆၉၃ ဒသမ ၃ မီလီယံ ရင်းနှီးမြှုပ်နှံထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဆင့်(၁၀)နေရာတွင် ရှိသည်။

၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အဆ ၃၀ ကျော် တိုးတက်လာခဲ့ပြီး ၂၀၁၀မှ ၂၀၁၅ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှု နှစ်စဉ် ၂၅ ရာခိုင်နှုန်း တိုးတက်နေကြောင်းသိရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း ၂၀၁၀ ခုနှစ်မှစတင်ကာ နှစ်စဉ် ၂၄ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်ဟု BIDV ၏ ထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

**❒ ဟိုတယ်နှင့် ခရီးသွားမှ**

လက်ရှိ ဟိုတယ်လုပ်ငန်းဆိုင်ရာလိုင်စင်ကြေးမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အခန်း ၂၀ ပါဝင်သည့် ဟိုတယ်များအတွက် ကျပ်ငါးသိန်း၊ အခန်း ၅၀ ဟိုတယ်များအတွက် ကျပ်ကိုးသိန်း၊ အခန်း ၅၀ မှ အခန်း ၁၀၀ ဟိုတယ်များ အတွက် ကျပ် ၁၄ သိန်း၊ အခန်း ၁၀၀ နှင့်အထက် ဟိုတယ်များအတွက် ကျပ် ၁၉ သိန်းဖြစ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှာ အခန်း ၅၀ လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၊ အခန်း ၅၁ ခန်းမှ အခန်း ၁၀၀ ဟိုတယ်အတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၊ အခန်း ၁၀၀ အထက်မှာ အမေရိကန်ဒေါ်လာ ၉၀၀၀ ဖြစ်ကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းလိုင်စင်ကြေးမှာ ကျပ် ၄ သိန်းဖြစ်ပြီး ဧည့်လမ်းညွှန်လိုင်စင်ကြေးမှာ ကျပ်ငါးသောင်းဖြစ်သည်။

ခရီးသွား သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း လိုင်စင်မှာ ထိုင်ခုံ ၄ ခုံပါ ကားတစ်စီးလျှင် ကျပ်တစ်သိန်းခွဲ၊ ထိုင်ခုံ ၁၅ ခုံမှ ၂၅ ခုံအထိ ကားများအတွက် ကျပ်နှစ်သိန်း နှင့် ထိုင်ခုံ ၂၅ ခုံအထက် ကားများမှာ ကျပ်နှစ်သိန်းခွဲဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ နှုန်းထားများကို အောက်တိုဘာ ၁ ရက်မှ စတင်၍ ၅၀ ရာခိုင်နှုန်းလျှော့ချပေးသွားမည်ဟု အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။ **(၀၀၁)**

## ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် လေးနိုင်ငံ ခရီးသွားဒေသအတွင်းသို့ ယခုနှစ် ပထမငါးလတာအတွင်း ခရီးသွားဧည့်သည် ၁၀ သန်းကျော်ဝင်ရောက်

**ရန်ကုန် ဇူလိုင် ၃၁**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် CLMV လေးနိုင်ငံ ခရီးသွားဒေသအတွင်းသို့ ယခုနှစ် ပထမငါးလတာအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၁၀ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားဒေသများသို့ ကမ္ဘာ့ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်ရန် ပစ်မှတ်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု (Four Countries-One Destination) ကွန်ဖရင့်မှသိရသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဇူလိုင် ၃၁ ရက်က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာတွင် ဒေသတွင်းခရီးသွားကဏ္ဍအထောက်အကူပြုရေး သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘာ့ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်သည့် ဒေသများအဖြစ် မျှော်မှန်းထားကြောင်း သိရသည်။

ယခုနှစ် ၅ လတာ ကာလအတွင်း CLMV ဒေသများသို့ ခရီးသွားဧည့်သည် ၁၀ သန်းကျော် ဝင်ရောက်ခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ခရီးသွားဧည့်သည် ၂၄ သန်းကျော် ဝင်ရောက်ရန် မျှော်မှန်းထားကာ ရာခိုင်နှုန်းအားဖြင့် ၉ ရာခိုင်နှုန်းတိုးတက်လာရန် မျှော်မှန်းထားသည်ဟု အဆိုပါကွန်ဖရင့်မှ သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ သုံးရက်ကြာ ကွန်ဖရင့်လက်ခံကျင်းပခဲ့ပြီး ခရီးသွားကဏ္ဍအပြင် ဘဏ်လုပ်ငန်းဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးခဲ့သည်။ **(၀၀၁)**

## မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဆော့ချီ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဆော့ချီ ကို ၁၉၇၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ပရေဘန်းဒေသ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်တော်ဝင် တက္ကသိုလ် နိုင်ငံခြားဘာသာသိပ္ပံမှ ပညာရေးဘွဲ့(အင်္ဂလိပ်စာ)ကို လည်းကောင်း၊ ထိုင်းနိုင်ငံ ရန်ခမ်ဟဲန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ(မဟာဘွဲ့)ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၉၆ခုနှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ယင်းဝန်ကြီးဌာန၌ပင် ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ၂၀၁၀-၂၀၁၃ ခုနှစ် အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ ကမ္ဘောဒီးယားကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အဖြစ် ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဆော့ချီသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး ၃ ဦး ရှိသည်။

# ဆီးရားမီးစ်မျိုးနွယ်စု မိကျောင်းသားပေါက်များ ဖမ်းဆီးရမိ

**နန်နင်း ဇူလိုင် ၃၁**

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နယ်စပ်ရဲအရာရှိများက နိုင်ငံအတွင်း တားမြစ်ထားသည့် ဆီးရားမီးစ်မျိုးနွယ်စု မိကျောင်းသားပေါက်ကောင်ရေ ၃၉၉ ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရသိရသည်။ ဇူလိုင် ၂၉ ရက်က နယ်စပ်ရဲအရာရှိများက အိမ်ထောင်စုလူဦးရေစာရင်းများ လိုက်လံကောက်ယူနေစဉ် သုံးယင်မြို့ရှိ လူနေအိမ်တစ်အိမ်တွင် အဆိုပါ မိကျောင်းသားပေါက်များကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မိကျောင်းသားပေါက်များသည် ၁၅ ရက်သားခန့်ရှိပြီး အရှည်မှာ ၂၅ စင်တီမီတာရှည်လျားသည်။ ၎င်းတို့ကို ဗီယက်နမ်နိုင်ငံမှ မှောင်ခိုတင်သွင်းခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

မိကျောင်းသားပေါက်များ တရားမဝင်ကုန်ကူးသူသုံးဦးအနက် နှစ်ဦးသည် ထရပ်ကားဖြင့် မောင်းပြေးခဲ့ပြီး ကျန်တစ်ဦးမှာ အိမ်နောက်ဖေးပေါက်မှ ထွက်ပြေးရန် ကြိုးပမ်းစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလတွင် ဖန်ချန်းဂန်းစီရင်စု၌ အေးခဲထားသော ဆီးရားမီးစ် မိကျောင်းအသေကောင်များကို ပင်လယ်စာများ တင်ဆောင်သည့် ထရပ်ကားတစ်စီးအတွင်း ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသော ဆီးရားမီးစ်မျိုးနွယ်စု မိကျောင်းသားပေါက်များအား တွေ့ရစဉ်။

အရှေ့တောင်အာရှဒေသတွင်ပေါက်ပွားသော ဆီးရားမီးစ်မိကျောင်းများသည် မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်သည်။ ၎င်းတို့၏ အရေပြားကို ဇိမ်ခံပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုပြီး နိုင်ငံတကာ ဈေးကွက်တွင် နေရာရထားကြောင်းသိရသည်။ အဆိုပါ မိကျောင်းမျိုးစိတ်များကို တရုတ်နိုင်ငံတွင် တရားမဝင် ကုန်သွယ်မှုမပြုလုပ်ရန် တားမြစ်ထားသည်။

**ဆင်ဟွာ။**

# ဗြိတိန်၌ အကြမ်းဖက်တိုက်ခိုက်လာနိုင်မှု စကော့တလန်ယာ့ဒ် ရဲတပ်ဖွဲ့ သတိပေး

**လန်ဒန် ဇူလိုင် ၃၁**

ဗြိတိန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ်တစ်ရပ် ကျရောက်အံ့ဆဲဆဲ အနေအထားတွင် ရှိနေကြောင်း စကော့တလန်ယာ့ဒ် မြို့တော် ရဲတပ်ဖွဲ့က ဇူလိုင် ၃၁ ရက်တွင် သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ် ဆိုးဆိုးရွားရွား ခြိမ်းခြောက်နေကြောင်း၊ မည်သည့်အချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပေါ်လာနိုင်သည်ကို အတိအကျ မသိနိုင်သော်လည်း အကြမ်းဖက် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပေါ်နိုင်သည့် အန္တရာယ်မှာ ကြီးကြီးမားမားရှိနေသည်ဟု ခန့်မှန်းရကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကို တားဆီးကာကွယ်နိုင်ရန် ရဲတပ်ဖွဲ့က ပြင်ဆင် ဆောင်ရွက်နေလင့်ကစား ပြည်သူများအပေါ် ဘေးအန္တရာယ်ကျရောက်ခြင်းမှ လုံးလုံးလျားလျားကာကွယ်ပေးရန်မှာမူ မဖြစ်နိုင်ကြောင်း စကော့စလန်ယာ့ဒ် မြို့တော်ရဲတပ်ဖွဲ့၏ ရဲချုပ် ဆာဘားနတ် ဟိုဂန်ဟောင်းက ပြောကြားသည်။

ဗြိတိန်နိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်ရန် ကြံစည်မှု လေးခုထက်မနည်းရှိနေပြီး ရဲတပ်ဖွဲ့နှင့် လုံခြုံရေး တပ်ဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ထောက်လှမ်းရေး အထက်တန်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် လန်ဒန်တွင် ထုတ်ဝေသော ဆန်းဒေးတိုင်း သတင်းစာက ဖော်ပြခဲ့ပြီးနောက် စကော့တလန်ယာ့ဒ် ရဲတပ်ဖွဲ့ အကြီးအကဲ၏ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

**ရိုက်တာ။**

# ဗီယင်နာသို့ လာရောက်သည့် အိန္ဒိယခရီးသည် ယခုနှစ်တွင် တစ်သိန်းအထိရှိမည်ဟု မျှော်မှန်း

**ဗီယင်နာ ဇူလိုင် ၃၁**

လက်ရှိပြက္ခဒိန်နှစ်တွင် ဩစတြီးယားနိုင်ငံ မြို့တော်ဗီယင်နာ၌ ညအိပ်ညနေ တည်းခိုနေထိုင်သူ အိန္ဒိယလူမျိုး ကမ္ဘာလှည့်ခရီးသည် ၁၀၀၀၀၀ အထိ ရှိလာမည်ဟု မျှော်မှန်းထားကြောင်း ဗီယင်နာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့က ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် အိန္ဒိယလူမျိုးကမ္ဘာလှည့်ခရီးသည် ၈၉၆၂၈ ဦးသည် ဗီယင်နာမြို့၌ ညအိပ်ညနေ တည်းခိုနေထိုင်ခဲ့ကြကြောင်း ဗီယင်နာကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့၏ ညွှန်ကြားရေးမှူး နောဘတ်ကတ်တနာက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဗီယင်နာမြို့သည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် မြို့ကြီးအဖြစ် ဆက်လက်ရပ်တည်နေပြီး နိုင်ငံတကာမှ ကမ္ဘာလှည့် ခရီးသည်များကို ပိုမိုဆွဲဆောင်သွားနိုင်စေရေးအတွက် မိမိတို့ ကျင့်သုံးနေသော မဟာဗျူဟာအရ မတူကွဲပြားခြားနားသော ဈေးကွက်များကို ဖော်ထုတ်နိုင်စေရန် ကြိုးပမ်းလျက်ရှိကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံမှ မိသားစုများ၊ ပျားရည်ဆမ်း ခရီးထွက်လာကြသော ကြင်စဦး ဇနီးမောင်နှံများ၊ နိုင်ငံတကာ ညီလာခံများသို့ တက်ရောက်လာကြသူများ စသည့် ခရီးသည်များသည် ဗီယင်နာမြို့၏ ရှေးဟောင်းရဲတိုက်ကြီးများ၊ ယဉ်ကျေးမှု၊ စားသောက်မှုပုံစံ၊ တေးဂီတနှင့် စိမ်းလန်းစိုပြည်သော နေရာများသို့ သွားရောက်၍ အလည်အပတ် ကြည့်ရှုကြကြောင်း၊ မြို့တော်ဗီယင်နာ၌ အိန္ဒိယခရီးသည်များ၏ ညအိပ်ညနေ တည်းခိုမှုမှာ ပျမ်းမျှအားဖြင့် ခရီးသည်တစ်ဦးလျှင် ၂ ဒသမ ၂၀ ည နှုန်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ပီတီအိုင်။**



# အိုင်အက်စ် တိုက်ခိုက်ရေးသမားများကို အာဖဂန်တပ်မတော် ထိုးစစ်ဆင်

**အစ္စလာမ္မာဘတ် ဇူလိုင် ၃၁**

ပါကစ္စတန်နိုင်ငံ၏ နယ်စပ်ဒေသနှင့် နီးကပ်စွာ တည်ရှိသော ခို့ခရိုင်အတွင်း အာဖဂန် အစိုးရတပ်ဖွဲ့ဝင်များ ရောက်ရှိသွားချိန်တွင် လူသူနေထိုင်ခြင်း မရှိသော နေအိမ်အများအပြားကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းနေအိမ်များ၏ တံတိုင်းနံရံများပေါ်တွင် ကပ်ထားသော ပိုစတာများနှင့် အနက်ရောင် အလံတော်များကိုလည်း တွေ့မြင်ရကြောင်း၊ အစ္စလာမ့်စစ် စစ်သွေးကြွအဖွဲ့ (အိုင်အက်စ်)က စွန့်ခွာသွားသော အမှတ်လက္ခဏာများပင်ဖြစ်ကြောင်း အာဖဂန် နစ္စတန်တပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူ ရှီရင်း အဂ္ဂါက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

အာဖဂန်တပ်မတော်သည် အိုင်အက်စ် စစ်သွေးကြွများအား ချေမှုန်းသည့် ထိုးစစ်ကို ဆင်နွှဲလျက်ရှိကြောင်း၊ မကြာသေးမီ ရက်သတ္တပတ်များအတွင်း အိုင်အက်စ် တိုက်ခိုက်ရေးသမားရာပေါင်းများစွာကို ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း ရှီရင်းအဂ္ဂါက ပြောကြားသည်။

အာဖဂန်တပ်မတော်သည် အမေရိကန် အထူးတပ်ဖွဲ့များ၏ ကျောထောက်နောက်ခံပြုမှုနှင့်အတူ စစ်သွေးကြွများကို ချေမှုန်းလျက်ရှိသည်။

**ရိုက်တာ။**



# မုန်တိုင်းဒဏ်ခံဒေသများအား ဖိလစ်ပိုင်အစိုးရ ကူညီထောက်ပံ့

**မနီလာ ဇူလိုင် ၃၁**

အပူပိုင်းမုန်တိုင်းနီဒါတိုက်ခတ်ခြင်းခံခဲ့ရသော ဖိလစ်ပိုင်မြောက်ပိုင်း ကာဂါရန်ပြည်နယ်ရှိ မုန်တိုင်းသင့်ပြည်သူများအား အကူအညီများပေးအပ်သွားမည်ဖြစ်သည်ဟု ဖိလစ်ပိုင်အစိုးရက ပြောကြားခဲ့သည်။


မုန်တိုင်းကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ၉၅ ကီလိုမီတာမှ ၁၂၀ ကီလိုမီတာအထိ တိုက်ခတ်ခဲ့သည်။ သမ္မတ၏ပြန်ကြားရေးရုံးမှ အတွင်းဝန် မာတင်အန်ဒါရာက ပြောကြားရာတွင် ရိက္ခာထုပ် သုံးသောင်းကို အိုင်ကော့စ်ဒေသသို့ ဖြန့်ဖြူးထားပြီး အခြားရိက္ခာထုပ်ပေါင်း ၁၉၀၀ ကို အရှေ့ပိုင်း ဘီဆာရတ်ဒေသသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

တံငါလှေများအား ငါးဖမ်းမထွက်ရန် သတိပေးထားပြီး ပင်လယ်နှင့်နီးသော အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသတို့ရှိ ဒေသခံများကိုလည်း သတိပေးထားသည်။

**ဆင်ဟွာ။**

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပပြီးစီး

owif-&&Dif;rmoefY
"mwfykHZmf i;fvwf



**ရန်ကုန် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ တတိယနေ့ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။

စာတမ်းဖတ်ပွဲ တတိယနေ့ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးအောင်ရှင် (မုံရွာအောင်ရှင်)၊ ဦးမြဟန်(မြဟန်)နှင့် ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ) တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးမောင်မောင်ဦး (ဟိန်းလတ်)က "နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)"၊ ဦးသန်းအုန်း(မောင်ဇေယျာ)က "မြန်မာ့နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေ(၁၉၃၇-၁၉၈၇)" နှင့် ဦးရဲနိုင်အောင်(ကိုဝ)က "နိုင်ငံရေး ဘောဂဗေဒစာပေများ၏ နိုင်ငံရေး အကျိုးသက်ရောက်မှု" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဒေါက်တာကျော်ဝင်း (ပါမောက္ခ-ငြိမ်း)၊ ဦးကျော်နိုင် (ထက်မြက်)နှင့် ဦးကိုကို(ကို-တက္ကသိုလ်)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးမော်လင်း (မော်လင်း)က "မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ"၊ ဦးဇော်လင်း(လင်းအေး)က "မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀)" နှင့် ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က "ခေတ်ပြိုင် နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ" စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ တတိယနေ့ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပပြီးစီးသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက စာတမ်းရှင်များအား ဂုဏ်ပြုဇော်ခများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ကျေးဇူးတင်စကား ပြောကြားသည်။

မိုးရာသီ စာအုပ်ဈေးရောင်းပွဲ တတိယနေ့တွင် စာအုပ်တိုက်များမှ စာအုပ်ဆိုင် ၁၇၁ ဆိုင်ကို ဆက်လက်ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ စာပေပညာရှင်များ၊ စာပေဝါသနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ယနေ့ရှုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အပြင် လိုချင်သည့် စာအုပ်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း ဝယ်ယူနိုင်သည့်အတွက် ယခင်နေ့များထက်ပင် အထူးများပြားပြီး ပိုမိုစည်ကားလျက်ရှိကြောင်း တွေ့ရသည်။

တတိယနေ့ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ စာတမ်းရှင်များ၊ နိုင်ငံရေးနှင့် စာပေနယ်ပယ်များမှ ပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံရေးစာပေ စိတ်ဝင်စားသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ■

# ပုံရိပ် "ပင်လုံ" မြန်မာ့ဂုဏ်

❖ တွေ့ကြ ဆုံကြ၊ ဆွေးနွေးကြ
လှပနိမိတ်ပုံ။

❖ ပွင့်လင်းနွေးထွေး၊ တန်းတူရေး
နောင်ရေး နိဗ္ဗာန်ဘုံ။

❖ ပြည်သူမျှော်မှန်း၊ ငြိမ်းချမ်းပန်း
ဆင်မြန်း ကိုယ်စီခြုံ။

❖ ညီညာပေါင်းစု၊ ပြည်ထောင်စု
ရာစုသစ် ပင်လုံ။

ချစ်ခင်သွေးစည်း၊ တစ်သားတည်း
ခိုင်ဖြိုး မြန်မာ့ဂုဏ်။ ။

မျိုးမြတ်မြတ်မြင့်မောင်

# AYA Universal MPU ကတ်များကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်ပါ အသုံးပြုနိုင်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ဧရာဝတီဘဏ်မှ ပြည်တွင်း၌သာမက နိုင်ငံပေါင်း ၁၆၀ ကျော်တွင် ကိုင်ဆောင်အသုံးပြု၍ရသော AYA Universal MPU debit ကတ်နှင့် credit ကတ်များကို UnionPay International ( UPI) နှင့် ပူးပေါင်း၍ ထုတ်လုပ်သွားမည်ဟု ဇူလိုင် ၂၈ ရက်က ဧရာဝတီဘဏ်ရုံးချုပ်၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါကတ်ဖြင့် မြန်မာပြည်အနှံ့အပြားရှိ MPU နှင့် ချိတ်ဆက်ထားသော ဆိုင်များနှင့် ATM စက်များတွင်သာမက နိုင်ငံပေါင်း ၁၆၀ ကျော်တွင်းရှိ UPI ကွန်ရက်ဖြင့် ချိတ်ဆက်ထားသော POS များနှင့် ATM များတွင်ပါ ငွေပေးချေထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်ဟု သိရသည်။

"အရင်ကဆို နိုင်ငံခြားငွေပေးချေမှု VISA ကတ်လို prepaid ကတ်တွေပဲရှိခဲ့တယ်။ အခု UnionPay နဲ့ ချိတ်ဆက်လိုက်တော့ သုံးစွဲသူတွေ အနေနဲ့ ပြည်ပခရီးသွားရင် ငွေကြေးလဲလှယ်စရာမလိုဘူး။ ငွေသားကိုင်ဆောင်စရာမလိုဘဲ ငွေသားထုတ်ယူသုံးစွဲနိုင်တယ်။ ပြီးတော့ ရွေးချယ်မှုများလာတဲ့အတွက် ကိုယ်နဲ့သင့်တော်တဲ့ကတ်တွေ ရွေးချယ်အသုံးပြုခွင့်ရလာတယ်"ဟု ဧရာဝတီဘဏ် ဒါရိုက်တာ ဦးColinသူရမောင်က ပြောသည်။

UnionPay International သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက်အဖွဲ့အစည်းဖြစ်ပြီး ငွေပေးချေမှုဆိုင်ရာ စီးပွားရေးစုပေါင်းအဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံမှ Myanmar Pay Union (MPU) ကဲ့သို့ ယခင်က China Union Pay ( CUP ) ဟု ခေါ်ဆိုခဲ့ပြီး အဖွဲ့ဝင်များပြားလာခြင်းနှင့် နိုင်ငံတကာတွင် လုပ်ငန်းဆိုင်ရာ ကွန်ရက်များ ကျယ်ပြန့်လာခြင်းကြောင့် UPI ဟု ပြောင်းလဲခဲ့သည်။ UPI ကတ်ဖြင့် နိုင်ငံပေါင်း ၄၀ အတွင်း သုံးစွဲသူ ၅ ဒသမ ၄ ဘီလီယံရှိပြီး နိုင်ငံပေါင်း ၁၆၀ အတွင်း ၃၅ မီလီယံခန့်ရှိသည့် ဆိုင်များ၊ ၂ မီလီယံကျော်ရှိသည့် ATM စက်များတွင် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများ၌ အသုံးပြုနိုင်သည်ဟု သိရသည်။

"UPI မှာ အဖွဲ့ဝင်အနေနဲ့ ပါဝင်လိုက်တော့ သူတို့နဲ့ ချိတ်ဆက်ထားတဲ့ နိုင်ငံတွေက သုံးစွဲသူတွေ အစ်မတို့ဆီမှာ လာသုံးနိုင်သလို အစ်မတို့ကလည်း သူတို့ဆီမှာ သွားသုံးလို့ရတယ်" ဟု ဧရာဝတီဘဏ်ကတ်ဌာနမှ ဌာနမှူး ဒေါ်နန်းစောခမ်းဖြူက ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါ အဖွဲ့အစည်းနှင့် ချိတ်ဆက်၍ AYA ဘဏ်၊ AGD ဘဏ်၊ CB ဘဏ်နှင့် MOB ဘဏ်များမှ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး တခြားပြည်တွင်းဘဏ် နှစ်ခုမှလည်း ချိတ်ဆက်ရန် လျာထားသည်ဟု သိရသည်။




AYA Universal MPU debit ကတ်ကို အသက် ၁၈ နှစ်ပြည့်ပြီး အမြဲတမ်းနေထိုင်ခွင့်ရ နိုင်ငံသားတိုင်းနှင့် credit ကတ်ကို အသက် ၂၁ နှစ်ပြည့်ပြီး ဝင်ငွေပြနိုင်သည့် အမြဲတမ်းနေထိုင်ခွင့်ရ နိုင်ငံသားတိုင်း လျှောက်ထားရယူနိုင်သည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# စစ်တွေမြို့တွင် ယခုနှစ်မှစတင်၍ ကျောင်းပြင်ပ အလယ်တန်းပညာရေး သင်ကြားပေးမည်

**စစ်တွေ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် အလယ်တန်းပညာ ဆက်လက်သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်သည့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကို ယခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်ကို ရခိုင်ပြည်နယ်တွင် ယခုနှစ်မှ စတင်ခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး စစ်တွေမြို့တွင် ပထမဆုံးအနေဖြင့် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

"ကျောင်းပြင်ပ အလယ်တန်းပညာရေးက ရခိုင်ပြည်နယ်မှာ ဒီနှစ်မှ စတာပါ။ စစ်တွေမြို့ တစ်မြို့တည်းမှာပဲ စမ်းသပ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျောင်းပြင်ပ အလယ်တန်းပညာရေးက ဒီနှစ်မှစတာဖြစ်တဲ့အတွက် အသေးစိတ်ကို ဆွေးနွေးနေတုန်းပဲ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများသို့ သွားရောက်၍ ပညာသင်ယူနိုင်ခြင်းမရှိသည့် ကျောင်းနေအရွယ် ကလေးငယ်များအတွက် ရည်ရွယ်သည့် ကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့် ပညာသင်ကြားပေးနေခြင်းဖြစ်ပြီး ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ဖြင့် ပညာသင်ယူခဲ့သူသည် အစိုးရကျောင်းများတွင် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာဆက်လက်သင်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ် စတင်သည့် ၂၀၀၈ ခုနှစ်မှစ၍ ပညာသင်ယူခဲ့သည့် ကျောင်းသား ကျောင်းသူများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ကျောင်းသား မောင်ကျော်ဇော်မိုးသည် ပြီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပြီး ကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့် ပညာသင်ယူပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ပထမဆုံးကျောင်းသားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်၌ ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို မြို့နယ်ငါးမြို့နယ်တွင် အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၌ ကျောင်းသားကျောင်းသူ ၇၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ အရေအတွက် ငါးသောင်းကျော်ကို ပညာသင်ကြားပေးခဲ့ကြောင်း သိရသည်။ **(သုတ)**

# ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)အနေဖြင့် ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း(ဒုတိယအဆင့်)မှ ရေပေးဝေလျက်ရှိသော ရေပို့ပိုက်မကြီးများ ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်မည့်ကာလဖြစ်သော ဩဂုတ် ၃ ရက် နံနက် ၆ နာရီမှ ဩဂုတ် ၅ ရက် ညနေ ၆ နာရီအတွင်း မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံ၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ရေအားလျော့နည်းမှုနှင့် ရေပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းသုံးစွဲနိုင်ကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

# စာအုပ်ဈေးပွဲတော်နှင့် စာအုပ်ပလာဇာ

**အောင်စိုးဦး**

၂၉၊ ၇၊ ၂၀၁၆ ရက်က နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို တက်ရောက်ခဲ့ပါသည်။ စာတမ်းရှင်များ၏ စာတမ်းများအကြောင်း အထူးမပြောလိုပါ။ ထူးထူးခြားခြားရှိလှ၍ အများစိတ်ဝင်စားကာ တက်ရောက်သူများ တိုးမပေါက်အောင်စည်ကား ပျော်ရွှင်စေသလို တန်ဖိုးမဖြတ်နိုင်သော အသိတရားများ တစ်ထိုင်တည်း ရရှိခဲ့ပါသည်။

ကျွန်တော်အထူးပြောလိုသည်မှာ မြန်မာနိုင်ငံစာပေထုတ်ဝေသူများအသင်းက ကြီးမှူးကျင်းပသည့် မိုးရာသီစာအုပ်ပွဲတော်အကြောင်းဖြစ်ပါသည်။ စာပေလောကနှင့် မကင်းမကွာရှိနေသည့် ကျွန်တော်တို့ပင် တအံ့တသြ ဖြစ်ကြရပါသည်။ ထိုနေ့က ဖွင့်ပွဲအခမ်းအနားပြီးပြီးချင်း ဆရာဟိန်းလတ်၊ ဆရာအေးမောင်ကျော်တို့နှင့်အတူ စာအုပ်အရောင်းဆိုင်များကို လှည့်ပတ်ကြည့်မိပါသည်။

ပြန်ကြားရေး၏ အဆောက်အအုံမှာ အိုမင်းဟောင်းနွမ်းနေသည်နှင့်အမျှ ခံ့ထည်လွန်းလှသည်။ ကျွန်တော့်စိတ်ထင် တစ်ဧကပတ်လည်ရှိမည့် သုံးထပ်အဆောက်အအုံကို စတုရန်းပုံတည်ဆောက်ကာ အလယ်တွင် ကွက်လပ်ထားရှိသော ကိုလိုနီခေတ်ဗိသုကာ ပုံစံဖြစ်ပါသည်။ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ထိုအဆောက်အအုံကြီး၏သုံးထပ်အပြည့် စာအုပ်ဆိုင်များ ခင်းကျင်းဖွင့်လှစ်ထားပါသည်။

အောက်ဆုံးထပ်ပတ်ပတ်လည်တွင်လည်း စာအုပ်ဆိုင်များအပြည့်၊ ပထမထပ်တွင်လည်း ပတ်ပတ်လည် စာအုပ်ဆိုင်များအပြည့်၊ အပေါ်ဆုံးထပ်တွင်လည်း ပတ်ပတ်လည် စာအုပ်ဆိုင်များအပြည့် စာအုပ်မျိုးစုံ၊ စာပေါင်းစုံ တကယ့်ကို ပွဲတော်ကြီးဖြစ်ပါသည်။ စာအုပ်အရောင်းပွဲတော်အမည်နှင့် လိုက်ဖက်လွန်းလှသည့် စာအုပ်ပွဲတော်ကြီးဖြစ်ပါသည်။

စာအုပ်တွေကလည်း အမျိုးအစားစုံလင်လှပါသည်။ ရှားပါးစာအုပ်များမှအစ နောက်ဆုံးထုတ်စာအုပ်များအထိ စုံလှသည်။ အင်္ဂလိပ်စာပညာပေး စာအုပ်များ၊ ကလေးစာပေ၊ ကဗျာ၊ ဝတ္ထု၊ ကျမ်းစာ၊ ဘာသာပြန် လိုအပ်တာမှန်သမျှ အကုန်ရှိသည်။ စာချစ်သူတွေကလည်း လူတန်းစားစုံသည်။ ကျောင်းသားလူငယ်တွေ အုပ်စုဖွဲ့လာကြသလို ကျွန်တော်တို့လို သက်ကျားအိုများ၊ ဘုန်းတော်ကြီးများပါမကျန် တုန်တုန်ချည့်ချည့်နှင့် တွဲခေါ်သူတွေနှင့်အတူ လာကြသည်ကို မြင်ရသည်မှာ စိတ်နှလုံးနွေးထွေးရသည်။ ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်၏ ဆေးကျောင်းတက်စငယ်သူငယ်ချင်း ကိုတင်မောင်ဝင်းလည်း လေဖြတ်နေသည့်ကြားက မရောက်ရောက်အောင် လာရောက်အားပေးသည်ကို မြင်ရတွေ့ရ ဝမ်းသာရသည်။

စာအုပ်ဈေးပွဲတော်ဖြစ်မြောက်ရေးကို ဆောင်ရွက်ကြသူများ၏ ကျေးဇူးကား ကြီးမားလှသည်။ မြန်မာနိုင်ငံစာပေထုတ်ဝေသူများအသင်းသည် တာဝန်ကျေလွန်းလှသည်။ စာအုပ်ဈေးရောင်းပွဲတော်ကို အခြေအနေပေးတိုင်း နေရာအသီးသီးမှာ ကျင်းပခဲ့သည်။ အမျိုးသားဇာတ်ရုံအပါအဝင် ရရာနေရာမှာ ရသလို စုစည်းတည်ခင်းရောင်းချနိုင်ခြင်းကို ကျွန်တော့်ရင်တွင်းက ချီးကျူးမိသည်။ အခုကျင်းပသည့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကား ပကာသနဆန်းဆန်းပြားပြား ခမ်းခမ်းနားနားမပါဘဲ ထိထိရောက်ရောက် အကျိုးရှိလှသည်။ လာကြသူလူတိုင်းကိုယ်စီ လက်ထဲ၌စာအုပ်ကိုယ်စီဝယ်ယူပြီးဖြစ်သည်က စာပေမျိုးစေ့ချခြင်းဖြစ်ပါသည်။

စာဖတ်ခြင်း၏ အကျိုးကျေးဇူးဂုဏ်ကိုလည်း ဆောင်းပါး၌ အထူးညွှန်းဖွဲ့မဆိုတော့ပါ။ စာဖတ်ခြင်းဖြင့် မိမိဘဝနှင့်မိမိနိုင်ငံကို အဆင့်မြင့်မားစွာ တည်ဆောက်နိုင်သည်ကို စာချစ်သူများ သိပြီးဖြစ်ပါသည်။ သို့ဆိုလျှင် လူတိုင်းစာဖတ်ကြစေရန် ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း။

ထိုနေ့က ကျွန်တော့်လုပ်ဖော်ကိုင်ဖက်များကို စာအုပ်ဝယ်ရန် တစ်ယောက်တစ်သောင်း စာအုပ်ဖိုးပေးကာ စာအုပ်ဈေးပွဲတော်ကို အလုပ်မှ တာဝန်တစ်ရပ်အနေဖြင့် လွှတ်ခဲ့သည်။ တကယ်တော့ စာအုပ်ဖိုးက ကျပ်တစ်သောင်းနှင့် မလုံလောက်၊ တစ်ယောက်လျှင် ကျပ်တစ်သိန်းလောက်ပေးမှ လုံလောက်မှန်းသိသော်လည်း နိုင်စွမ်းသမျှသာပေးရသည်။ ယခု ဒုတိယနေ့ စနေနေ့ ရုံးပိတ်၊ ကျောင်းပိတ်ချိန် မိသားစုကိုလည်း စာအုပ်ဈေးပွဲတော်သွားဖို့ စာအုပ်ဖိုးပေးကာ လွှတ်ရပါမည်။

ကျွန်တော်တို့သည် မုန့်ဖိုးပေးသည့်အလေ့ရှိပြီး ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုတွင် လူကြီးက လူငယ်ကို မုန့်ဖိုးပေးလေ့ရှိသည်။ မုန့်လိုက်ကျွေးလေ့ရှိသည်။ ထို့အတူ စာအုပ်ဖိုးပေး၍ စာအုပ်လိုက်ဝယ်ပေးသည့် အလေ့ကိုပါ လေ့ကျင့်ရပါဦးမည်။ စာအုပ်ဈေးရောင်းပွဲတော်ရှိသည့်ရက်မျိုးတွင် မိဘများက သားသမီးများကို စာအုပ်ဖိုးပေးကာ စာအုပ်ဈေးပွဲတော်သို့လွှတ်လျှင် ကောင်းလေစွ။ အလုပ်ရှင်များက အလုပ်ခွင်ကို တစ်ရက်နား၍ ON DUTY အဖြစ် စာအုပ်ဖိုးပေးပြီး စာအုပ်ဈေးပွဲတော်ကို စေလွှတ်လျှင် ကောင်းလေစွ။ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများနှင့်အတူ စာအုပ်ဈေးပွဲတော်သို့လာကြလျှင် ကောင်းလေစွဟု တွေးမိပါသည်။

မိုးရာသီစာအုပ်ဈေးပွဲတော်ကြီးကိုကြည့်ကာ ကြည်နူးဝမ်းသာမဆုံးဖြစ်ရင်း ပွဲတော်ရက်ကုန်ဆုံးတော့မည်ကို တွေးပြီး နှမြောတသမိပါသည်။ စာအုပ်ဈေးရောင်းပွဲတော်များ အမြဲရှိနေလျှင် ကောင်းမည်ဟု တွေးမိသည်။ စာအုပ်ထုတ်ဝေသူများ၏ စာအုပ်ဆိုင်များ ယခုလို တစုတဝေးတည်းရှိလျှင် သိပ်ကောင်းမည်ဟု တွေးမိပါသည်။

ထိုအခါ "စာအုပ်ပလာဇာ" (Books PLAZA) တည်ဆောက်ရန် စိတ်ကူးရပါသည်။ PLAZA ဆိုသည်မှာ A Plaza is on open urban public space, such as a city square.ဟု အဓိပ္ပာယ်ရပါသည်။ အများပြည်သူအတွက် နေရာဖြစ်ပါသည်။ မြို့လယ်ကောင်က မြို့တွင်းကွက်လပ်ဖြစ်ပါသည်။ ရှေးယခင်က စပိန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အရှေ့အိန္ဒိယနိုင်ငံတို့တွင် အစိုးရမင်းများ စစ်ရေးပြအခမ်းအနားကျင်းပသည့် ကွက်လပ်ကို ပလာဇာဟု ခေါ်ပါသည်။

ယခုခေတ်မှာတော့ ပလာဇာ (Plaza)ကို လူအများစုဝေးရာကွက်လပ်အဆောက်အအုံအဖြစ် အများပြည်သူဝင်ထွက်ကြည့်ရှုနိုင်သော 'ဈေးရုံ' များအဖြစ် ခေါ်ဝေါ်သုံးစွဲကြပါသည်။ နိုင်ငံအသီးသီး၌ ခေတ်မီဈေးရုံကြီးများကို ပလာဇာဟု ခေါ်ကြပါသည်။ ပလာဇာ၏ဗိသုကာပုံစံမှာ လေးဖက်လေးတန် စတုရန်းပုံပတ်ပတ်လည် အထပ်တိုင်း၌ ဈေးဆိုင်များရှိပါသည်။ ကွက်လပ်အလယ်ကို လွှတ်ထားလေ့ရှိပြီး ဆိုင်ခန်းငယ်များ၊ ယာယီဆိုင်လေးများ၊ ဈေးတန်းများ တည်ခင်းလေ့ရှိပါသည်။ စင်ကာပူ၊ ဗန်ကောက်၊ မနီလာ၊ ဟန်ဖွိုင်းမြို့တို့၌ ဈေးရုံပလာဇာများမှာလည်း ထိုသဘောအတိုင်း တွေ့ရပါသည်။ ယခု ကျွန်တော်တို့ရန်ကုန်မှာလည်း ဈေးရုံပလာဇာများရှိနေပါပြီ။

ဈေးရုံပလာဇာများမှာ ပစ္စည်းစုံသလို ဆိုင်မျိုးစုံတည်ခင်းထား၍ ဈေးဝယ်သူများ လွတ်လပ်ပျော်ရွှင်စွာ ဝယ်နိုင်ကြပါသည်။ အဝတ်အထည်အမျိုးမျိုး၊ လူသုံးကုန်အမျိုးမျိုးရှိပါသည်။

ကျွန်တော်ကတော့ စာအုပ်တစ်မျိုးတည်းရောင်းသည့် စာအုပ်ပလာဇာ (Books PLAZA) မျိုး စိတ်ကူးယဉ်မိပါသည်။ ယခုလက်ရှိပြည်သူ့ရင်ပြင်လိုနေရာမျိုးတွင် သင့်လျော်တင့်တယ်သည့် 'စာအုပ်ပလာဇာ' ကြီးတစ်ခု တည်ဆောက်ကာ စာအုပ်ဈေးရောင်းပွဲတော်ကြီးကို အများပြည်သူအတွက် နေ့စဉ်ဖွင့်လှစ်ရောင်းချနိုင်လျှင် ကောင်းလေစွ၊ ကောင်းလေစွ။ ရှိစေတော့။ စိတ်ကူးယဉ် စာအုပ်ပလာဇာမပေါ်ထွန်းမီ ယခုလက်တွေ့ကျင်းပနေသော မြန်မာနိုင်ငံစာပေထုတ်ဝေသူများအသင်း၏ စာအုပ်ဈေးရောင်းပွဲတော်ကြီးကို ပထမဆုံးသော 'စာအုပ်ပလာဇာ' (Books PLAZA) အဖြစ်မြင်တွေ့ရသဖြင့် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

မြန်စာချစ်များအတွက် စာအုပ်ပလာဇာများ ရာသီမပြတ်ပေါ်ထွန်းနိုင်ပါစေ။ ။

> **ကျွန်တော်ကတော့ စာအုပ်တစ်မျိုးတည်းရောင်းသည့် စာအုပ်ပလာဇာ (Books PLAZA) မျိုး စိတ်ကူးယဉ်မိပါသည်။ ယခုလက်ရှိ ပြည်သူ့ရင်ပြင်လိုနေရာမျိုးတွင် သင့်လျော်တင့်တယ်သည့် "စာအုပ်ပလာဇာ"ကြီးတစ်ခု တည်ဆောက်ကာ စာအုပ်ဈေးရောင်းပွဲတော်ကြီးကို အများပြည်သူအတွက် နေ့စဉ် ဖွင့်လှစ်ရောင်းချနိုင်လျှင် ကောင်းလေစွ၊ ကောင်းလေစွ။ ရှိစေတော့။ စိတ်ကူးယဉ် စာအုပ်ပလာဇာမပေါ်ထွန်းမီ ။ ။ ။ ။**

## မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ Action Aid Myanmar နှင့် မဇ္ဈိမမီဒီယာတို့ ပူးပေါင်းကျင်းပသော မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် Action Aid Myanmarမှ ဒါရိုက်တာ Mr.Shihab Uddin Ahmad နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့က အဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို မဇ္ဈိမမီဒီယာမှ ဒါရိုက်တာ ဒေါ်သင်းသင်းအောင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းဖြစ်စဉ်နှင့် တိုင်းဒေသကြီးအစိုးရအခန်းကဏ္ဍ ရှင်းလင်းချက်ကို တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ဆွေက ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေသုံးသပ်ချက်များကို ဦးဝဏ္ဏထွန်းက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်သူ့ဦးစားပေးလုပ်ငန်းများ လျာထားရန်အတွက် လုပ်ဆောင်ခြင်းခေါင်းစဉ်ဖြင့် ဦးအောင်ဆွေ (ညွှန်ကြားရေးမှူး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)၊ ဦးဇင်အောင် (စီးပွားရေးပညာရှင်)၊ ဒေါ်ခင်ဇာနိုင်(UNFPA)၊ ဦးဝဏ္ဏထွန်း (Bank Information Center) တို့က အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

**(၀၀၂)**






## အရာတော်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**အရာတော် ဇူလိုင် ၃၁**

မုံရွာခရိုင် အရာတော်မြို့၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ခြေရာတော်ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ဇူလိုင် ၃၀ ရက်က အရာတော်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အရာတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဝင်းဦးဆောင်၍ ဒု-ရဲမှူး ထွန်းထွန်းအေးနှင့် တပ်ဖွဲ့ဝင်များနှင့် စခတ(၁၀)မှ တပ်မတော်သားများ ပူးပေါင်း၍ ဝါဆိုလပြည့်ကျော် ၂ ရက်က ကျင်းပပြီးစီးသွားသည့် ခြေရာတော်ဘုရား ဗုဒ္ဓပူဇနိယဈေးပွဲတော်အတွင်း ပွဲတော်လာပြည်သူများ၊ ဈေးရောင်း ဈေးဝယ်များ စွန့်ပစ်ခဲ့သော အမှိုက်များနှင့် အညစ်အကြေးရေဆိုးများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး အမှိုက်များ၊ ရေဆိုးများကို စနစ်တကျရှင်းလင်းဖယ်ရှားစွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သူရ(အရာတော်)**

# ကျွန်တော်က ကလောင်သစ်ပါခင်ဗျား

**သန်းငြိမ်းအောင်(ပညာရေး)**

"သားသားနာမည့် . . လယ်တွင်းသားစောချစ်ပါခင်ဗျ"

လက်ကလေးနှစ်ချောင်းပိုက်ပြီး စင်မြင့်ပေါ်မှာပြောတော့ ရယ်မလားအောက်မေ့သည်။ လုံးဝမရယ်ကြပါ။ ရယ်စရာပြော၍ မရယ်ကြသောအခါ စင်ပေါ်က ဆင်းပြေးချင်လောက်အောင်ပင်ဖြစ်ခဲ့ကြောင်း ဆရာကြီးလယ်တွင်းသားစောချစ်ကိုယ်တိုင်ဟောပြောသည်ကို ကြားမှတ်ခဲ့ရဖူးပါသည်။

ဆရာကြီးမှာ အသက်ကြီးသည်ကတစ်ကြောင်း၊ ပညာကြီးသည်က တစ်ကြောင်း တည်တည်ခန့်ခန့်ကြီးဖြစ်နေ၍ ရယ်စရာပြောသည့်တိုင်အောင် မရယ်ကြခြင်းဖြစ်သည်။

သူ့ကို ထိုသို့ပြောရန် မြှောက်ပေးသူ ပျဉ်းမနား မောင်နီသင်းမှာ မျက်နှာဖောင်းဖောင်း၊ အရပ်ပုသဖြင့် ရုပ်နုနေသူ၊ ဆရာကြီးကဲ့သို့ မဟုတ်သဖြင့် သူပြောသည်ကို ရယ်ဖွဲ့ဖွဲ့ကြသည်။ ဟောပြောပွဲ အောင်မြင်သည်။ ဆရာကြီး လယ်တွင်းသားစောချစ်ကို ချောက်တွန်းလို၍ မဟုတ်။ ကောင်းသော အကြံဉာဏ်ပေးသော်လည်း ပုံစံချင်း၊ ပုံသဏ္ဌာန်ချင်းမတူကြ၍သာ ဖြစ်ပါသည်။ မည်သည့်အခါမျှ ပုံသေတွက်ဆမရကြပါ။

ကြေးမုံသတင်းစာတွင် "မျိုးဆက်သစ်ရင်ပြင်" ကဏ္ဍဖွင့်လှစ်သောအခါ ရေးချင်စိတ်ပေါ်လာသည်။ ရေးခွင့်မသာတော့။ မျိုးဆက်ဟောင်းလည်းဖြစ်နေပေပြီ။ ကျွန်တော်တို့ခေတ်က 'တက္ကသိုလ်ပုံရိပ်' များကို သင့်ဘဝတွင် ရေးခွင့်ရခဲ့သည်။ သင့်ဘဝတွင် ပညာရေးတက္ကသိုလ်အကြောင်းများ ရေးဖြစ်ခဲ့သည်။ မဟော်ဂနီပင်ကြီးကို တမ်းတခဲ့သည်။

'တက္ကသိုလ်ကဏ္ဍ'စာဟု ဖိတ်ခေါ်ပြီး လာပို့သူကို ပျူငှာစွာကြိုဆိုသည်။ အသုံးပြုခံရသူကို ထိုခေတ်ကျပ်နှစ်ဆယ်ချီးမြှင့်သည်။ တံဆိပ်ခေါင်းပေါ် လက်မှတ်ထိုးပြီး ဉာဏ်ပူဇော်ခ နှစ်ဆယ်ဟု ရေးသားသည်ကို ဂုဏ်ယူနေမိခဲ့သည်။

စာမူသည် ကျွန်တော်ပို့စဉ်က စာမူဖြစ်သည်။ ပါဝင်ထည့်သွင်းလိုက်သောအခါ ဉာဏ်ပူဇော်ခဖြစ်သွားသည်။ သင့်ဘဝက ဆက်လက်ရေးသားရန် အားပေးခဲ့သည်။ ရေးဖြစ်အောင် တွန်းအားပေးခဲ့သည်။ မျိုးဆက်သစ်အနေဖြင့် ရေးခဲ့ပြီးပြီ။

'သင့်ဘဝ'သာမက သောကြာစာစောင်၊ ဓမ္မရံသီ၊ ရုပ်ရှင်အမြုတေ၊ ရုပ်ရှင်မျက်မှန်၊ တံခွန်၊ တိုင်းရင်းမေ၊ မိုးဝေ ကျွန်တော်မျိုးဆက်သစ်ဘဝက စာကိုစုံစေ့အောင်လိုက်ရေးသည်။ ကြိုဆိုလက်ကမ်းကြသည်။ ရုပ်ရှင်သတင်းစဉ်တွင် ဆောင်းပါးများရေးစဉ်က ဆရာကြီးလင်းယုန်မောင်မောင်က လက်ဆွဲနှုတ်ဆက်သည်။ ဆက်ရေးရန် အားပေးသည်။ ဆရာကြီးအဆွဲခံခဲ့ရသောလက်ကို ရွှေချထားချင်လောက်အောင် ဂုဏ်ယူခဲ့သည်။

ငယ်စဉ်က တစ်တိုက်ဝင်တစ်တိုက်ထွက် စာမူများလိုက်ပို့ပါသည်။ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့တွင်လည်း ဆောင်းပါးအနည်းငယ်ပါဝင်ခဲ့ဖူးပါသည်။ ကြေးမုံသတင်းစာတွင် ဉာဏ်ပူဇော်ခ ထုတ်စဉ်က အယ်ဒီတာထံ တုန်တုန်ယင်ယင်ဖြင့် လက်မှတ်ထိုးခဲ့ရပြီး ငွေထုတ်နေရာတွင် တံဆိပ်ခေါင်းပေါ် လက်မှတ်ရေးထိုး၍ ထုတ်ခဲ့ရသည်ကို မှတ်မိနေပါသည်။

စာမူပို့သည့်အခါ ပြဿနာတစ်ခုမှာ "ထားခဲ့လေ" ဟုဆိုသော သူများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ရော၊ ပုဂ္ဂလိကပိုင်ကပါ နည်းနည်းနှင့် ကျဲကျဲဝိုင်းထားကြရာ စာမူလက်ခံဌာနသီးသန့်မထားနိုင်ကြပါ။ ပုံနှိပ်စက်နှင့် အယ်ဒီတာအဖွဲ့တွဲထားပြီး ပုံနှိပ်စက်ပေါ် စားပွဲလုပ်ခဲ့ရသည်များလည်း တွေ့ခဲ့ရဖူးပါသည်။

ထိုအထဲတွင် သတိရနေမိသည်မှာ လုံမလေးမဂ္ဂဇင်းတိုက် ဖြစ်ပါသည်။ လုံမလေးသို့ စာမူပို့တိုင်း ကလောင်အမည် ပို့သည့် နေ့စွဲမှတ်တမ်းတင်ပေးလိုက်ပါသည်။

ထိုစာရွက်တိုကလေးကို ပြ၍ ရွေး၊ ပယ်၊ အရန် သိနိုင်ကြသည်။ စုံစမ်းနိုင်ကြသည်။ ရွေးထားလျှင် စောင့်ဆိုင်းပြီး အခြားမဂ္ဂဇင်းတိုက်သို့ မပို့ရတော့ပေ။ ရွေး၊ ပယ် အသေအချာ စုံစမ်းနိုင်သော တိုက်ဖြစ်ပါသည်။

စာမူများကို ဖတ်ပြီး၊ ပယ်ရသော အကြောင်းကို အကြောင်းပြန်ကြားပေးသော ရှုမဝမှာ နောင်စာမူများလာသောအခါ မလုပ်နိုင်တော့ပါ။ စာမူများများပြားသဖြင့် နှစ်ရှည်စောင့်နေကြရသည်လည်း ရှိပါသည်။

ကြေးမုံက မျိုးဆက်သစ်ရင်ပြင်ကို ကျောင်းသား၊ လူငယ်မျိုးဆက်သစ်များအတွက် ဖွင့်ထားသည်ကို ကျေးဇူးတင်ပါသည်။ ယခုခေတ်အီးမေးလ် (e-mail) ပေါ်လာနေပြီဖြစ်၍ မည်သို့ လက်ခံ၊ မည်သို့ အကြောင်းပြန်နိုင်မည် မသိပါ။ မိတ္တူထားကြရမည်မှာ စာမူရှင်များ၏ တာဝန်သာဖြစ်ပါသည်။

စာမူကိုပေးသော ဉာဏ်ပူဇော်ခကိုလည်း မျိုးဆက်သစ်ကလေးများ ဖြစ်သော်လည်း ရေးအားကောင်းရန် အားပေးသင့်ပါသည်။ 'သင့်ဘဝ' က အားပေးပြီး စာစုံလိုက်ရေးသော မျိုးဆက်ဟောင်း ကျွန်တော်မှာ ကျေနပ်နေပါသည်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း၊ စာရေးဆရာဖြစ်ခြင်း၊ မဖြစ်ခြင်းသည် ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးနှင့်သာ သက်ဆိုင်ပါသည်။

**စာမူကိုပေးသော ဉာဏ်ပူဇော်ခကိုလည်း မျိုးဆက်သစ်ကလေးများ ဖြစ်သော်လည်း ရေးအားကောင်းရန် အားပေးသင့်ပါသည်။ "သင့်ဘဝ" က အားပေးပြီး စာစုံလိုက်ရေးသော မျိုးဆက်ဟောင်း ကျွန်တော်မှာ ကျေနပ်နေပါသည်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း၊ စာရေးဆရာဖြစ်ခြင်း၊ မဖြစ်ခြင်းသည် ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးနှင့်သာ သက်ဆိုင်ပါသည်။**

ကျွန်တော်တို့ ခေတ်နှင့်မတူ ကွန်ပျူတာခေတ်ဖြစ်သဖြင့် ကွန်ပျူတာစာစီစာရိုက်ရသည်နှင့်ပင် တစ်ထောင်ကျသင့်နေပြီး မဂ္ဂဇင်း၊ သတင်းစာတိုက်များသို့ သွားရသည်ပင် အားကုန်တုန်ချည့်နေပါလျက်။

ကျွန်တော် ချစ်သောစာမူ 'ရတနာ'လေးကို 'ထားခဲ့လေ' ဟု ပြောသောသူလောက် စိတ်တိုသည်မရှိ လေးလေးစားစားလက်ခံတတ်၍ မှတ်မှတ်သားသား အသိအမှတ်ပြုပေးလျှင် "လူဖြစ်ကျိုးနပ်လေ့ငဲ့"ဟု ယူဆပါသည်။

ကျွန်တော့်မြေးအရွယ်မျိုးဆက်သစ်များ ကံကောင်းကြပါစေ။ ။

## ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် လေးနိုင်ငံ ခရီးသွားနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကွန်ဖရင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် လေးနိုင်ငံခရီးသွားကဏ္ဍနှင့် ဘဏ်လုပ်ငန်းဆိုင်ရာတို့တွင် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် "လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု (Four Countries- One Destination) ကွန်ဖရင့်ကို"လေးနိုင်ငံခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာပေါင်းစည်းဆောင်ရွက်ခြင်း (Connecting Tourism and Expanding Cooperation in Banking Sector) ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ရှိ Melia Hotel HAGL Complex တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပူးပေါင်းပါဝင်မှု၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV)၊ (Hoang Anh GiaLia -HAGL) Corporation၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများ အသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါ ကွန်ဖရင့်ကို ကျင်းပခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရန်၊ CLMV ခရီးစဉ်ဒေသအား စိတ်ဝင်စားဖွယ်ကောင်းသောခရီးစဉ် တစ်ခုအဖြစ်မြှင့်တင်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုအနုပညာများအား ဖလှယ်ရန်၊ ဈေးကွက်မြှင့်တင်ရှာဖွေခြင်း ဆောင်ရွက်ရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် CLMV နိုင်ငံများအကြား သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်လူမှုအဖွဲ့အစည်းအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် ကျင်းပခြင်း အထိမ်းအမှတ် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်း ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး အလားတူ ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဗီယက်နမ်ဘဏ်အကြား နှစ်နိုင်ငံဘဏ်များ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဗီယက်နမ်ဘဏ်အကြား နားလည်မှုစာချွန်လွှာအရ ငွေကြေးမူဝါဒ၊ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများနှင့် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများအား နှစ်နိုင်ငံဗဟိုဘဏ်များအကြား ၂၀၁၆ ခုနှစ်မှစ၍ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအား ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ကွန်ဖရင့် အစီအစဉ်အရ Melia ဟိုတယ်၌ CLMV လေးနိုင်ငံရှိ ခရီးစဉ်ဒေသများ ဓာတ်ပုံပြပွဲနှင့် လေးနိုင်ငံရှိ ရိုးရာအစားအသောက်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး CLMV လေးနိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ (Hoang Anh Gia Lia-HAGL) Corporation ဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(BIDV) ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ CLMVလေးနိုင်ငံခရီးစဉ်ဒေသများ ဓာတ်ပုံပြပွဲကိုလည်း ကွန်ဖရင့်ကျင်းပသည့်နေ့မှ စ၍ သုံးရက်ကြာ ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။

CLMVလေးနိုင်ငံ ခရီးစဉ်ဒေသတစ်ခုတည်း ဖြစ်ပေါ်စေရေးအတွက် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပူးတွဲကြေညာချက်အတွက် ပြင်ဆင်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဇူလိုင် ၃၁ ရက်တွင် ကွန်ဖရင့်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်လည်း ကျင်းပခဲ့သည်။ **(ဆုနှင်းလဲ့)**





## ဥပဒ်ဖြစ်စေမည့်သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ပြည်သူများဥပဒ်ဖြစ်စေမည့် ဆေးဝါးများအန္တရာယ်မှကင်းဝေးစေရန် မြို့နယ်ဆေးဝါးကြီးကြပ်ကော်မတီနှင့်ပူးပေါင်း၍ အမှတ် (၁) ရပ်ကွက် မြို့မဈေးရှိ ဆေးဆိုင်များသို့ ဇူလိုင်လ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်တိုင်းရင်းဆေးမှူး၊ မြို့နယ်စည်ပင်ဦးစီး၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများလိုက်ပါ၍ ဆေးဆိုင်များတွင် မှတ်ပုံတင်မထားသော တိုင်းရင်းဆေးဝါးများ၊ ထုတ်လုပ်ခွင့်လိုင်စင်မရှိသောဆေးဝါးများ၊ စံမညီဆေးဝါးများ၊ ပျက်စီးဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် ဆေးဝါးများရောင်းချမှုမရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးပြီး ပြည်သူများဥပဒ်ဖြစ်စေမည့်ဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်း ကျန်ရှိသောဆေးဆိုင်များကိုလည်း လစဉ်လတိုင်း ကွင်းဆင်းစစ်ဆေး၍ အသိပညာပေး ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ်မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် အားပေးပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်း အမှတ် ခရေပင်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ကံ့ကော်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များကို သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု



များ၏ ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ ကို စိုက်ပျိုးပေးခဲ့သည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်း ၄၃၀၀၂၇ ပင်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(မြဝတီ)**



# ကမ္ဘာကျော်ဂုတ်ထိပ်တံတား နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီး နယ်မြေလုံခြုံရေး၊ မှုခင်းကျဆင်းရေး နှင့် တရားဥပဒေစိုးမိုးရေးအတွက် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ဖွဲ့ခွဲ(မန္တလေး)မှ ဇူလိုင် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မြငွေးသည် အမှတ်(၄)တပ်ခွဲမှူး ဒုတိယရဲမှူးအောင်ဇော်ဦး နှင့်အတူ ဂုတ်ထိပ်တံတားသို့ရောက်ရှိပြီး တံတား လုံခြုံရေးတာဝန်ကျ အမှတ်(၅)တပ်ခွဲ တပ်စု(၃)မှ တပ်စုမှူး ရဲအုပ်ဇော်မင်းဦးစီးတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ တံတား လုံခြုံရေး၊ ရဲစခန်းလုံခြုံရေး၊ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး၊ စည်းကမ်းကောင်းမွန်ရေးနှင့် စည်းလုံးညီညွတ်ရေး စသည့် တို့ကို တွေ့ဆုံမှာကြားခဲ့သည်။

ထို့နောက် ယာယီဒုတိယရဲမှူးကြီးမြငွေးသည် ဂုတ်ထိပ် တံတားကြီးသို့ လာရောက်လည်ပတ်ကြသည့် ပြည်သူလူထု များနှင့်တွေ့ဆုံကာ မှုခင်းအသိပညာပေးခြင်း၊ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထုက ဝိုင်းဝန်း ကူညီပေးကြရန် ဆွေးနွေးပြောကြားပြီး မြန်မာ့ရထား လုပ်ငန်းဥပဒေလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ သည်။

"တံတားကြီးကို လာရောက်လည်ပတ်တဲ့ ပြည်သူတွေ ကလည်း ထုတ်ပြန်ထားတဲ့စည်းကမ်းချက်တွေကို လိုက်နာပြီး အမှိုက်စွန့်ပစ်ခြင်းတွေကိုလည်း စနစ်တကျပြုလုပ်ပေး ခြင်းဖြင့် တံတားကြံ့ခိုင်မှုနဲ့ ပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပဖို့ကို အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီးမြငွေးက ပြောကြားခဲ့သည်။

ဆက်လက်၍ ဂုတ်ထိပ်တံတားမှ နောင်ချိုမြို့သို့ ပြန်လည်ထွက်ခွာ၍ နောင်ချိုဘူတာရှိ ရထားရဲတပ်ဖွဲ့ တပ်ခွဲ(၅) တပ်စု(၃)(နောင်ချို)သို့ ရောက်ရှိပြီး တပ်ဖွဲ့ဝင် များနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်ထား မှုများကို လိုက်လံစစ်ဆေးသည်။ မြန်မာ့မီးရထား(ပြင်ဦးလွင်) ဘူတာသို့ ဆက်လက်ထွက်ခွာ၍ အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေးရထားပေါ်ရှိ ရထားစီးခရီးသည်များနှင့် တွေ့ဆုံပြီး မီးရထားလုပ်ငန်းဥပဒေ(၂၀၁၆)လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **(အောင်ရဲသွင်)**

# မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မုဒုံ ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မုဒုံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကျေးရွာများ ဖြစ်သည့် ကော့ခိုက်ကျေးရွာ၊ ကျောက်တစ်လုံးကျေးရွာနှင့် ဒိုးမား ကျေးရွာများသို့ တစ်ရွာလျှင် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်တွင် ကျောက်တစ်လုံး ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင် က စီမံကိန်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းတင်ပြရာ ကျေးရွာလူထု ကလည်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးပွား သည့်လုပ်ငန်းများ ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြား သည်။

**(ကြေးမုံ)**

# ခုံသမာဓိကောင်စီ ရွေးချယ်ပွဲနှင့်စပ်လျဉ်းပြီး ပွင့်လင်းမြင်သာမှုမရှိခြင်းအတွက် အခြေခံအလုပ်သမားအဖွဲ့အစည်းများ ဆန္ဒဖော်ထုတ်

**ရန်ကုန် ဇူလိုင် ၃၁**

ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့အလုပ်သမား ကိုယ်စားလှယ်ရွေးချယ်ပွဲနှင့် စပ်လျဉ်းပြီး ပွင့်လင်းမြင်သာမှု မရှိခြင်း၊ တရားမျှတမှုမရှိခြင်း၊ အားလုံးပါဝင်ခွင့်မရရှိခြင်း အတွက် အခြေခံအလုပ်သမားအဖွဲ့အစည်းများက ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

"ခုံသမာဓိကောင်စီနဲ့ တိုင်းဒေသကြီးခုံသမာဓိကိုယ် စားလှယ် ရွေးချယ်ပွဲနဲ့ပတ်သက်ပြီး အခြေခံအလုပ်သမား အဖွဲ့အစည်းတွေစုပြီး ဆန္ဒဖော်ထုတ်တာပါ။ ဆန္ဒဖော်ထုတ် ဖို့အတွက် သက်ဆိုင်ရာမြို့နယ်ရုံးတွေမှာ ခွင့်ပြုချက်ရယူ ခဲ့ပါတယ်"ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သည့် မလှလှက ပြောသည်။

ဇူလိုင် ၈ ရက်က ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲနှင့် ဇူလိုင် ၁၂ ရက်က ခုံသမာဓိကောင်စီ အလုပ်သမား ကိုယ်စားလှယ်ရွေးချယ်ပွဲတို့တွင် ပွင့်လင်းမြင်သာမှုမရှိခြင်း အတွက် ဆန္ဒပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ် ရာတွင် ပါဝင်သည့် အလုပ်သမားများထံမှ သိရသည်။

ခုံသမာဓိကောင်စီအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေကြီး ဦးငွေးက "အလုပ်သမားတွေ စည်းကမ်းတကျ ဥပဒေအရ ဖြစ်စေဖို့ လိုက်ပါကြပ်မတ်ပေးတာပါ။ ခုံသမာဓိကောင်စီ ရွေးချယ်ပွဲက ကျွန်တော်တို့တောင် မသိလိုက်ရဘူး။ အဓိက လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း ပြဿနာ တွေပေါ့၊ အားလုံးပါဝင်အောင် ပြန်လည်ရွေးချယ်ပေးသင့် တယ်။ ဒါမှ မှန်ကန်တဲ့ရွေးချယ်ပွဲဖြစ်မှာ၊ တစ်ဖက် ကလည်း ပွင့်လင်းမြင်သာစွာလုပ်ဖို့လိုအပ်တယ်"ဟု ပြော သည်။

ခုံသမာဓိကောင်စီကို အလုပ်ရှင်ကိုယ်စားလှယ် ငါးဦး၊ အလုပ်သမားကိုယ်စားလှယ် ငါးဦး၊ အစိုးရကိုယ်စားလှယ် ငါးဦးဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ကာ နှစ်နှစ်တစ်ကြိမ် ရွေးချယ်ခဲ့ကြောင်း၊ ယခုနှစ် ဇူလိုင် ပထမပတ်တွင် ရွေးချယ်ခဲ့သည့် ခုံသမာဓိကောင်စီရွေးချယ်ပွဲသည် တတိယ အကြိမ်မြောက် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုဖြစ်တဲ့ ပြဿနာက ခုံသမာဓိကောင်စီ ရွေးချယ် ဖို့အတွက် အစည်းအဝေးဖိတ်ကြားရာက စတဲ့ ပြဿနာ ပါ။ အစည်းအဝေးဖိတ်စာတွေက အခြေခံအလုပ်သမားအဖွဲ့ အစည်းတွေဆီကို ဖိတ်စာရောက်မလာဘူးလို့ သိရတယ်" ဟု အလုပ်သမားရေး လှုပ်ရှားသူ ဦးအောင်လင်းက ပြောသည်။

ယနေ့ပြုလုပ်သည့် ဆန္ဒဖော်ထုတ်ပွဲကို အလုပ်သမား အင်အား ၅၀၀ ခန့်ဖြင့် ဗန္ဓုလပန်းခြံရှေ့မှစတင်ကာ ဗန္ဓုလလမ်းမှ ပန်းဆိုးတန်းလမ်း၊ ကုန်သည်လမ်း၊ ဆူးလေ ဘုရားလမ်းမှတစ်ဆင့် ဗန္ဓုလပန်းခြံရှေ့တွင် ဆန္ဒဖော်ထုတ်ရန် စီစဉ်ထားသော်လည်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှ တာမွေမြို့နယ် မြင်းပြိုင်ကွင်းတွင်သာ ခွင့်ပြုခဲ့သဖြင့် မြို့တော်ခန်းမရှေ့တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



## မန်းရတနာပုံ လေကြောင်းလိုင်းမှ ခန္တီးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ခန္တီး ဇူလိုင် ၃၁**

မန်းရတနာပုံလေကြောင်းလိုင်းမှ ခန္တီးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခန္တီးမြို့လေဆိပ် ဧည့်ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ မန်းရတနာပုံလေကြောင်းလိုင်းမှ အမှုဆောင် အင်ဂျင်နီယာချုပ် ဦးအုန်းမြင့်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းရာ ခန္တီးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ စစ်ဗျူဟာအဖွဲ့(အခြေချ)ခန္တီးမြို့မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းမင်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်နှင့် မြို့နယ်ရေဘေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ယနေ့လှူဒါန်းပွဲ အခမ်းအနားတွင် မန်းရတနာပုံလေကြောင်းလိုင်းအနေဖြင့် ခန္တီးခရိုင်အတွက် ငွေကျပ်သိန်း ၂၀၊ စစ်ဗျူဟာအဖွဲ့(အခြေချ)ခန္တီးအတွက် ငွေကျပ်သိန်း ၂၀၊ ပေါမိုင်းရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ ဝေနေယျပါလ လူမှုကူညီရေးအသင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများဖြစ်သည့် ငါးသေတ္တာ ဖာ ၁၀၀၊ ခေါက်ဆွဲခြောက် ခြောက်ဖာတွဲ ၃၃ တွဲ၊ ကွေကာနှစ်ဖာ၊ ရိုးရိုးခါတ်ဆားထုပ်နှစ်အိတ်၊ သီးစုံခါတ်ဆားထုပ် တစ်အိတ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး(ခရိုင်ပြန်/ဆက်)**



## (၂၁)ရာစုပင်လုံညီလာခံ ထောက်ခံကြိုဆိုပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇူလိုင် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးကို ပြည်သူများက ထောက်ခံကြိုဆိုသောအားဖြင့် လမ်းလျှောက် ချီတက်မှုကို ဇူလိုင် ၃၁ ရက်က မန္တလေးမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ပင်လုံညီလာခံဟာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးအတွက် အလွန်ကို အရေးကြီးပါတယ်။ နိုင်ငံသားအားလုံး လိုချင်နေတဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းယူဆောင်ပေးနိုင်တဲ့အထိ လုပ်ငန်းစဉ်ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခုလိုထောက်ခံကြိုဆိုလမ်းလျှောက်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု လမ်းလျှောက်ချီတက်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။

အဆိုပါလမ်းလျှောက်ချီတက်မှုကို ကိုးရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ပထမနေ့လမ်းလျှောက်ခြင်းကို နိုင်ငံရေးအင်အားစုများမှဦးဆောင်၍ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် မဟာမုနိဘုရားကြီးအရှေ့မုခ်ပေါက်ဝမှစတင်၍ မင်္ဂလာမန္တလေးအထိ တစ်နာရီခန့်ပြုလုပ်ခဲ့သည်။

"မန္တလေးမြို့နေရာအနှံ့ နေ့စဉ်နေရာမထပ်ဘဲ ကိုးရက်လုံးလမ်းလျှောက်ခြင်းကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ ပြည်သူတွေအနေနဲ့ ပါဝင်ချင်လည်း ကိုယ်တိုင်ပါဝင်လို့ရပါတယ်။ ဒီနေ့ကတော့ ပုသိမ်ကြီးမြို့နယ်က တောင်သူလယ်သမားတွေနဲ့ လမ်းလျှောက်ခြင်းကို ပြုလုပ်ခဲ့တာပါ"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လမ်းလျှောက်ပွဲတွင် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းစစ် ချုပ်ငြိမ်းရပ်စဲရေးနှင့် (၂၁)ရာစုပင်လုံအောင်ရမည်ဟု ကြွေးကြော်သံလေးချက်ဖြင့် လူအင်အား ၅၀ ခန့်ပါဝင်ခဲ့ကာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ကိုးရက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ထန်ခေါ်လန်မကျေးရွာတွင် ကူးစက်ရောဂါဖြစ်ပွား

**လဟယ် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်နောက်ကုန်းအုပ်စု ထန်ခေါ်လန်မကျေးရွာတွင် ဇွန်လပထမပတ်မှစ၍ ဖျားနာခြင်း၊ မျက်စိနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောစသောရောဂါနှင့် အခြားရောဂါများကြောင့် ကလေးငယ်များနှင့် လူကြီးအချို့ သေဆုံးလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် အခင်းဖြစ်ရာကျေးရွာသို့ ကားရော်နောက်ညှု ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဆွေဆွေအောင်အား ကွင်းဆင်းကုသရန် စေလွှတ်ခဲ့သည်။

သို့သော်လည်း လူနာများပြားခြင်း၊ အနီဖုထွက်ခြင်း ရောဂါလက္ခဏာများဖြစ်ပွားခြင်း၊ သွေးအန်၍ သေဆုံးခြင်းများဖြစ်ပေါ်နေကြောင်း သိရသဖြင့် နာဂဦးစီးအဖွဲ့ဝင် ဦးကာစီရန်းဦးဆောင်သော လဟယ်မြို့နယ် တိုက်နယ်ဆရာဝန် ဒေါက်တာကျော်စံဝင်း၊ ကျန်းမာရေးမှူး ဦးမျိုးသန့်၊ ခါတ်ခွဲမှူး ဦးအောင်မျိုးထက်တို့သည် ဇူလိုင် ၂၄ ရက်တွင် လဟယ်မြို့မှအခင်းဖြစ်ရာကျေးရွာသို့ သွားရောက်ကုသပေးခဲ့သည်။

အဆိုပါကျေးရွာတွင် လူနာပေါင်း ၁၆၂ ဦးကို ကွင်းဆင်းကုသပေးခဲ့ပြီး သေဆုံးသူ ၁၈ ဦးရှိရာ အသက်(၂၂) နှစ်မှ (၉၄) နှစ်ကြား ငါးဦး၊ ကလေးငယ် (၁)နှစ်မှ (၁၂)နှစ်ကြား ၁၃ ဦးဖြစ်ကြောင်း လဟယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**လဟယ်(ပြန်/ဆက်)**

**○ ကျောဖုံးမှ**

အသင်းကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမရရှိမည်ဖြစ်သောကြောင့် ထိန်းကစားခဲ့သည်။ ပွဲအစပိုင်းတွင် ဩစတြေးလျအသင်း ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းက ဩစတြေးလျအမှားစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ မိနစ် ၃၀ နောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်ကစားပုံကောင်းလာပြီး ၄၁ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ တိုက်စစ်မှူး ခင်မိုးဝေက အဝေးမှ လှလှပပကန်သွင်းယူသွားခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဩစတြေးလျအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မြန်မာအသင်းမှာလည်း ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၇၀ ကျော်အထိ ဩစတြေးလျတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ၇၄ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ တောင်ပံဖြတ်တင်ပေးသောဘောလုံးကို မြန်မာဂိုးသမား မြဖူးငုံကာကွယ်ရာမှ ပြန်လျှံကျလာသည်ကို မာလီနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဩစတြေးလျအသင်းက သရေရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ညနေ ၃ နာရီတွင်ကစားသည့် ပထမပွဲတွင် မလေးရှားအသင်းက တီမောအသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် ဩစတြေးလျနှင့် အိမ်ရှင်မြန်မာအသင်းတို့ ခုနစ်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ဩစတြေးလျယူ-၂၀ အသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနေရာရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာ၊ ဩစတြေးလျ ယူ-၂၀ နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ညောင်လေးပင်မြို့နယ် ကျဘန်းကျေးရွာ၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ညောင်လေးပင် ဇူလိုင် ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျဘန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက မြေငှားဂရန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ထံသို့ ကျေးရွာမြေငှားဂရန်စာချုပ်များ ပေးအပ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် ကျဘန်းကျေးရွာမှ မြေငှားဂရန်ရရှိသူ အိမ်ထောင်စု ၁၀၁ ဦးထံသို့ ကျေးရွာမြေငှားဂရန်များကို တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၆၈)**

ဥတုရာသီ တောကိုမှီ၏

## မိုးရေချိန်စံချိန်သစ်များ

**နေပြည်တော် ဇူလိုင် ၃၁**

ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ဆင်ဖြူကျွန်း | ၁၀၃ | ၄. ၀၆ | ၇၅ | ၂. ၉၅ | ၂၂. ၇. ၁၉၈၁ | ၄၃ |
| ၂။ | မင်းဘူး | ၈၅ | ၃. ၃၅ | ၇၄ | ၂. ၉၁ | ၁၁. ၇. ၁၉၇၃ | ၅၂ |
| ၃။ | မကွေး | ၈၀ | ၃. ၁၅ | ၆၇ | ၂. ၆၄ | ၂၆. ၇. ၂၀၀၆ | ၄၃ |
| ၄။ | မြင်းခြံ | ၇၉ | ၃. ၁၁ | ၆၀ | ၂. ၃၆ | ၁၂. ၇. ၂၀၀၆ | ၄၈ |

**(ကြေးမုံ)**



## တောင်သာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ နှစ်စဉ်ပုံမှန်ဝင်ရောက်

**တောင်သာ ဇူလိုင် ၃၁**

တောင်သာမြို့နယ်အတွင်း ယခုလို ဝါဆိုလ၊ ဝါခေါင်လများတွင် ဧရာဝတီမြစ်ရေ နှစ်စဉ်ပုံမှန်မြင့်တက်မှုကြောင့် သာယာအေးကျေးရွာ၊ ကျွန်းကြီး(မ)ကျေးရွာ၊ ကျွန်းကြီး(တ)ကျေးရွာ၊ ရဘဲကျေးရွာ၊ ရွာလေးကုန်းကျေးရွာ၊ အောင်ဇမ္ဗူကျေးရွာ၊ ဆင်မင်းကျေးရွာ၊ ငါးပင်စင်ကျေးရွာများရှိ ဒေသခံပြည်သူများသည် နီးစပ်ရာစွန်ကန်တာပေါင်နှင့် ဘုန်းတော်ကြီးကျောင်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။

ရွာလေးကုန်းကျေးရွာအနီးရှိ စွန်ကန်တာပေါင်နှင့် မာလာကျေးရွာဘုန်းတော်ကြီးကျောင်းတို့တွင် ကွပ်ကဲမှုရုံးများနှင့် ယာယီစခန်းများဖွင့်လှစ်လျက်ရှိသည်။ ယင်းယာယီစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယာယီဆေးခန်းများ ဖွင့်လှစ်ပေးထားသည်။

ယနေ့ တောင်သာမြို့၏ ဧရာဝတီမြစ်ရေ တက်ရောက်မှုမှာ ၁၀၅ ဒသမ ၉ ပေ (၁၁၄၀ ဒသမ ၄၆ စင်တီမီတာ) ဖြစ်ပြီး တောင်သာမြို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေအမှတ်မှာ ၁၀၇ ပေဖြစ်ကြောင်း သိရပြီး ယနေ့အထိ အိမ်ခြေပျက်စီးခြင်းမရှိကြောင်း၊ လူ၊ တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရသည်။

**တောင်သာ(ပြန်/ဆက်)**

# ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် International Trade Weekend Course Batch (1) သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် International Trade Weekend Course Batch (1) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၅၅ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည် ဖြစ်သည်။

ထို့နောက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝေဇယန္တာလမ်းမနှင့် ဂန္ဓာမာလမ်းထောင့်ရှိ Gandamar Hold Sale ဝင်းအတွင်းရှိ ရွှေဂန္ဓာမာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေရေး ကြေးရေး အဖွဲ့အစည်းများနှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာခြင်းအပေါ် များစွာတည်မှီနေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းဆောင်ရွက်ရာတွင် အဓိကနေရာတွင်ရှိသော နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့်လည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဘဏ်လုပ်ငန်းများအနေဖြင့် ငွေအပ်နှံသူ (Customer) များ၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ်အနေဖြင့် Domestic Banking လုပ်ငန်းများ၊ Loan၊ Hire Purchase လုပ်ငန်းများကို လည်းကောင်း၊ International Banking Business များကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာပတိ မြန်မာနိုင်ငံသားများဘဏ် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများ၊ ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များ၊ ဒါရိုက်တာအဖွဲ့၏ အမည်စာရင်းများအား အစီအစဉ်အတိုင်းဆက်လက်လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန
ပညာရေးမြင့်တင်မှု အကောင်အထည်ဖော်ရေးနိုးနှောပလှယ်ပွဲ
(ဆရာအတတ်ပညာကဏ္ဍ)

(၄-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ အထိ)

အားကစားရွာ၊ Community Zone, Gold Camp ၊ နေပြည်တော်

# သရက်မြို့ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် ကျေးရွာမြေငှားဂရန် ပေးအပ်

**သရက် ဇူလိုင် ၃၁**

သရက်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက ရွာသစ်ကျေးရွာ ရွာလယ်မွှာရုံတွင် ကျင်းပရာ မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရွာသစ်ကျေးရွာ အိမ်ထောင်ဦးစီးများထံသို့ မြေကွက် ၈၇ ကွက်ရှိ (၇ ဒသမ ၈၆ ဧက)အတွက် မြေငှားဂရန်များ ထုတ်ပေးခဲ့ပြီး ရပ်မိရပ်ဖ ဦးစောမြင့်သိန်းက ကျေးရွာ၏ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့သည်။

အလားတူ အောင်လံမြို့နယ်တွင် ပိတောက်ကုန်းကျေးရွာ၊ မင်းတုန်းမြို့နယ်တွင် ဇီးတောကျေးရွာ၊ ကံမမြို့နယ်တွင် ကဇင်းကြီးကျေးရွာ၊ မင်းလှမြို့နယ်တွင် ပြည်စိုးကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မကြီးစမ်းကျေးရွာတို့ကို စိစစ်ရွေးချယ်၍ အိမ်ထောင်ဦးစီးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# နန့်ရင်းချောင်းဆည်ရေတံခွန်တွင် အပန်းဖြေ လေ့လာသူများဖြင့် စည်ကားလျက်ရှိ၊ အသစ်ပြန်လည်ပြုပြင်ရန်လိုအပ်

**မိုးညှင်း ဇူလိုင် ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ နန့်ရင်းချောင်းဆည်ရေတံခွန်တွင် အပန်းဖြေ၊ လေ့လာသူများဖြင့်နေ့စဉ် စည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက နန့်ရင်းချောင်းဆည်ရေတံခွန်ကို အပန်းဖြေ လေ့လာသူ၊ ပျော်ပွဲစားခရီးသွားသူတွေ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ အနယ်နယ်အရပ်ရပ်က လာရောက်လည်ပတ်ကြသူတွေ နေ့စဉ်အယောက် ၁၀၀ မှ ၂၀၀ အထိရှိပါတယ်။ ဝါတွင်းကာလ အဖိတ်၊ ဥပုသ်ရက်တွေ အာဇာနည်နေ့လို ကျောင်းပိတ်ရက်တွေမှာ အပန်းဖြေလေ့လာကြသူတွေ ၃၀၀ခန့်အထိရှိပါတယ်။ တကယ်ပျော်စရာလည်း ကောင်းပါတယ်"ဟု ဆယ်မိုင်ရွာသစ်မှ ကိုအောင်လင်းက ပြောသည်။



"ဆည်အမျိုးအစားက သစ်သားတုတ်ရိုက်ဆည်ပါ။ ဒီဆည်ကြီးကို အာရ်စီကွန်ကရစ်ဆည်အဖြစ် ပြန်လည်ပြုပြင်ဖို့ ကချင်ပြည်နယ်အစိုးရ ဘတ်ဂျက်ငွေချထားပေးမယ့် ခွင့်ပြုမိန့်လည်းရထားပါပြီ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ ဆည်တည်ဆောက်ပြီးစီးပါက ဆယ်မိုင်ရွာသစ်မှ ဒေသခံတောင်သူများ၏ စပါးစိုက်ဧက ၁၀၀၀ ကျော်ကို ကောင်းစွာဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ အလျားပေ ၂၀၀ ပေခန့်၊ အမြင့် ငါးပေခန့်ရှိပြီး ချောင်း၏ အောက်ခြေကြမ်းပြင်မှာ ကျောက်အမာခံရှိကြောင်း၊ ဆည်၏ အောက်ခြေတွင် ပေ ၄၀ ပတ်လည်ရှိ တစ်ဆင့်ကျ ရေတံခွန်ရေကန်ကြီး တည်ရှိနေသဖြင့် အပန်းဖြေ လေ့လာကြသူများအတွက် ဆွဲဆောင်မှုများရှိနေသောကြောင့် အဆိုပါနန့်ရင်းချောင်းဆည်ရေကာတာ ရေတံခွန်ကို စနစ်တကျ ပြန်လည်မွမ်းမံပြုပြင်သင့်ကြောင်း ဒေသခံများထံမှ သိရသည်။ **နီတိုး (မော်လူး)**

# ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပထမနေရာမှ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက်ကို ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကမ္ဘောဇဘဏ်လီမိတက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာတွင် "၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမအများဆုံးထမ်းဆောင်ခဲ့သော မြန်မာကုမ္ပဏီ Kanbawza Bank Ltd. သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့် အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်"ဟု ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် ပထမနေရာအား ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ လေးနှစ်ဆက်တိုက် လက်ခံရရှိခဲ့ကြောင်း ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၆ ဒသမ ၀၁၅၃၉၇ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၁၀ ဒသမ ၈၂၇၇၀ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၁၇ ဒသမ ၀၆၂၆၆ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၂၂ ဒသမ ၀၁၃၆၁ ဘီလီယံတို့ကို ပေးဆောင်ခဲ့ကြောင်း ထို့အပြင်၂၀၁၅-၂၀၁၆ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၂၂ ဒသမ ၉၅၉၈၃ ဘီလီယံ နှင့် ၂၀၁၆-၂၀၁၇ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၂၈ ဘီလီယံတို့ကို ကြိုတင်ခွန်ပေးသွင်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၃၂ ဘီလီယံကျော်အား ပေးသွင်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲပေါင်း ၄၀၀ ကျော်၊ ATM စက်ပေါင်း ၆၀၀ ကျော်၊ ဝန်ထမ်းစုစုပေါင်း ၁၇၀၀၀ ကျော်ဖြင့် နိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ ဘဏ်လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (KBZ Brighter Future Myanmar Foundation-BFM) ကိုတည်ထောင်၍ မြန်မာနိုင်ငံအတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်စောင့်ရှောက်ရေး၊ Water Project နှင့် အခြားပရဟိတလုပ်ငန်းများအတွက် စုစုပေါင်း ကျပ်ငွေ ၁၀၅ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(၀၁၀)**

# ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ သုံးတိုင်ကျေးရွာကို မူးယစ်ဆေးဝါးကင်းစင်ကျေးရွာအဖြစ်သတ်မှတ်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကြာအင်းရွှေဒိုးကျေးရွာအုပ်စုမှ သုံးတိုင်ကျေးရွာသည် မူးယစ်ဆေးဝါးရောင်းချသူနှင့် သုံးစွဲသူကင်းစင်သည်ကို စုံစမ်းသိရှိရသည့်အတွက် သက်ဆိုင်ရာက မူးယစ်ဆေးဝါးကင်းစင်ကျေးရွာအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ယင်းကျေးရွာဗုဒ္ဓဇရိပ်ဘုန်းတော်ကြီးကျောင်း မုခ်ဝအနီးရှိ စာကြည့်တိုက်ရှေ့တွင် သုံးတိုင်ကျေးရွာအား မူးယစ်ဆေးဝါးကင်းစင် ကျေးရွာဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောပြသည်။

သုံးတိုင်ကျေးရွာသည် မူးယစ်ဆေးဝါးရောင်းချသူနှင့် သုံးစွဲသူကင်းစင်သည့်သတင်းအရ ကြာအင်းဆိပ်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးကာ ဇူလိုင် ၁၇ နံနက် ၁၀ နာရီခန့်က ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ရွာသူ ရွာသား ၅၀ ခန့်နှင့် သုံးတိုင်ကျေးရွာရှိ ဗုဒ္ဓဇရိပ်ဘုန်းတော်ကြီးကျောင်းတွင်တွေ့ဆုံပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စများကို ဟောပြောဆွေးနွေးကာ သုံးတိုင်ကျေးရွာအား မူးယစ်ဆေးဝါးကင်းစင်ကျေးရွာအဖြစ် သတ်မှတ်နိုင်ရန် ဆွေးနွေး၍ ကျေးရွာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် သုံးတိုင်ကျေးရွာ ဗုဒ္ဓဇရိပ်ဘုန်းတော်ကြီးကျောင်းဝင်းအနီး၌ မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲပြုလုပ်ခဲ့ရာ တက်ရောက်သူ ၁၀၀ ခန့်မှ မူးယစ်ဆေးဝါးဆန့်ကျင်သည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြွေးကြော်သံများဖြင့် နံနက် ၉ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် သုံးတိုင်ကျေးရွာ ဗုဒ္ဓဇရိပ်ဘုန်းတော်ကြီးကျောင်း မုခ်ဝအနီးရှိ စာကြည့်တိုက်ရှေ့တွင် သုံးတိုင်ကျေးရွာအား မူးယစ်ဆေးဝါးကင်းစင်ကျေးရွာ ဆိုင်းဘုတ်စိုက်ပွဲအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ ဗုဒ္ဓဇရိပ်ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဉာဏ်ဇ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဓမ္မစကူးကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့မ ရဲစခန်းမှူး ဒု-ရဲမှူးသိန်းထွန်းက ပြောသည်။

**ဇာဏီအောင်(လားရှိုး)**

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

# မိုးရွာပြီး ငါးနာရီကြာသည်အထိ ရေကြီးနေ၍ ဘုရင့်နောင်ပွဲရုံအချို့ အချိန်စော၍ ပိတ်



**ရန်ကုန် ဇူလိုင် ၃၁**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နား စခန်းဝင်းအတွင်း ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲရုံဝင်းအတွင်းရှိ လမ်းသွယ်များရှိ ပွဲရုံတိုက်ခန်းရှေ့တွင် ကားလမ်းအထိရောက်လုနီးပါး ရေဖုံးလွှမ်းခဲ့သည်။ ဇူလိုင် ၂၂ ရက် ညနေ ၆နာရီတွင် ရန်ကုန်မြစ်ရေ မြင့်တက်မှုကြောင့် ကံ့ကော်လမ်းမကြီးနှင့် စိန်ပန်းလမ်း၊ ကံ့ကော်လမ်းသွယ် (၁)ဆုံရာနေရာတို့တွင် ရေဖုံးလွှမ်းနေပြီး ကံ့ကော်လမ်းမကြီးတွင် ရေကျော်မှုရှိခဲ့သည်။

သို့သော် ဇူလိုင် ၂၉ ရက် မိုးသည်းစွာရွာသွန်းမှုတွင် မြစ်ရေမြင့်တက်စဉ်ကဲ့သို့ ကံ့ကော်လမ်းမပေါ် ရေလျှံမြင့်တက်ခြင်းမရှိသည်ကို တွေ့ရသည်။ ပွဲရုံဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ဆောင်မှုများ အားနည်းနေသဖြင့် မိုးရွာသွန်းပြီး ငါးနာရီဝန်းကျင်ကြာသည်အထိ အောင်သပြေ၊ ရေတမာ၊ ငုဝါ၊ စိန်ပန်းလမ်းသွယ်ရှိ ပွဲရုံတိုက်ခန်းရှေ့များနှင့် ပွဲရုံတချို့တို့တွင် ရေများဖုံးလွှမ်းနေသည်ကိုမြင်တွေ့ခဲ့ရသည်ဟု ယင်းလမ်းသွယ်များရှိ လုပ်ငန်းရှင်များက ပြောသည်။

ရေတမာလမ်းသွယ်တွင် လမ်းတစ်ဖက်တစ်ချက်စီတွင် ရေဖုံးလွှမ်းနေပြီး ပွဲရုံအချို့တွင် ကုန်ပစ္စည်းများပျက်စီးမှုရှိသည်ကို မြင်တွေ့ရသည်။ ယင်းသို့ရေများဖုံးလွှမ်းနေမှုကြောင့် ပွဲရုံတချို့ မွန်းလွဲ ၂ နာရီဝန်းကျင်မှစ၍ အချိန်စော၍ အလုပ်သိမ်းသည်ကို ယင်းလမ်းသွယ်များတွင် မြင်တွေ့လာရသည်။

မိုးရွာသွန်းသည့် နံနက်ပိုင်းတွင် နောက်ဘက်လမ်းကြားများတွင် ရေစီးဆင်းမှုမရှိ၍ ရေဆိုးရေညစ်များပါ မြင့်တက်လာပြီး ပွဲရုံအချို့အတွင်းသို့ ဝင်ရောက်မှုရှိသည်ဟု ရေတမာလမ်းသွယ်ရှိ ကြက်သွန်၊ အာလူးပွဲရုံ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်အများအပြားတွင် ကန်ထရိုက်စနစ်ဖြင့် သက်ဆိုင်ရာမှ ငွေကျပ်တစ်ဘီလီယံအကုန်အကျခံဆောင်ရွက်မှု ဇွန်လအတွင်းက ရှိခဲ့သည်။ မရမ်းကုန်းမြို့နယ်အတွက် သက်ဆိုင်ရာမှ ရေစီးရေလာကောင်းမွန်ရေးခွင့်ပြု ငွေရရှိခဲ့သော်လည်း ဘုရင့်နောင်ပွဲရုံဝင်းအတွက် ပါဝင်လုပ်ဆောင်မှု မပါရှိခဲ့ကြောင်း သိရသည်။

သန့်ရှင်း၊ လုံခြုံ၊ ယာဉ်ရှင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ငန်းရှင် တစ်ဦးစီထံမှ တစ်နှစ်လျှင် ငွေကျပ် ၂၀၀၀၀ စီကောက်ခံမှုရှိသော်လည်း လုပ်ဆောင်ရာတွင် အားနည်းနေမှုကြောင့် ဘုရင့်နောင်ပွဲရုံသည် ယာဉ်ပိတ်ဆို့ခြင်းနှင့် ရေကြီးရေလျှံခြင်း၊ ခြင်အန္တရာယ်ခံစားရခြင်းတို့နှင့် ယှဉ်တွဲ၍ အမှတ်အသား သင်္ကေတတစ်ခုသဖွယ်ဖြစ်နေသည်ဟု ပွဲရုံဝင်းနေ လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ရန်ကုန်မြို့တွင်းနှင့် တစ်ပြေးညီ ဘုရင့်နောင်ပွဲရုံဝင်းတွင် ယာဉ်ပိတ်ဆို့မှုများဆက်လက်ဖြစ်ပေါ်နေလျက်ရှိသည်။ ရေကြီးရေလျှံဖြစ်ပေါ်မှုတွင်မူ ရန်ကုန်မြို့တွင်း မိုးသည်းစွာရွာသွန်းပြီး အချိန်အနည်းငယ်အတွင်း လမ်းများပေါ် ရေလျှံခြင်းမှ ပြန်လည်ကျဆင်းမှုရှိလာပြီဖြစ်သော်လည်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းမူ နာရီပေါင်းများစွာကြာသည်အထိ ရေများပြန်လည်စီးဆင်းနိုင်မှုမရှိ၍ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လုပ်ကိုင်သူများ အနေဖြင့် ယာဉ်ပိတ်၊ ရေလျှံဖြစ်စဉ်များ ကြုံတွေ့ရသည့် ရက်ပိုင်းများတွင် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရရာ သက်ဆိုင်ရာမှ ဦးစားပေးပြုပြင်ဆောင်ရွက်ပေးစေလိုသည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

**(မောင်စေအောင်)**

# စေတုတ္တရာ-စလင်း ပဇောချောင်းတံတား ချောင်းရေတိုက်စား၍ ပြိုကျပျက်စီး

**စေတုတ္တရာ ဇူလိုင် ၃၁**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စေတုတ္တရာ-စလင်းကားလမ်း မိုင်တိုင် အမှတ်(၃၂/၂)နှင့် (၃၂/၃) ကြား(မကြီးစုရွာနှင့် ညောင်အိုင်ရွာအကြား) အရှည်ပေ ၄၀ ရှိ ပဇောချောင်းတံတားနှင့် ကတ္တရာလမ်း ပေ ၄၀ တို့သည် ချောင်းရေ တိုက်စားကာ ပြိုကျပျက်စီးခဲ့၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်။

အဆိုပါ တံတားနှင့်လမ်းပျက်စီးသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးစောထူးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက သွားရောက်၍ ပျက်စီးသွားသော တံတားနှင့် လမ်းတို့ကို အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# ဧရာဝတီမြစ်ရေအတက်ကြမ်းမှုကြောင့် ရွှေပြည်-တောင်အင်း-ထုံးကြီး လမ်းမကြီး ရေဖုံးလွှမ်းပျက်စီး

**စဉ့်ကူး ဇူလိုင် ၃၁**

စဉ့်ကူးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးတို့အတွက် မြစ်ရေဝင်ကျွန်းပိုင်းကျေးရွာများနှင့် ကုန်းပိုင်းမြို့၊ ရွာများကို ပေါင်းကူးဆက်သွယ်ထားသည့် အရှည်သုံးမိုင် ငါးဖာလုံရှိ ရွှေပြည်-တောင်အင်း-ထုံးကြီး လမ်းမကြီးမှာ ဇူလိုင် ၂၈ ရက်မှစ၍ ယခင်နှစ်များနှင့်မတူ ထူးကဲစွာ မြစ်ရေ အတက်ကြမ်းမှုကြောင့် ရွှေပြည်-တောင်အင်းကြား တံတားခြောက်စင်း ရေတိုက်စားပျက်စီးမှု ဖြစ်ပေါ်ခြင်းနှင့် တောင်အင်း-ထုံးကြီးကြားလမ်းပိုင်းများတွင် ရေဖုံးလွှမ်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ နယ်မြေရဲစခန်းနှင့် မြေနိမ့်ပိုင်း လူနေအိမ်များတွင် ရေဝင်ရောက်ခဲ့သဖြင့် သွားလာနေထိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေး အခက်အခဲများရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘချစ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရေဝင်ရောက်ခဲ့သည့် ကျေးရွာမှပြည်သူများ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ကာ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင် (စဉ့်ကူး)**

# စစ်ကိုင်းမြို့ အနိမ့်ပိုင်းရပ်ကွက်တချို့နှင့် နောက်ကြည့်ကျွန်းကျေးရွာ ရေများဝင်ရောက်

**စစ်ကိုင်း ဇူလိုင် ၃၁**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယမန်နေ့အချိန်ထိ ဆက်လက်မြင့်တက်လျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၁၉၂ စင်တီမီတာသို့ ရောက်ရှိနေပြီး အနိမ့်ပိုင်းရပ်ကွက်တချို့နှင့် ဧရာဝတီမြစ်ဘေးအနီး နောက်ကြည့်ကျွန်းကျေးရွာတွင် ရေများဝင်ရောက်လာကာ အဆိုပါကျေးရွာရှိ အိမ်ထောင်စုများအား ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်သောင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူးသန်းနိုင်နှင့်တပ်ဖွဲ့ဝင်များသည် ကျေးရွာသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး လူ၊ တိရစ္ဆာန်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။

နောက်ကြည့်ကျွန်းကျေးရွာရှိ လှုပ်ရှားမှုရဲကင်းတွင် ရဲကင်းတာဝန်ကျတပ်ဖွဲ့ဝင်များအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စက်လှေတစ်စင်းနှင့် အသက်ကယ်အင်္ကျီများ ထုတ်ပေးထားကြောင်း သိရသည်။

**(ဇော်မြင့်နိုင်)**

# မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်သော်လည်း စိုးရိမ်စရာမရှိ ကြိုတင်ပြင်ဆင်မှုများ အရန်သင့်ဆောင်ရွက်ထား

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်တစ်ပေကျော် ရောက်ရှိနေသော်လည်း အများပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုဘဲ ကြိုတင်ပြင်ဆင်မှုများအဖြစ် သဲအိတ်များ၊ ရေကင်းများ၊ ဖိုက်ဘာစက်လှေများဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် အရန်သင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

မန္တလေးမြို့တွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်များအနက် အောင်မြေသာစံမြို့နယ်တွင် ရေကင်းကိုးခု ဖွင့်လှစ်ဆောင်ရွက်ထားပြီး ရေကင်း (၁)နှင့် (၂)တို့တွင် ဖိုက်ဘာစက်လှေများ ချထားပေးကာ အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဘောကွင်းများလည်း အသင့်ဆောင်ထားကြောင်း၊ သဲအိတ်များလည်း စုဆောင်းထားရှိ၍ ရေကြီးမှုကာကွယ်နိုင်ရန် ဧရာဝတီမြစ်ရေအခြေအနေကို ၂၄ နာရီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ၂၀၀၄ ခုနှစ်တွင် စိုးရိမ်ရေမှတ်အထက် လေးပေခန့် ကျော်လွန်ရောက်ရှိခဲ့ပြီး ယခုအခါ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်သာရှိသဖြင့် စိုးရိမ်စရာ မရှိကြောင်း၊ ထို့အပြင် ၂၀၀၇ ခုနှစ်တွင် တာရိုးကို နှစ်ပေခန့် ထပ်မံဖို့ထားခြင်းကြောင့် စိတ်ချရသည့် အနေအထားတွင်ရှိကြောင်း၊ ယခု အခြေအနေအရ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်စရာ မလိုသေးကြောင်း ညောင်ကွဲရပ်ကွက် အရန်မီးသတ်စခန်းမှ တပ်စုမှူး ဦးစိုးလွင်က ပြောသည်။

ဧရာဝတီမြစ်ရေအခြေအနေကို ရေကင်းများချကာ တာရိုးတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးခြင်းတို့ကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးခြားမှုရှိလျှင် ပြည်သူများသို့ အမြန်ဆုံး အသိပေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများနှင့် ရေကြောင်း ခရီးသွားလာသူများ ဂရုစိုက်သွားလာကြရန်နှင့် မိုးလေဝသ သတင်းများကို အမြဲမပြတ်စောင့်ကြည့်နားထောင်ပြီး လိုက်နာဆောင်ရွက်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးကြေညာထားကြောင်း သိရသည်။ **(ဇော်လင်းဦး)**



**ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အေးသွင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ခရိုင်မူးယစ်အထူး(၁)တပ်ဖွဲ့စုမှူး ရဲမှူးသိန်းစိုး၊ ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးဝင်းမြင့်နှင့် တာဝန်ရှိသူများက စားသောက်ကုန်များဖြစ်ကြသော ဆန်၊ ခေါက်ဆွဲ၊ ရေသန့်၊ မုန့်မျိုးစုံတို့ကို ဇူလိုင် ၂၉ ရက်က ရေဘေးသင့် သပြေကုန်းကျေး ရွာပြည်သူများ၏ နေအိမ်သို့အရောက် ပေးအပ်စဉ်။** မြို့နယ်(ပြန်/ဆက်)

ကြေးမုံ



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁- ၈ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့်
  မိုးလေဝသအစီအစဉ်
  တေးဂီတအစီအစဉ်
- ၆း၁၀ ကာတွန်းအစီအစဉ်
  "Meet The Robinsons"
  (အပိုင်း-၁)
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
  (အပိုင်း-၅၂)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
  (အပိုင်း-၁၂)
- ၈း၂၀ MRTV Entertainment Music
- ၈း၄၀ ညှော့်လမ်းညွှန်လေး ဖိုးခန့်
- ၈း၅၀ ဆာဖာရီတိရစ္ဆာန်ဉယျာဉ်
- ၉း၁၀ နိုင်ငံတကာရုပ်ရှင်
  ဇာတ်ဝင်တေးများ
- ၉း၂၀ ပြည်သူ့နီတိ
  "ရှိသေစွာကိုင်တွယ်ခြင်းဖြင့်"
- ၉း၄၀ တေးဂီတအစီအစဉ်
- ၁၀း၁၀ မြန်မာ့ရိုးရာတူရိယာ
  "မြန်မာ့စောင်း"(အပိုင်း-၁)
- ၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
  "ပြောင်းဖူးသည် မတိုး"
- ၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
  ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၃၅ "အမျိုးသမီးများနည်းမျိုးစုံဖြင့်
  ခွဲခြားမှုပပျောက်ရေးဆိုင်ရာ
  ကုလသမဂ္ဂ ကွန်ဗင်းရှင်း"
  (အပိုင်း-၂)
- ၁၀း၃၅ The Farmer "မြေပဲစိုက်ပျိုးခြင်း၊
  ဂန္ဓမာစိုက်ပျိုးခြင်း"
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား
  လူငယ်အစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
  "မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၆)
- ၁း၄၅ "ဘတောဝါနေဘာရီသာတိ"
- ၂း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
  ချစ်တဲ့ကာလပေါ်တေးအရသာ
  "ကောက်ကြောင်း ဆီကနောက်
  နှောင်းဂီတ"(ဂီတရိပ်သာ)
  (အပိုင်း-၁၆၄)
- ၃း၃၅ Tasty Trip "မြန်မာ့ကျောက်သင်
  ပုန်းမြို့တော်သို့"
- ၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး
  ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထ
  နှစ်(အရှေ့တိုင်းပညာအထူးပြု)
  (အရှေ့တိုင်းပညာ)
- ၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၅း၁၅ "မြန်မာ့အနုသုခမပညာ
  အစွမ်းကမ္ဘာကိုလွှမ်း"
- ၅း၃၅ Yes or No Talk Show
  (Season-2)Personal
  Development& Society
  Development (Part -2)
- ၆း၃၅ ဥပဒေရေးရာအဖြာဖြာ
  "ကျန်တဲ့ငွေပဲလွှဲပေးလိုက်ပါ"
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
  "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
  သတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "အမျိုးသမီးများနည်းမျိုးစုံဖြင့်
  ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ
  ကုလသမဂ္ဂ ကွန်ဗင်းရှင်း"
  (အပိုင်း-၃)
- ၉း၀၀ ပြည်တွင်းသတင်း
  -မျက်မှောက်ရေးရာသုံးသပ်စရာ
  -နိုင်ငံခြားဇာတ်လမ်းတွဲ
  "မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၇)
  -နိုင်ငံခြားဇာတ်လမ်းတွဲ
  "အချစ်တဲ့လား" (အပိုင်း-၂၆)
  "နေမဝင်အလှများ"
  (အဆိုတော်မာမာအေးနှင့်
  တွေ့ဆုံခြင်း) (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၉း၂၀ ကျန်းမာသုတ
- ၁၀း၀၀ Casual Talk
- ၁၀း၁၅ အစွန်းလွတ်ရာဆီသို့
- ၁၀း၂၅ မေးမြန်းစူးစမ်း
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြန်မာ့ရှုခင်း
- ၁၁း၂၅ ပျိုပျိုမေ
- ၁၁း၃၅ Cooking Art
- ၁၂း၀၀ အောင်မြင်ကျော်ကြား
  ဓာတ်ပြားရတေးများ
- ၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၄၅ Guide for You
- ၄း၂၀ စိုက်ပျိုးသုတ
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -မင်းသမီးနဲ့ကျွန်တော်
  အပိုင်း(၄၂)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -အရုဏ်ဦးရဲ့ချစ်ပန်းသခင်
  အပိုင်း(၄၂)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ
  အပိုင်း(၅၅)
  ဘောလုံးကန်ကြမယ်
  ကြယ်ကလေးတို့ရဲ့ဂီတမိုး
  ကောင်းကင်
  ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -အဏ္ဏဝါချစ်သူ အပိုင်း(၉)

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော် + ရတနာသုတ်
- ၅း၄၀ "ပဋိစ္စသမုပ္ပါဒ်သင်တန်း"
  (အပိုင်း-၆) တရားတော်
  (ဆရာတော်အရှင်သူရိယ)
  (ရှမ်းစုအောင်စကြာ)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ် (Sule Kitchen)
- ၃း၅၅ Cartoon Series(Welcome To Sky Ville)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "ချစ်သူပေးတဲ့ ကတိစကား"
  (အပိုင်း-၂၀)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
  "ကိုလူပျို"(အပိုင်း-၁၈)
- ၈း၀၀ Drive It
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "အချစ်သစ္စာတည်စေသော်"
  (အပိုင်း-၆၇)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "သူရသတ္တိ မိန်းမလှလေး"
  (အပိုင်း-၁)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၅၀ World Of Knowledge
  (To Catch a Smuggler Courier to Kingpin)

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(နေ့သင်တန်း) ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

"ဒီနေ့ကျင်းပတဲ့ ကာယဗလမောင်၊ ကာယအလှမယ်နဲ့ ကာယကြံ့ခိုင်မှုပြိုင်ပွဲဟာ အရှေ့တောင်အာရှမှာ အရေးပါတဲ့ အားကစားတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံက ကာယဗလမောင်တွေ၊ ကာယအလှမယ်တွေကလည်း ရွှေတံဆိပ်ဆုရရှိခဲ့တဲ့ အလားအလာကောင်းတွေရှိခဲ့ပါတယ်။ ပညာရည်မြင့်တဲ့ ကျောင်းသား ကျောင်းသူတွေ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေမှာ ပါဝင်ခွင့်ရအောင် ပြိုင်ပွဲတွေကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ပြောသည်။

ဘက်စုံလွှမ်းခြုံသော ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ စာသင်ခန်းပြင်ပလှုပ်ရှားမှုများ (အားကစား၊ အနုပညာ၊ စာပေ၊ လူမှုရေး) ဆောင်ရွက်ပေးခြင်းဖြင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အရည်အသွေး ပိုမိုထူးချွန်လာအောင် ပြုစုပျိုးထောင်ပေးရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်သက်မြိုင်က "ဒီပွဲက ၂၀၀၉၊ ၂၀၁၀ ကတည်းက စလုပ်တာ။ အခုဆို ရှစ်နှစ်ရှိသွားပြီ။ ပြီးခဲ့တဲ့နှစ်နဲ့ ယှဉ်ပြောရမယ်ဆို စိတ်ဝင်စားတဲ့လူ တော်တော်များလာတယ်။ ကာယအလှမယ်က ၂၀၊ ကာယကြံ့ခိုင်မှုက ခုနစ်ယောက်ဖြစ်လာပြီးတော့ ကာယဗလမောင်က အားလုံး ၁၄ ယောက်ဖြစ်လာတယ်။ မနှစ်ကထက် ဒီနှစ် တိုးတက်လာတယ်။ လေ့ကျင့်တာကတော့ အားကစားမှူးသုံးယောက်က လေ့ကျင့်ပေးတယ်။ တချို့က အပြင်မှာ လေ့ကျင့်ပါတယ်။ ကျောင်းမှာ စစ်တုရင်ရှိတယ်။ ဘော်လီဘောရှိတယ်။ ပြေးခုန်ပစ်ရှိတယ်။ ကိုယ်ကာယအလှမယ်ပွဲတွေရှိတယ်။ ဒီနှစ် ဘာပွဲတွေလုပ်မယ်ဆိုတာ အားကစားပြက္ခဒိန်ကျတဲ့အတိုင်း ဆောင်ရွက်တာပါ"ဟု ပြောသည်။

အဆိုပါ ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဘာသာရပ်အလိုက် ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သီသီမင်း)**

# သံစဉ်သစ်များဖြင့် ပရိသတ်ထံ ပြန်လည်ရောက်ရှိလာဦးမည့် တေးသံရှင် "ရိန်း"



ဂီတနှင့် သရုပ်ဆောင်ပိုင်းသာမက အကပိုင်းဆိုင်ရာတွင်လည်း ပရိသတ်များ တစ်ခဲနက် လက်ခံအားပေးလျက်ရှိသည့် တောင်ကိုရီးယားအနုပညာရှင် သရုပ်ဆောင် ရိန်းသည် ယခုနှစ်ကုန်ပိုင်းတွင် အယ်လ်ဘမ်သစ်ဖြင့် ထပ်မံတင်ဆက်ပေးသွားဦးမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက်က ရိန်း၏ အေဂျင်စီဖြစ်သည့် R.A.I.N ကုမ္ပဏီမှ ရိန်းအနေဖြင့် လက်ရှိတွင် တရုတ်ဒရမ်မာဇာတ်ကားရိုက်ကူးလျက်ရှိပြီး အဆိုတော်တစ်ဦးအနေဖြင့် ပရိသတ်ထံ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

"ဒီနှစ်ကုန်လောက်မှာ သူ့ရဲ့အယ်လ်ဘမ်သစ်ထွက်ဖို့ရှိပါမယ်။ လက်ရှိဇာတ်ကားရိုက်ကူးရေးတွေ ရှိနေပေမယ့် တစ်ဖက်ကလည်း သူ့ရဲ့အယ်လ်ဘမ်သစ်အတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု R.A.I.N ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ရိန်းသည် တရုတ်နိုင်ငံတွင် ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၆ MTV Asia Music Gala တွင် ကေပေါ့ပ်အကျော်အမော်များဖြစ်သည့် Psy၊ WINNER နှင့် အခြား ကေပေါ့ပ်အကျော်အမော်များနှင့်အတူ တက်ရောက်ခဲ့ပြီး တေးသံရှင်နှင့်သရုပ်ဆောင် ရိန်းက Best International Artist အဖြစ်လည်းကောင်း၊ Psy က Best Concert ဆုကိုလည်းကောင်း၊ ကေပေါ့ပ်အဖွဲ့ WINNER က Most Popular Overseas Group အဖြစ်လည်းကောင်း အသီးသီးဂုဏ်ပြုခံခဲ့ရကြောင်း သိရသည်။

ဂီတဆိုင်ရာလှုပ်ရှားမှုအနေဖြင့် ရိန်းသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ယခုနှစ် ဇွန် ၁၈ ရက်အထိ အရှေ့တောင်အာရှဒေသတစ်လွှားတွင် Squall World Tour အမည်ရှိ ဂီတဖျော်ဖြေပွဲများကို ကျင်းပခဲ့ပြီး သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုအနေဖြင့် Endless August ဇာတ်ကားနှင့် အက်စ်ဘီအက်စ်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် Please Come Back, Mister ဒရမ်မာဇာတ်ကားတို့ကို ရိုက်ကူးလျက်ရှိကြောင်း သိရသည်။



# (၆၅)ကြိမ်မြောက် Miss Universe အလှမယ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည်

နိုင်ငံအနှံ့အပြားမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြသည့် Miss Universe အလှမယ်ပြိုင်ပွဲကို (၆၅) ကြိမ်မြောက်အဖြစ် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် Miss Universe အလှမယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလာခဲ့သည်မှာ တတိယအကြိမ်မြောက်ဖြစ်ပြီး ၁၉၇၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံရှိ Folk Arts Theater တွင်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် Pasay မြို့ရှိ Philippine International Convention Center တွင်လည်းကောင်း လက်ခံကျင်းပခဲ့သည်။

ထို့အပြင် ဖိလစ်ပိုင်အလှမယ်များအနေဖြင့်လည်း ၁၉၆၉ ခုနှစ်က တစ်ကြိမ်၊ ၁၉၇၃ ခုနှစ်က တစ်ကြိမ်နှင့် ယခုလက်ရှိ Miss Universe 2015 အလှမယ် Pia Wurtzbach သည်လည်း ဖိလစ်ပိုင်နိုင်ငံသူတစ်ဦးဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# ရီယိုအိုလံပစ်အကြောင်း အကျဉ်းမိတ်ဆက်

(အပိုင်း–၂)



၂၀၁၄ ခုနှစ် ဆောင်းရာသီ ဆိုချီ အိုလံပစ်ပြိုင်ပွဲဝင် ရုရှားကိုယ်စားပြုအဖွဲ့ ချီတက်လာစဉ်။

**အိုလံပစ် မီးရှူးတိုင်**

ရီယိုအိုလံပစ် မီးရှူးတိုင်က ဩဂုတ် ၅ ရက်မှာ ရီယိုဒီဂျနေးဒိုးမြို့ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ အိုလံပစ်မီးရှူးတိုင်ကို ဂရိနိုင်ငံ အေသင်မြို့အနီးမှာတည်ရှိတဲ့ အီလိုနက်စ် ဒုက္ခသည်စခန်းကနေ သယ်ဆောင်လာမှာဖြစ်ပြီး မသန်စွမ်းရေကူးသမားလည်းဖြစ် ဆီးရီးယားဒုက္ခသည်လည်းဖြစ်သူ အီဗရာဟင် အယ်လ်ဟူစိန်က မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်သူ တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

**လိုဂို**

ရီယိုအိုလံပစ်ရဲ့ လိုဂိုကိုတော့ ဘရာဇီးအေဂျင်စီတစ်ခုဖြစ်တဲ့ တာတေးလ် ဒီဇိုင်းကုမ္ပဏီက ထုတ်လုပ်ခဲ့တာဖြစ်ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ အများပြည်သူကို ချပြပေးခဲ့ပါတယ်။ အစိမ်း၊ အဝါနဲ့ အပြာရောင်တွေကတော့ ဘရာဇီးအလံကို ကိုယ်စားပြုပြီး တြိဂံသုံးခု စပ်ယှက်ထားတာကတော့ ရှူးဂါးလော့ဖ်တောင်ကို ကိုယ်စားပြုပါတယ်။

**လာဘ်ကောင်**

ရီယိုအိုလံပစ်နဲ့ မသန်စွမ်း အိုလံပစ်ပြိုင်ပွဲနှစ်ရပ်စလုံးရဲ့ လာဘ်ကောင်အမည်ကတော့ ဗင်နီစီးယက်စ်ဖြစ်ပြီး ဘရာဇီး ကဗျာဆရာနဲ့ ဂီတပညာရှင် ဗင်နီစီးယက်စ် ဒီမော့ဆက်စ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ လာဘ်ကောင်ရဲ့ အမည်ကို အွန်လိုင်းကနေ မဲပေးတဲ့စနစ်နဲ့ အများပြည်သူကိုရွေးချယ်စေခဲ့ပြီး မဲအရေအတွက် ၃၂၃၃၂၇ (၄၄ရာခိုင်နှုန်း)နဲ့ အတည်ပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအရုပ်ကလေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှာ အများပြည်သူကို ပြသခဲ့ပြီး ဘရာဇီးနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ လူမျိုးပေါင်းစုံ စုစည်းနေထိုင်မှုကို ကိုယ်စားပြုတယ်လို့ ထုတ်ကုန်ကြီးကြပ်ရေးမှူး ဘက်လူကာက ဆိုပါတယ်။



**ပွဲစဉ်လက်မှတ်များ**

အိုလံပစ်ပြိုင်ပွဲမှာ ကစားပွဲ ၃၀၆ ပွဲ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး လက်မှတ်ပေါင်း ၇ ဒသမ ၅ သန်းအထိ ရောင်းချသွားမှာ ဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းတွေကတော့ ဘရာဇီးငွေကြေး ရီးယဲလ် ၄၀ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃) ကနေပြီး ရီးယဲလ် ၄၆၀၀ (အမေရိကန်ဒေါ်လာ ၁၃၂၅) အထိ သတ်မှတ်ထားပါတယ်။

**ရုရှားနိုင်ငံ**

ရုရှား ကစားသမားတွေက ၂၀၁၂ လန်ဒန်အိုလံပစ်နဲ့ ၂၀၁၄ ဆိုချီဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွေမှာ တားမြစ်ဆေးသုံးစွဲမှု ပေါ်ပေါက်ခဲ့တာကြောင့် ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ဆန့်ကျင်ရေးအေဂျင်စီ(ဝါဒါ)က ရုရှားနိုင်ငံကို ရီယိုအိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ခွင့်ပိတ်ပင်ဖို့ ဇူလိုင် ၁၈ ရက်မှာ တောင်းဆိုခဲ့ပါတယ်။ အိုလံပစ်ကော်မတီ (အိုင်အိုစီ)ကတော့ ပြိုင်ပွဲဝင် ရုရှားကစားသမားတွေအားလုံး အနေနဲ့ ပြိုင်ပွဲမဝင်ခင် ဆေးအစစ်ခံရမှာဖြစ်ပေမယ့် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ကို ပိတ်ပင်သွားမှာ မဟုတ်ဘူးလို့ ဇူလိုင် ၂၄ ရက်မှာ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဇူလိုင် ၂၆ ရက်မှာတော့ ရုရှားကစားသမား ၈၆ ဦးကို ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ကနေ ပိတ်ပင်ခဲ့ပြီး ဒီထဲက ကစားသမား ၆၇ ဦးဟာ ယခင်တားမြစ်ဆေး သုံးစွဲတယ်ဆိုတဲ့ စွဲချက်ပြီးကတည်းက ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခံထားရတဲ့ ကစားသမားတွေ ဖြစ်ပါတယ်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကတော့ အိုင်အိုစီရဲ့ ရုရှားနိုင်ငံ ကို အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပိတ်ပင်တဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ပြီး ရုရှားနိုင်ငံမပါရင် အိုလံပစ်ပြိုင်ပွဲရဲ့ အဆင့်အတန်းတစ်ရပ်ကို အားလုံးက မေးခွန်းထုတ်မှာ ဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။

**အိုလံပစ်ပြိုင်ပွဲကို ဘယ်လို တိုက်ရိုက်ထုတ်လွှင့်သွားမလဲ**

ရီယိုအိုလံပစ် ပြိုင်ပွဲရဲ့ အဓိကရုပ်သံထုတ်လွှင့်ရေးအဖွဲ့အစည်း(Host Broadcaster)အဖြစ် အိုလံပစ် ရုပ်သံထုတ်လွှင့်ရေး ဝန်ဆောင်မှုလုပ်ငန်း (အိုဘီအက်စ်) က ဆောင်ရွက်မှာဖြစ်ပြီး မိုဘိုင်းယူနစ် ၅၂ ခုကနေ ရုပ်မြင်သံကြားစနစ်အတွက် နာရီပေါင်း ၄၀၀၀၀နဲ့ ဒစ်ဂျစ်တယ်စနစ်အတွက် နာရီပေါင်း ၆၀၀၀၀ကို ထုတ်လွှင့်ပေးသွားဖို့ ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ရုပ်သံထုတ်လွှင့်ရေးစင်တာ (အိုင်ဘီစီ)ကိုတော့ ဘာရာတာတီဂျက်အရပ်မှာ ထူထောင်ထားပြီး ဖြစ်ပါတယ်။ အိုဘီအက်စ်နဲ့ အင်န်အိတ်ချ်ကေတို့က ဖွင့်ပွဲနဲ့ ပိတ်ပွဲ အခမ်းအနားတွေအပြင် အချို့ပွဲစဉ်တွေကို 8k ရုပ်ထွက်စနစ်နဲ့ ထုတ်လွှင့်သွားမယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ပွဲစဉ်အတော် များများကိုတော့ 4k ရုပ်ထွက်စနစ်နဲ့သာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**မေလှဲ့သင်း**



## ဆီဗီလာတိုက်စစ်မှူး ဂါမီရိုအား အက်သလက်တီကိုခေါ်ယူ

လာလီဂါကလပ် အက်သလက်တီကို အသင်းသည် ပြိုင်ဘက်ဆီဗီလာအသင်းမှ ပြင်သစ်တိုက်စစ်မှူး ကီဗင်ဂါမီရိုအား ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ၎င်းအတွက် ပြောင်းရွှေ့ကြေးကို တရားဝင်ထုတ်ဖော်ကြေညာခဲ့ခြင်း မရှိသော်လည်း ပေါင် ၂၈ သန်းခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ် ဂါမီရိုအား လေးနှစ်စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီး ဆေးစစ်မှုများကို ဇူလိုင် ၃၀ တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဂါမီရိုသည် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း သွင်းဂိုး ၂၉ ဂိုး အထိ သွင်းယူနိုင်ခဲ့သော်လည်း ယူရို-၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းတွင် ရွေးချယ်ခြင်း မခံခဲ့ရပေ။ ၎င်းသည် ၂၀၁၃ ခုနှစ်တွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီမှ လာလီဂါကလပ် ဆီဗီလာသို့ ပြောင်းရွှေ့လာခဲ့ပြီး ဆီဗီလာအား ယူရိုပါလိဂ် သုံးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်စေရန် ကူညီနိုင်ခဲ့သည်။

**မေလှဲ့သင်း**

## မိုရာတာအားရောင်းချမည်မဟုတ်ဟု ဇီဒန်းဆို



ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး မိုရာတာအား ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့မှ ကမ်းလှမ်းနေသော်လည်း ယခုနှစ်နွေဈေးကွက်အတွင်း ရောင်းချရန် အစီအစဉ်မရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက တုံ့ပြန်လိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဇွန်လက မိုရာတာအား ဂျူဗင်တပ်မှ ၂၀၁၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် စာချုပ်ပါ ပြန်လည်ဝယ်ယူခွင့်စည်းမျဉ်းအရ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဇူလိုင်၃၀ရက် အမေရိကန်ပြည်ထောင်စု မီချီဂန်တွင် ရီးယဲလ်နှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ခဲ့စဉ် မိုရာတာ၏ အပြောင်းအရွှေ့အတွက် နှစ်ဖက်အသင်းကြား ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ကောလာဟလများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့သောကြောင့်ဇီဒန်းက မိုရာတာမှာ လက်ရှိရီးယဲလ်အသင်း ကစားသမားတစ်ဦးသာဖြစ်ပြီး ယခုနှစ်နွေဈေးကွက်တွင် ၎င်းအတွက် မည်သည့် ကမ်းလှမ်းမှုကိုမဆို ရီးယဲလ်ဘက်မှ ပယ်ချသွားမည်ဖြစ်ကြောင်း ငြင်းဆိုခဲ့သည်။ သို့သော် ဂျက်စီမှာ ပီအက်စ်ဂျီအသင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသဖြင့် ရာသီကြို ခြေစမ်းပွဲများကို ပါဝင်မကစားနိုင်ခြင်းဖြစ်ကြောင်းကိုမူ ဇီဒန်းက ဝန်ခံလိုက်သည်။

**မေလှဲ့သင်း**

## ကစားသမားသစ် သုံးဦးထပ်ခေါ်မည်ဟု အာဆင်နယ်နည်းပြ ဝင်းဂါး အတည်ပြု

အာဆင်နယ်အသင်းသည် နွေဈေးကွက်တွင် ဆွစ်ဇာလန် ကွင်းလယ်တိုက်စစ် ဂျာကာ တစ်ဦးတည်းကိုသာ ခေါ်ယူနိုင်ထားနိုင်ခဲ့၍ ဝေဖန်ခံနေရသော်လည်း ဂျာကာအပြင် နောက်ထပ်ကစားသမားသစ်သုံးဦးကို ထပ်မံခေါ်ယူနိုင်မည်ဟု ယုံကြည်ချက်အပြည့်ရှိကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ယုံကြည်သည်။ ဝင်းဂါးက ခံစစ်ကစားသမားတစ်ဦး၊ တောင်ပံတိုက်စစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး ထပ်မံခေါ်ယူရန် စီစဉ်ထားပြီး နွေဈေးကွက် မပိတ်သိမ်းမီ စာချုပ်ချုပ်ဆို ခေါ်ယူနိုင်မည်ဟု မျှော်လင့်ကြောင်း ဆိုသည်။

အာဆင်နယ်တွင် နောက်ခံလူ မာတီဆက်ကာဒဏ်ရာကြောင့် တစ်လကျော်အနားယူရမည်ဖြစ်ရာ ခံစစ်ကစားသမားတစ်ဦးကို သေချာပေါက် ခေါ်ယူရမည်ဖြစ်သော်လည်း မည်သူ့ကို ခေါ်ယူမည်ဆိုသည်ကို မသိရဘဲ လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီနှင့် လက်စတာ တောင်ပံတိုက်စစ်မှူး မာရက်ဇ်တို့နှစ်ဦးမှာ ဝင်းဂါး၏ အဓိက ပစ်မှတ်ကစားသမား နှစ်ဦးဖြစ်ကြောင်း အင်္ဂလန်မှလာသော သတင်းရင်းမြစ်များအရ သိရသည်။

သို့သော် ဝင်းဂါးက ဈေးကွက်တောင်းဆိုချက်အရ ပရိသတ်များမှာ အသင်းသို့ နာမည်ကြီးကစားသမားများ လာရောက်ပူးပေါင်းသည်ကို မြင်တွေ့လိုနေကြသော်လည်းအသင်းတိုးတက်ရေးကို အမှန်တကယ် အကျိုးပြုနိုင်မည့် ကစားသမားသစ်များကိုသာ မိမိအနေဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

**မေလှဲ့သင်း**

# ချင်းတွင်းမြစ်ရေကြီးမြင့်ချိန်များတွင် လူစီးအမြန်ရေယာဉ်များ မြစ်ကမ်းဘေး ကျေးရွာများအနီး ဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ရန်သတိပေး

**မုံရွာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် နှစ်စဉ်မိုးရာသီများတွင် ချင်းတွင်းအထက်ပိုင်းဒေသများ၌ မိုးရွာသွန်းမှုများကြောင့် မြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိ မြို့များနှင့် ကျေးရွာများသို့ မြစ်ရေဝင်ရောက်လျက်ရှိရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေများသို့ အထက်အောက်ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ မြို့များနှင့် ကျေးရွာများအနီးမှဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ကြရန် လိုကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ချင်းတွင်းမြစ်ရေကြီးမြင့်ချိန် မြစ်ကမ်းအနီးမှ မောင်းနှင်ကြရာ မြစ်ကမ်းဘေးကျေးရွာများသို့ ဖြတ်သန်းစဉ် ရေလှိုင်းများ ရိုက်ခတ်မှုကြောင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများမှ တိုင်ကြားမှုများရှိခြင်းကြောင့် ကျေးရွာများသို့ ဖြတ်သန်းစဉ် မြစ်လယ်မှမောင်းနှင်ကြရန်နှင့် မြစ်ကမ်းအနီးမှဖြတ်သန်းပါကလည်း အရှိန်လျှော့မောင်းနှင်ကြရန် သတိပေးချက်များ ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

"အထူးသဖြင့်တော့ လူစီးအမြန်ရေယာဉ်တွေပါ။ ချင်းတွင်းမြစ်ရေကြီးချိန်မှာ ရေယာဉ်တွေက ကမ်းအနီးကို ကပ်မောင်းတဲ့အခါမှာစက်အရှိန်လျှော့မောင်းကြဖို့၊ အရှိန်မလျှော့ချင်ဘူးဆိုရင်တော့ မြစ်လယ်ကနေမောင်းကြဖို့၊ ကမ်းအနီးကမောင်းတဲ့အတွက် ရေလှိုင်းတွေရိုက်တဲ့အခါ မြစ်ကမ်းပါးတွေပြိုကျမှုတွေဖြစ်တဲ့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွေက တိုင်ကြားမှုတွေရှိတဲ့အတွက် အခုလိုသတိပေးချက်တွေထုတ်ပြန်တာပါ။ မိုးတွင်းကာလမှာမြစ်ရေတွေ ပြန်လည်ကျဆင်းသွားပေမယ့် နွေရာသီလို ရေက တအားကြီးနည်းသွားတာမဟုတ်တဲ့အတွက် မြစ်ကမ်းဘေးမှာရှိတဲ့ကျေးရွာတွေအနေနဲ့က နှစ်စဉ်ကြုံတွေ့နေတဲ့ အခြေအနေပါ။ ဒါကြောင့်ရေယာဉ်တွေအနေနဲ့ မိုးတွင်းကာလ မြစ်ရေကြီးမြင့်ချိန်တွေမှာ မြစ်ကမ်းအနီးက မောင်းမယ်ဆိုရင်တော့ ကျေးရွာတွေကိုဖြတ်တဲ့အခါမှာ အရှိန်လျှော့မောင်းကြဖို့ အတွက် သတိပေးချက်တွေထုတ်ပြန်တာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။



မုံရွာမြို့ချင်းတွင်းဆိပ်ကမ်းမှကုန်တင်ရေယာဉ် ၁၉ သင်းတွင် အစီးရေ ၄၅၂ စီး၊ လူစီး အမြန်ရေယာဉ် ရှစ်သင်း စုစုပေါင်း အစီးရေ ၁၃၄ စီးဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်နှင့် ခရီးသည်များကို အထက်အောက် စုန်ဆန် ပြေးဆွဲပေးလျက်ရှိရာ ယခုအခါ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် အထက်သို့ ရောက်ရှိနေသဖြင့် ခရီးစဉ်ပြေးဆွဲမှုများကို ယာယီရပ်နားထားလျက်ရှိသော်လည်း မြစ်ရေကျချိန်ခရီးစဉ်များ ပြန်လည်ပြေးဆွဲပါက ရေယာဉ်များအနေဖြင့် မြစ်ရိုးတစ်လျှောက်ရှိကျေးရွာများသို့ ဖြတ်သန်းစဉ် စက်ရှိန်လျှော့မောင်းနှင်ကြရန် သတိပေးချက်များထုတ်ပြန်ခြင်းဖြစ်သည်။

**မင်းဝေ(မုံရွာ)**

---

## မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ဖြိုမ်းခြောက်လာသော အန္တရာယ်များနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ ကနီ၌ကျင်းပ

**ကနီ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များနှင့် ပတ်သက်သည့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ကနီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာစမ်းစမ်းကြည် ရေးသားပြုစုပေးပို့သော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များစာတမ်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခိုင်ရွှေရည်အောင်က အကျယ်တဝင့် ရှင်းလင်းဖတ်ကြားခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော နဝမတန်းကျောင်းသူတစ်ဦးက "သမီးတို့ အခုလို မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ငြိမ်းခြောက်လာသော အန္တရာယ်များနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာများနှင့် ပတ်သက်တဲ့ စာတမ်းဖတ်ပွဲကို တက်ရောက်နားထောင်ရတဲ့အတွက် သမီးတို့လိုကျောင်းသူအရွယ်များအတွက် များစွာဗဟုသုတရရှိစေပြီး မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုနှင့် ဓလေ့များကို အလေးထားတန်ဖိုးထားပြီး ဝတ်ဆင်ရန်နှင့် တိုင်းတစ်ပါးရဲ့ဝတ်စားဆင်ယင်မှုများကို အထင်ကြီးအတုယူမမှားစေဘဲ မြန်မာဆန်ဆန်ဝတ်စားဆင်ယင်မှုများကို အလေးထားဝတ်ဆင်နိုင်ရန်နှင့် သမီးတို့လို အရွယ်ကစပြီး မြန်မာအမျိုးသမီးတိုင်း မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုများကို အလေးထား ဝတ်ဆင်ရမယ်ဆိုတဲ့ အသိတရားတွေ ရရှိခဲ့ပါတယ်" ဟု ပြောသည်။

ယင်းစာတမ်းဖတ်ပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များလည်း တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သန်းဌွေးအောင်(ကနီ)**

---

## ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးကော်မတီ ရွေးချယ်နိုင်ရေးအတွက် ရပ်ကွက်ကိုယ်စားလှယ်များအား ပြည်သူတို့၏ဆန္ဒနှင့်အညီရွေးချယ်

**ငါန်းဇွန် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေအခန်း(၅) ပုဒ်မ(၁၁)ပါ မြို့မိမြို့ဖများနှင့် ကော်မတီဝင်များ ရွေးချယ်ရာတွင် ကိုက်ညီပြည့်စုံရမည့် အရည်အချင်း သတ်မှတ်ချက်များနှင့်အညီ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးချယ်တာဝန်ပေးနိုင်ရန် ရပ်ကွက်ကိုယ်စားလှယ် ရွေးချယ်ပွဲကိုဇူလိုင် ၂၇ ရက်မှ ၂၈ ရက်အထိ မြို့ပေါ်ရပ်ကွက်များတွင် ရွေးချယ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ရွေးချယ်ပွဲဆောင်ရွက်ရာတွင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက အမှတ်(၁) ရပ်ကွက် အ. မ. က ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က အမှတ်(၂) အ. မ. က ၌လည်းကောင်း၊ ဇူလိုင် ၈ ရက်နံနက် ၁၀ နာရီက အမှတ်(၃)ရပ်ကွက် ရွှေရပ်သာမြတ်စွာဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က အမှတ်(၄)ရပ်ကွက် ဓမ္မာရုံအတွင်း၌လည်းကောင်း ရွေးချယ်ရေးအဖွဲ့တာဝန်ရှိသူများက တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအခန်း(၅) ပုဒ်မ(၁၁)ပါ မြို့မိမြို့ဖများနှင့် ကော်မတီဝင်များ ရွေးချယ်ရာတွင် ကိုက်ညီရမည့် အရည်အချင်း သတ်မှတ်ချက်များနှင့် ရွေးချယ်မှုလုပ်ငန်းဆိုင်ရာများကို ရွေးချယ်ပွဲသို့ တက်ရောက်လာသော ပြည်သူများအား ရှင်းလင်းပြောကြားပြီး ကိုယ်တိုင်ဆန္ဒပြုသူများနှင့် အဆိုပြုထောက်ခံသူများကို ရပ်ကွက်နေပြည်သူတို့၏ သဘောဆန္ဒဖြင့် မဲပေးရွေးချယ်ခဲ့သည်။

အဆိုပါရွေးချယ်ရေးအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝေလင်း၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးတင်ကျော်နိုင်တို့က အဖွဲ့ဝင်နှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးမြင့်အောင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ကြပြီး အမှတ်(၁)ရပ်ကွက်၌ မဲပေးရွေးချယ်ခံသူ ၂၂ ဦးအနက် ခုနစ်ဦး၊ အမှတ်(၂) ရပ်ကွက်၌ မဲပေးရွေးချယ်ခံသူ ငါးဦးအနက် နှစ်ဦး၊ အမှတ်(၃)ရပ်ကွက်၌ မဲပေးရွေးချယ်ခံသူ ခုနစ်ဦးအနက် သုံးဦးနှင့် အမှတ် (၄) ရပ်ကွက်၌ မဲပေးရွေးချယ်ခံသူ ငါးဦးအနက် သုံးဦး မဲအရေအတွက်အရ စုစုပေါင်း ၁၅ ဦး အနိုင်ရရှိခဲ့သည်။ အဆိုပါ အနိုင်ရရှိခဲ့သော ရပ်ကွက်ကိုယ်စားလှယ် ၁၅ ဦးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဥပဒေနှင့်အညီ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖြစ် ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

---

## မကွေးမြို့ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံနှင့် ကမ်းနားလမ်းတို့တွင် သန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်



**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့၏ အထင်ကရ ဗိုလ်ချုပ်ပန်းခြံနှင့် ကမ်းနားလမ်းတို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီမှစတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးထင်အောင် ဦးစီး၍ အခြေခံဝန်ထမ်းများဖြင့် စနေနေ့တိုင်းစုပေါင်းပြီး သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများတွင် အမျိုးသမီးများအဖွဲ့က ဗိုလ်ချုပ်ပန်းခြံတွင် သန့်ရှင်းရေးဆောင်ရွက်ပြီး အမျိုးသားများက ကမ်းနားလမ်းရှိ ချုံနွယ်မြက်များ စက်အင်အားဖြင့် ရှင်းလင်းခြင်း စည်းကမ်းမဲ့စွာ စွန့်ပစ်ထားသည့် အမှိုက်များ သိမ်းဆည်းခြင်းနှင့် ရှင်းလင်းပြီး ချုံနွယ်အမှိုက်များကို ကားများဖြင့် တစ်ပါတည်း သယ်ဆောင်ခဲ့ကြောင်း သိရသည်။

"ယခုဆိုရင် မကွေးမြို့ရဲ့ အထင်ကရ ဗိုလ်ချုပ်ပန်းခြံ စည်းကမ်း၊ စည်းစနစ်ရှိလာပါပြီ။ ဗိုလ်ချုပ်ပန်းခြံအတွင်းမှာ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းတွေ မရှိအောင် အမှိုက်ပုံးတွေထားပေးထားတယ်။ ကွမ်းတံတွေး မထွေးအောင် ဆိုင်းဘုတ်တွေ ထားပေးထားတယ်။ မြို့တော်ခန်းမနဲ့ အများပြည်သူ သွားလာနေတဲ့ ကားဝင်းတွေမှာလည်း ကွမ်းတံတွေးမထွေးရန် ဆိုင်းဘုတ်ဆင်ပေးထားတယ်။ အများပြည်သူအကျိုးရှိတဲ့လုပ်ငန်းများအနေနဲ့ စုပေါင်းဆောင်ရွက်နေပါတယ်။ ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူ အဆင့်အတန်းမီအောင် ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ၁၉၉၅-၉၆ ခုနှစ် ဗိုလ်မှူးတင်ယုလက်ထက်မှစတင်၍ ၂၀၁၆ ခုနှစ် အမှုဆောင်အရာရှိ ဦးထင်အောင်လက်ထက်ထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ရှင်**

---

## အိန္ဒိယနိုင်ငံမှ လွတ်မြောက်လာသူ သုံးဦးကို မိဘများထံ ပြန်လည်အပ်နှံ

**ပုလော ဇူလိုင် ၃၁**

အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့ရှိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံပြီး ပြန်လည်ရောက်ရှိလာသူ သုံးဦးကို မြိတ်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိဘများထံသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါသုံးဦးမှာ မလိကျေးရွာအုပ်စုတွင် နေထိုင်သူများဖြစ်ပြီး၊ ၎င်းတို့သည် ငါးဖမ်းစက်လှေတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံက ရေပိုင်နက်ကျူးလွန်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်၍ ပို့ဘလဲမြို့ရှိ အကျဉ်းထောင်တွင် လေးနှစ်ကြာနေထိုင်ခဲ့ရာမှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့သုံးဦးအနက် စောထူးထူးဆိုသည်မှာ ကျန်းမာရေးမကောင်းသဖြင့် မိဘများက ရန်ကုန်မြို့သို့ လာရောက်ခေါ်ဆောင်၍ ဆေးဝါးကုသမှုကို ခံယူနေရကြောင်းနှင့် စောဝေမှူးနှင့် စောအယ်စီးကိုမူတို့ကို ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မလိအုပ်စုအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် မိဘများထံ ပြန်လည်အပ်နှံခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိတို့သည် စီးပွားရေးအရ အဝေးရောက် အလုပ်လုပ်ကိုင်ရာမှ အပြစ်ဒဏ်ကျခံခဲ့ရပြီး ယခုအခါမိမိတို့ဒေသသို့ရောက်ရှိလာပြီဖြစ်ရာ မိမိတို့ဒေသစီးပွားရေးကိုသာ ကြိုးစားလုပ်ကိုင်ကြရန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း လိုအပ်သည်များကိုပံ့ပိုးကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ့သမိုင်းကို ထင်ဟပ်စေသည့်ပြခန်းများပါဝင်သော ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး) အဆင့်မြှင့်တင်ပြီးစီး၍ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမြို့ လမ်း ၈၀ နှင့် ၂၄ လမ်းရှိ သမိုင်းယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး)ကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် မြန်မာ့သမိုင်းကို ထင်ဟပ်စေမည့် ပြခန်းများဖြင့် ပြန်လည်အဆင့်မြှင့်တင်ကာ ဖွင့်လှစ်ခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး) အဆင့်မြှင့်တင်ခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယဉ်ကျေးမှု ပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး)ကို ၁၉၈၂-၁၉၈၃ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ကာ ယင်းမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းစဉ်များအနက်မှ တစ်ခုအပါအဝင်ဖြစ်ပြီး ပြတိုက်တစ်ခု၏ စံနှုန်းနှင့် ညီညွတ်သော ပြတိုက်တစ်ခုဖြစ်လာစေရန် ကျပ်သိန်းပေါင်း ၁၂၀၀ အသုံးပြုကာ အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြတိုက်ကို ဒီနေ့ကစပြီး ပြသပေးသွားမှာပါ။ တနင်္လာနေ့နဲ့ ပြန်တမ်းဝင် ရုံးပိတ်ရက်တွေမှာပဲ ပိတ်ပြီး ကျန်တဲ့ရက်တွေကို နံနက် ၉ နာရီကနေ ညနေ ၄ နာရီခွဲအထိ ဖွင့်ပေးသွားမှာပါ။ သံဃာတွေ၊ သီလရှင်တွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေကို အခမဲ့ ကြည့်ရှုလေ့လာခွင့်ပေးမှာဖြစ်ပြီး ကျန်သူများကိုတော့ တစ်ဦး ဝင်ကြေး ကျပ် ၅၀၀ သတ်မှတ်ထားပါတယ်။ နိုင်ငံခြားသားကိုတော့ ကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်။ ပြည်တွင်းကနေ အဖွဲ့လိုက်၊ အုပ်စုလိုက် လေ့လာချင်လို့ ကျွန်တော်တို့ဆီ သတင်းပို့ဆက်သွယ်ခဲ့ရင် ဝန်ဆောင်မှုပေးသွားမှာပါ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်း၏ ပြောကြားချက်အရ သိရသည်။

အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် မြန်မာ့သမိုင်းအကြိုခေတ်နှင့် မြို့ပြယဉ်ကျေးမှု ပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှုအနုပညာ ပန်းဆယ်မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာပြခန်းများကို ပြကွက်ပေါင်းများစွာဖြင့် ပြောင်းလဲခင်းကျင်းပြသထားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တံတားပေါင်နှင့်တိုက်မိပြီး စက်တပ်လှေတိမ်းမှောက်ရာမှ လူသုံးဦး ပျောက်ဆုံးနေ

**မတ္တရာ ဇူလိုင် ၃၁**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောပုကျေးရွာနှင့် အောက်ကင်းကျေးရွာကြားရှိ တုတ်ကြီးတံတားအား နံနက် ၁၀ နာရီခွဲခန့်တွင် စက်တပ်လှေတစ်စီးက ဝင်တိုက်မိရာမှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လှေပေါ်တွင် လိုက်ပါလာသူရှစ်ဦး ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် သဲကျွန်းကျေးရွာ မူလတန်းကျောင်းမှ ကျောင်းဆရာတစ်ဦး၊ ဆောက်ချုံပေါက်ကျေးရွာ မူလတန်းလွန်ကျောင်းမှ ဆရာမငါးဦး၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသားတစ်ဦး လိုက်ပါသော စက်တပ်လှေမှာ တံတားပေါင်ဖြင့်တိုက်မိရာမှ တိမ်းမှောက်သွားခဲ့ပြီး လိုက်ပါလာသူများ ရေထဲသို့နစ်မြုပ်သွားသဖြင့် အနီးရှိ ရွာသူ၊ ရွာသားများမှ ဝိုင်းဝန်းပြန်လည်ဆယ်ယူကြရာ ကလေးငယ်နှင့် ဆရာမလေးဦးအား ဆယ်ယူကယ်တင်နိုင်ခဲ့ပြီး စက်လှေမောင်းသူ ကျောင်းဆရာ ဦးစိုးနိုင်အောင်၊ ဆရာမ ဒေါ်ခင်မျိုးသန့်နှင့် ဦးဇော်ဝင်းမောင်တို့ သုံးဦးမှာ စက်လှေနှင့်အတူ ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါလှေမှောက်သည့်နေရာသို့ မတ္တရာမြို့နယ် မြို့မရဲစခန်းမှူးရဲမှူး ခင်သိန်းဦးစီးသော တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ သွားရောက်၍ ပျောက်ဆုံးနေသူများကို ကူညီရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

လှေမှောက်သောနေရာသည် ဧရာဝတီမြစ်ရေတိုးနေချိန်ဖြစ်သည့်အတွက် ရေအလွန်နက်ပြီး ရေစီးအားသန်သောကြောင့် ရှာဖွေဆယ်ယူရန်ခက်ခဲလျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## အခွန်ဦးစီးဌာနမှ ဗဟုသုတဖြစ်ဖွယ်ပညာပေးဟောပြောဆွေးနွေး

**ပုသိမ် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးနှင့် ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတို့၏ စီစဉ်မှုဖြင့် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ အခွန်ဆိုင်ရာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ အခွန်ပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အရာထမ်းများ၊ ပုသိမ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး တက်ရောက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ငါးမျိုးနှင့် ပတ်သတ်သည့် အကြောင်းအရာများနှင့် အခွန်နှင့်သက်ဆိုင်သည့် ဗဟုသုတဖြစ်ဖွယ်၊ မှတ်သားဖွယ်ရာများကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များနှင့် အောင်ဘာလေထီလက်မှတ်များ ပေးအပ်ခဲ့သည်။ **မြင့်ဟန်(ခရိုင်ပြန်/ဆက်)**

## နမ္မတူမြို့တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ကျောက်မဲ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာနှင့် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းမှတစ်ဆင့် ပန်ကော်ကျေးရွာသို့ ရောက်ရှိနေသည့် စစ်ဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ဆန်အိတ် ၅၀ နှင့် အဝတ်အထည် ၃၀၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## မင်းတုန်းမြို့၌ ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မင်းတုန်း ဇူလိုင် ၃၁**

နိုင်ငံတစ်ဝန်းတွင် ပြုလုပ်နေသည့် ကွမ်းစားသုံးမှုကျဆင်းပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသိန်းဝင်းက အသိပညာပေး ဟောပြောရာ ကွမ်းစားခြင်းကြောင့် လျှာထူပြီး ရသာအာရုံခံစားမှု ချို့ယွင်း လာခြင်း၊ သွားများဖြူရာမှ နီ/နက် လာပြီး မျက်နှာသွင်ပြင် ရုပ်ဆိုးလာခြင်း၊ ဝတ်စားဆင်ယင်မှုတွင် ပေကျံစွန်းပေတတ်ခြင်း၊ ကွမ်းတံတွေးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်း၊ ကွမ်းစားဆေးများကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ တစ်ရက်ကုန်ကျငွေကို တွက်ချက်ကြည့်ခြင်းဖြင့် မိသားစုဝင်ငွေ လျော့ကျမှုကို သိရှိနိုင်ခြင်း စသည့် အချက်ခြောက်ချက်အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးထွန်းညွှန့်က ကွမ်းစားသုံးရာတွင် ပါဝင်သော ဆက်စပ်ဆေးများကြောင့် လည်ချောင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာများ ဖြစ်ပွားရခြင်းအကြောင်းအား ဆွေးနွေးခဲ့သည်။

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင်ရုံးများ၊ ရေစက်၊ ကားဂိုထောင်၊ ခန်းမ နေရာများတွင် ကွမ်းမစားရ ဗီနိုင်းများချိတ်ဆွဲကန့်သတ်ဆောင်ရွက်လျက်ရှိပြီး မြို့ဧရိယာ သန့်ရှင်းသာယာစေရေးအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။ **ဇေယျာတု(မကွေး)**

## နတ်ကုန်းတစ်ဖက်ဆည်ပြုပြင်ပေးရန်လိုအပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဝက်လက် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကန်ပေါက်ကျေးရွာအုပ်စု နတ်ကုန်းကျေးရွာရှိ နတ်ကုန်းတစ်ဖက်ဆည်မှာ နှစ်ကာလကြာမြင့်ပြီးဖြစ်သောကြောင့် တောင်သူများ စိုက်ပျိုးရေ ဖူလုံစေရေးအတွက် ပြုပြင်ပေးရန် လိုအပ်နေမှုအား ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၂၈ ရက်၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ဝက်လက်မြို့နယ်တွင် စိုက်ပျိုးမြေ ၁၄၇၉၇၅ ဧကရှိသည့်အနက် ဆည်ရေသောက်မှာ ၁၀၁၂၇၉ ဧကရှိရာ ကျန် ၄၆၆၉၆ ဧကသည် မိုးကောင်းသောက်ဧကများဖြစ်ရာ အဆိုပါ မိုးကောင်းသောက်များမှာ ဆည်ငယ်ကန်ငယ်များကို အမှီပြုစိုက်ပျိုးနေကြရသည်။

နတ်ကုန်းကျေးရွာရှိ လယ်မြေများသည် မိုးကောင်းသောက်မြေများဖြစ်သဖြင့် နတ်ကုန်း တစ်ဖက်ဆည်ကို အမှီပြုနေရပြီး ၎င်းဆည်မှာ အလျားပေ ၄၀၀၀၊ ပျမ်းမျှအမြင့် ၁၀ ပေ၊ ဆည်ထိပ်အကျယ် ၁၂ ပေရှိပြီး ရေထုတ်ပြွန်နှင့် ရေပိုလွှဲမရှိသဖြင့် ပြုပြင်ပေးသည့်အခါ ယင်းတို့ကိုလည်း ထည့်သွင်း တည်ဆောက်ရန် လိုအပ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်နိုင်က ပြောသည်။

နတ်ကုန်းဆည်မှာနှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီဖြစ်ပြီး ဆည်ပြုပြင်ပေးပါက စိုက်ပျိုး ဧက ၁၅၀၀ ကျော်အား စိုက်ပျိုးရေရရှိစေပြီး တောင်သူများအတွက် များစွာအကျိုးရှိကြောင်း၊ ပြုပြင်ဆောင်ရွက်သည့် အခါတွင် ကျေးရွာတောင်သူများကလည်း တတ်အားသ၍ ရေပေးမြောင်း ပြုပြင်တူးဖော်ခြင်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်ကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစင်ကျေးရွာရှိ ငါးအအေးခန်းစက်ရုံများမှ ပြည်ပငါးတင်ပို့မှု ယခင်နှစ်များထက် ကျဆင်းလာဖွယ်ရှိ



**ရေး ဇူလိုင် ၃၁**
မွန်ပြည်နယ် ရေးမြို့နယ်၏ ရေလုပ်ငန်းအဓိကလုပ်ကိုင်လျက်ရှိသော အစင်စံပြကျေးရွာရှိ ပင်လယ်ငါးအအေးခန်းစက်ရုံများတွင် ပြည်ပပို့ကုန်တင်သွင်းရောင်းချမှုမှာ ယခင်နှစ်ထက် လျော့နည်းကျဆင်းလာဖွယ်ရှိကြောင်း သံလွင်အအေးခန်းစက်ရုံမှ တာဝန်ရှိသူ ဦးမင်းထွဋ်က ပြောသည်။

အဓိကကျဆင်းလာတဲ့အကြောင်းရင်းမှာ သဘာဝမိုးလေဝသရာသီဥတုနဲ့လည်း ဆိုင်ပါတယ်။ လှိုင်းလေကြီးပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းခွင်ကို အချိန်ပြည့်မလုပ်နိုင်တာရယ်၊ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ၄၀ ရာခိုင်နှုန်းလောက်ပဲ ဖမ်းဆီးရတဲ့အတွက် ငါးကုန်ကြမ်းရရှိမှုမှာ အရင်နှစ်ကထက် နည်းပါးနေပါတယ်။ ပြည်ပတင်ပို့ရောင်းချရာတွင်လည်း ဒေါ်လာဈေးအတက်အကျပေါ်မူ တည်ကာ အကျိုးအမြတ်ပါပြောင်းလဲနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ လက်ရှိအစင်ကျေးရွာအအေးခန်း စက်ရုံသုံးရုံတွင် စက်ရုံအလုပ်သမားပေါင်း ၃၀၀ ခန့် ဝင်ရောက်လုပ်ကိုင်နေကြောင်း၊ အလုပ်ကိုအချိန်မှန်မှန်နဲ့ အလုပ်သမားတစ်ဦးလျှင် အမျိုးသားပျမ်းမျှလစာမှာ ငွေကျပ် ၁၆၇၀၀၀ ဖြစ်၍ အမျိုးသမီးလစာမှာ ၁၄၄၀၀၀ ကျပ်ဖြင့် လစာအပြင် နှစ်ကုန်အထိ အလုပ်သမားတစ်ဦးမှာ တစ်နေ့ကို ၇၀၀ ကျပ်နှုန်းနဲ့ အပိုလုပ်ခအဖြစ် ထပ်မံပေးနေကြောင်း၊ အအေးခန်းစက်ရုံများထံမှ တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၅ - ၂၀၁၆ ခုနှစ် အစီရင်ခံစာနှစ်ချုပ်စာရင်းမှတ်တမ်းများအရ ရန်ကုန်ကုမ္ပဏီကနေ ပြည်ပအိမ်နီးချင်းတရုတ်နိုင်ငံသို့ ငါးကုန်ကြမ်း တင်ပို့ရောင်းချမှုမှာ ၆၄၀၀၅၃ ဒသမ ၈၀ ကီလိုဖြစ်ကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

## စာဖတ်စွမ်းရည်မြင့်မားရေး မူလတန်းကလေးငယ်များ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

**မြောင်းမြ ဇူလိုင် ၃၁**
မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားအရွယ်လူငယ်လေးများ စာဖတ်စွမ်းရည်မြင့်မားရေးနှင့် စာဖတ်ခြင်းအလေ့အထကောင်းများရရှိစေရေးအတွက် အခြေခံပညာကျောင်းများတွင် ရွှေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့် စာဖတ်ပြိုင်ပွဲများကို ပြုလုပ်ပေးလျက်ရှိရာ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီက မြောင်းမြခရိုင် ပြန်/ဆက်ဦးဌာန စာကြည့်တိုက်ခန်းမ၌ ကလေးငယ်များ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အ. မ. က(၅) ခါတော်မိ မူလတန်းကျောင်းမှ ကလေးငယ်လေးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပုံပြောပြိုင်ပွဲတွင် ပထမဆု မသိမ့်သူသူစံ (တတိယတန်း)၊ ဒုတိယဆုကို မောင်ပြည့်ထက်အောင် (စတုတ္ထတန်း) နှင့် တတိယဆုကို နန့်ရီရီဝေ (စတုတ္ထတန်း) တို့ အသီးသီးရရှိကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိမြတ်နှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်စွမ်းရည်တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို မြို့ပေါ်ရှိ မူလတန်းကျောင်းများတွင်သာမက နယ်လှည့်ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်ရာ ကျေးရွာဒေသများ၌ပါ ကွင်းဆင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

**မတ္တရာ ဇူလိုင် ၃၁**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့တွင် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က အ. ထ. က(၁) မတ္တရာနှင့် အ. ထ. က(စလွန်ဖြူ) တို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးခင်ဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ကြပ်ကြီးဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲကို နံနက် ၁၀ နာရီက အ. ထ. က (၁) တွင် ကျင်းပရာ ဒုရဲမှူးခင်ဝင်းဇော်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မတ္တရာမြို့မရဲစခန်းမှူး ဒုစခန်းမှူး ရဲအုပ်စိုးမင်းလတ်က မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီခွဲက မတ္တရာမြို့ အ. ထ. က (စလွန်ဖြူ) တွင် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများ၊ မတ္တရာမြို့မရဲစခန်း ဒုစခန်းမှူး ရဲအုပ်စိုးမင်းလတ်က မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တပ်ဖွဲ့ဝင်များမှ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ထိုင်းနိုင်ငံ ရောက်မြန်မာ MoU အလုပ်သမားကိစ္စသတင်းစာရှင်းလင်းပွဲကျင်းပမည်



**ဘန်ကောက် ဇူလိုင် ၃၁**
ထိုင်းနိုင်ငံတစ်နံတစ်လျား မြန်မာနိုင်ငံမှတစ်ဆင့် MoU ဖြင့် လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သက်ဆိုင်ရာလုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုဖြစ်စဉ်များဖြစ်ပွားကာ မည်သည့်နစ်နာကြေးမှ ရရှိခြင်းမရှိဘဲ မိမိနေရပ်သို့ အကြောင်းကြောင်းကြောင့် ပြန်ခဲ့ရသည့် အလုပ်သမားများအား နစ်နာကြေးများ ပြန်လည်ရရှိနိုင်ရေး အများပြည်သူသိရှိနိုင်ရန် တာဝန်ရှိသူများက မီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်အား လာမည့် ဩဂုတ် ၂ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခု၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံသတင်းများအရ သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို မြန်မာသံရုံးကူညီစောင့်ရှောက်ရေးအဖွဲ့ (MAT) နှင့် မြန်မာအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီ မဟာမိတ်အဖွဲ့ (AAC) တို့ ပူးပေါင်းဦးဆောင် ပြုလုပ်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် MOU စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ရင်း အလုပ်ဖြုတ်ခံရခြင်း၊ လျော်ကြေးမရဘဲ အတင်းနေရပ်ပြန်ပို့ခံရသူများ၊ လုပ်ငန်းခွင်အတွင်း သေဆုံး၊ ခြေပြတ်၊ လက်ပြတ်ဖြစ်ကာ မည်သည့်နစ်နာကြေးမှမရဘဲ ပြန်လာခဲ့ရသူများ၊ ထိုင်းနိုင်ငံတွင်းရှိစဉ် MOU ပွဲစားများ၏ အနိုင်ကျင့်ခြိမ်းခြောက်ခံခဲ့ရသူများထံမှ သေချာခိုင်လုံသည့် အချက်အလက်များ၊ ပုံမှတ်တမ်းများ၊ ဖြစ်စဉ်များ၊ အသံဖိုင်များ၊ ဗီဒီယိုမှတ်တမ်းများ၊ အတင်းအဓမ္မ လက်မှတ်ထိုးစေခိုင်းခဲ့သည့် စာချုပ်စာတမ်းများ၊ အတင်းအဓမ္မ ပြန်ပို့ခဲ့သည့်ဖြစ်စဉ်များ၊ ပြန်ပို့ပေးခဲ့သည့်ကားနံပါတ်များ စသည့်အချက်အလက်များအား ဆုံးရှုံးနစ်နာခဲ့ရသည့် အလုပ်သမားများမှ ကြိုတင်စုဆောင်းတင်ပြပေးပို့ထားကြရန် နှိုးဆော်ထားကြောင်း၊ ခိုင်လုံသည့်အထောက်အထားအချက်အလက်များဖြင့် နစ်နာခဲ့ရသည့် အလုပ်သမားများ၏ ထိုက်တန်သောအကျိုးခံစားခွင့်များအား သက်ဆိုင်ရာအေဂျင်စီများထံမှ ပြန်လည်ရရှိနိုင်ရေး နစ်နာခဲ့ရသည့် အလုပ်သမားများအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာများရှေ့မှောက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်တောင်းဆိုပေးသွားမည်ဖြစ်ကြောင်း MAT နှင့် AAC အဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြစိုက်ပွဲကျင်းပ

**ယင်းမာပင် ဇူလိုင် ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာတွင် ကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ တောင်သူများကို ဖိတ်ကြားပြီး ဇူလိုင် ၂၉ ရက်က အဆိုပါကျေးရွာရှိ တောင်သူပညာပေးစိုက်ကွက်တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလိုကောက်စိုက်စက်နဲ့ စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ခရိုင်အတွင်းမှ တောင်သူများအား ဖိတ်ကြားပြသရခြင်းမှာ အခုနောက်ပိုင်း စပါးစိုက်တောင်သူများအနေနဲ့ ကောက်စိုက်သမားရှားပါးလာလို့ ကောက်စိုက်သမားခေါ်ယူရန် ခက်ခဲခြင်းများ ကြုံတွေ့လာ၍ ယင်းအခက်အခဲများဖြေရှင်းနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် စိုက်နည်းစနစ် မှန်ကန်စွာဖြင့် လျာထားချက်ဧကများ အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေးတို့ကို ရည်ရွယ်ပြီးတော့ ဒီလိုကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်းက ပြောသည်။

ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြပွဲသို့ ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ တောင်သူ ၉၀ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော တောင်သူများက ကောက်စိုက်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ယင်းမာပင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက တောင်သူများအားရှင်းလင်းပြောပြခဲ့သည်။ **သန်းဌွေးအောင်(ကနီ)**

## လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်ပတ်သက်၍ မီဒီယာများသို့ အသိပေးရှင်းလင်းပွဲ ကျင်းပ

**ဟားခါး ဇူလိုင် ၃၁**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်ပတ်သက်၍ မီဒီယာများသို့ အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၉ ရက်က ဟားခါးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မီဒီယာရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ချင်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်အက်ဥပဒေအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီးမီဒီယာများ၏မေးမြန်းမှုကို ပြည်နယ်ဦးစီးမှူး ဦးယဉ်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်တွင် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၃၁**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို သေချာစွာ ဂရုပြုလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ အချက်အလက်များအား မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က ရှင်းလင်းပြောကြားပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇလောင်း(မြောက်)ကျေးရွာ၊ ပိုးစားတောကျေးရွာ၊ ဖောင်းလောင်ကျေးရွာနှင့် တပ်ရှိန်းကျေးရွာတို့မှ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအား ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် သဘောတူလက်မှတ်ထိုးစာချုပ်များအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

# မြောင်းမြမြို့၌ လမ်းပိုင်းရေရှည်တည်တံ့ရေး ကုန်ကားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မြောင်းမြ ဇူလိုင် ၃၁**
ဧရာဝတီတိုင်းဒေသကြီးအတွင်း ရန်ကုန်-မြောင်းမြ အဝေးပြေးကားလမ်းရှိ မြောင်းမြလမ်းပိုင်းပေါ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်း လမ်းဦးစီးဌာနပိုင် လမ်းမကြီးများ ကြံ့ခိုင်ရေးကိုရှေးရှု၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယာဉ်၊ ကုန် (၁၀) တန်အတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုရန်ညွှန်ကြားထားသော်လည်း ကုန်ကားကြီးများမှာ ညအချိန်တန်ပိုကြေးများပေးဆောင်၍ ဖြတ်သန်းသွားလာလျက်ရှိနေကြောင်း ဇူလိုင် ၂၈ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် မြောင်းမြခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများတွေ့ဆုံပွဲ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ဇင်ဦးက မည်သို့ဆောင်ရွက်ထားရှိသည်ကိုပွင့်လင်းမြင်သာစွာ ဖြေဆိုပေးနိုင်ရန် မေးမြန်းထားချက်အပေါ် ဇူလိုင် ၂၉ ရက် နံနက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ ကုန်ကားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရီးသည် ပို့ဆောင်ရေးကားများမှာ ညွှန်ကြားချက်အတိုင်း ကားကြီးများအစား ကားလတ်၊ ကားငယ်များအစားထိုးကာ ခရီးသည်နှင့်ယာဉ် မျှတမှုမရှိဘဲ လိုအပ်ချက်အရ ခေါက်ရေတိုးကာ ပြေးဆွဲလျက်ရှိနေပြီး လမ်းကိုအကြောင်းပြု၍ ကန့်သတ်လျှင်လည်း တစ်ပြေးညီဆောင်ရွက်သင့်ကြောင်း ခရီးသည်ယာဉ်လိုင်းပို့ဆောင်ရေးမှ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်ကြေညာချက်သည်သာ ဥပဒေအသစ် မပြင်ဆင်သေးမီအချိန်အထိ အတည်သာလျှင်ဖြစ်ပြီး မြောင်းမြလမ်းပိုင်းအတွင်း ခွင့်ပြုအလေးချိန်ထက်ကျော်လွန်သောအထူးသဖြင့် ကုန်ကားကြီးများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော Mobile Team အဖွဲ့ ဖွဲ့စည်းကာ မြို့ဝင်၊ မြို့အထွက်တွင် နေ့၊ ည တာဝန်ယူစစ်ဆေး၊ စောင့်ကြပ်၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက ပြောကြားကာ ကုန်ကားလုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများ၏သိလိုမှုများကို လမ်းဦးစီးဌာန၊ မြောင်းမြမြို့နယ်ဦးစီးမှူး ဦးအေးမင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်မှ ယာဉ်ကြီးများလမ်းအသုံးပြုမှု တရားဝင်ခွင့်ပြုချက်မှာ (၁၆ ဒသမ ၉) တန်ထိခွင့်ပြုချက် ရှိထားသော်လည်း မြောင်းမြမြို့၌ မိုးဥတုကာလအတွင်းလမ်းပိုင်းများ ရေရှည်ကြံ့ခိုင်မှုအတွက် ကားကြီး ၁၄ ပေ ၁၀ တန်အထိသာဖြတ်သန်းခွင့်ပြုထားပေးပြီး ကားလုပ်ငန်းရှင်များကလည်း ခရီးတစ်ခေါက်အတွက် ကုန်များများတင်ဆောင်နိုင်မှသာလျှင် တွက်ခြေကိုက်ကြောင်း ကုန်ကား လုပ်ငန်းရှင် ဦးဝင်းသိန်းက ပြောသည်။ **အောင်မင်း (မြောင်းမြ)**



# ဝါးခယ်မမြို့နယ်အတွင်း လယ်ယာမြေများ၌ ငါးသယံဇာတပေါများရေး ငါးမျိုးစိုက်ထည့်

**ဝါးခယ်မ ဇူလိုင် ၃၁**
ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကကတိုက်ကျေးရွာ၊ ကျုံကပြင်ကျေးရွာနှင့် ကျုံပဒီကျုံပဒေါကျေးရွာများရှိ လယ်ယာမြေများ၌ ငါးသယံဇာတ ပေါကြွယ်စေရေး ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ငါးသယံဇာတများ မျိုးတုံးမှု မဖြစ်ပေါ်စေရေး၊ ငါးထုတ်လုပ်မှု မြင့်မားလာစေရန်နှင့် သားငါးစားသုံးမှု ဖူလုံစေရန်ရည်ရွယ်ကာ အဆိုပါ ငါးမျိုး စိုက်ထည့်ပွဲတွင် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဦးဆောင်ပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေသခံများပူးပေါင်းပါဝင်ခဲ့သည်။

ယင်းနေ့က ငါးမျိုးစိုက်ထည့်ရာတွင်လယ်ယာမြေ တစ်ဧကလျှင် ငါးသားပေါက်အကောင်ရေ ၅၀၀ နှုန်းဖြင့် လယ်ယာမြေဧက ၂၀၀ အတွက် ရွှေဝါငါးကြင်း၊ တီလားဗီးယား၊ ငါးခုံးမကြီးအကောင်ရေတစ်သိန်းအား စုပေါင်းငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ **လွှမ်းသီဟ (ဝါးခယ်မ)**



# အင်းတော်မြို့၌ သစ်ခွပန်းပင်များ ရောင်းသူနှင့် ဝယ်သူ အဆင်ပြေ၍ရောင်းအားကောင်း

**အင်းတော် ဇူလိုင် ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ရောင်စုံသစ်ခွပန်းပင်များ ရောင်းအား၊ ဝယ်အားကောင်းနေ၍ ရောင်းသူ၊ ဝယ်သူများ အဆင်ပြေကြောင်း သိရသည်။

"ကျွန်တော် မန္တလေးကလာတော့ ရောင်စုံသစ်ခွပန်းပင်အပင် ၅၀၀ ယူလာပါတယ်။ ဒီမနက်အင်းတော် စည်ပင်ဈေးအနီး လမ်းဘေးမှာ ချရောင်းတာ အပင်၂၀၀ ရောင်းကုန်ခဲ့ပါပြီ။ အခုက ဆိုင်ကယ်ပေါ်မှာ အပင် ၅၀ တင်ပြီး မြို့ပေါ်ရပ်ကွက်တွေ လှည့်ရောင်းနေတာပါ။ ကုန်ရင် မန္တလေးကို ဖုန်းဆက်ပြီးမှာပါတယ်။ ဒီရောင်စုံ သစ်ခွပန်းပင်တွေက မြဝတီမြို့ကတစ်ဆင့်လာတာပါ။ အင်းတော်မြို့နယ်အတွင်းမှာ ငါးရက်တော့ လှည့်လှည်ရောင်းချမှာပါ။ ရောင်းအားကောင်းပါတယ်။ ကျွန်တော်က မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ကသာ၊ အင်းတော်၊ ဗန်းမော်၊ ထီးချိုင့်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူးမြို့များမှာ ရောင်စုံသစ်ခွပန်းပင်တွေ လှည့်လည်ရောင်းချနေတာပါ" ဟု မန္တလေးမြို့မှ လာရောက်ရောင်းသူ ကိုသန်းထိုက်မိုးက ပြောသည်။

ခြင်းကလေးနဲ့ သွပ်နမ်းကြိုးချိပ်ကလေးတွေပါတဲ့ ရောင်စုံသစ်ခွပန်းပင်တစ်ပင်ကို ငွေကျပ် ၁၀၀၀ ပေးဝယ်ရတယ်။ အိမ်တိုင်ရာရောက် လာရောက်ရောင်းချပေးတာမို့ ဒီတစ်ခေါက် ငါးပင်ဝယ်လိုက်တယ်။ အရင်တစ်ခေါက် လာရောင်းစဉ်ကလည်း ၁၀ ပင် ဝယ်ထားတာရှိတယ်။ ဝယ်ထားခဲ့တဲ့အပင်တွေကလည်း အပွင့်ကလေးတွေလှလှပပ ဖူးပွင့်နေတာမြင်တွေ့ရတော့ စိတ်ကြည်နူးချမ်းမြေ့မှုကိုရစေလို့ အဆင်ပြေပါတယ်" ဟု အောင်မေတ္တာရပ်ကွက်မှ သစ်ခွပန်းပင်ဝယ်ယူသူတစ်ဦးကပြောသည်။ **ကိုမင်း(အင်းတော်)**

# ရေးမြို့နယ်၌ယခင်နှစ်ထက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလျော့နည်းလာ

**ရေး ဇူလိုင် ၃၁**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ ယခင်နှစ် သွေးလွန်တုပ်ကွေးရာသီအချိန်တွင် ရောဂါဖြစ်ပွားခံရသူများပြားလျက်ရှိရာ ယခုနှစ် သွေးလွန်တုပ်ကွေးရာသီကာလတွင် ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလျက်ရှိနေကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

ယခုနှစ်ရေးမြို့နယ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူမှာ ၁၆ ဦးသာရှိပြီး သေဆုံးသူ တစ်ဦးမှမရှိဘဲ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် သွေးလွန်တုပ်ကွေးရာသီအချိန်တွင် ရောဂါဖြစ်ပွားသူမှာ ၆၀၀ အထိရှိခဲ့သော်လည်း သေဆုံးသူမရှိဘဲ ယခင်နှစ်နဲ့ နှိုင်းယှဉ်လျှင် ရောဂါဖြစ်ပွားမှုရာခိုင်နှုန်းအပြည့်နီးပါးလောက်ကို ကျဆင်းလျော့နည်းလာနေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးက ပြောသည်။

အဆိုပါ သွေးလွန်တုပ်ကွေးဖြစ်ပွားနှုန်းလျော့နည်းကျဆင်းလာသည့် အကြောင်းရင်းမှာ အရင်နှစ်တွေက ထူးခြားစွာရောဂါဖြစ်ပွားမှုများပြားခဲ့ပြီးလျှင် နောက်နှစ်တွင် ရောဂါသဘာဝအရ ဖြစ်ပွားမှုနည်းပါးပြီးမှ နောက်နှစ်နှစ်လောက်မှပြန်ပြီး အဖြစ်များလာလေ့ရှိကြောင်း ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးက ဆက်ပြောသည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်ကို တစ်မြို့နယ်လုံးတွင် အပတ်စဉ် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့တို့ ပါဝင်ပူးပေါင်းဆောင်ရွက်ကြသည့်အပြင် ရောဂါဖြစ်ပွားခဲ့ပါက ဖြစ်ပွားသည့် နေအိမ်နှင့်အနီးပတ်ဝန်းကျင်အိမ်များတွင် ခြင်နှင့်ပိုးလောက်လန်းများနှိမ်နင်းခြင်း၊ ထပ်မံဖျားနာသူရှိ-မရှိ စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက အရှိန်မြှင့်လုပ်ဆောင်နေကြသည်။ **ထွန်းထွန်း(ရေး)**

# အရာတော်မြို့နယ်တွင် မြေဌားဂရန်များပေးအပ်ပွဲကျင်းပ

**အရာတော် ဇူလိုင် ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ကံသာကျေးရွာအုပ်စု တော်လှကျေးရွာတွင် ကျေးရွာနေပြည်သူများအား ကျေးရွာမြေဌားဂရန်များ ပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၃ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မုံရွာခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျေးရွာနေပြည်သူများကို ကျေးရွာမြေဌားဂရန်များ ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူးတို့က ကျေးရွာမြေဌားဂရန်ရရှိသူ ကျေးရွာသူ၊ ရွာသား ၄၇ ဦးအား မြေဌားဂရန်များ လွှဲပြောင်းအပ်ခဲ့သည်။

ကျေးရွာမြေဌားဂရန် လွှဲပြောင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝဏ္ဏ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးအောင်ဆွေဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မင်းဝေ(မုံရွာ)**

# နေ့၊ ညမရွေးရောင်းချနေသော အရက်နှင့်ဘီယာဆိုင်များအား ကြီးကြပ်ပေးစေလို

**ရန်ကုန် ဇူလိုင် ၃၁**
နေ့၊ ည မရွေးရောင်းချနေသော အရက်ဘီယာဆိုင်များကြောင့် ငယ်ရွယ်သူ အရက်သောက်သုံးမှု ပိုမိုများပြားလာကာ ခိုက်ရန်ဖြစ်ပွားမှုများပြားလာသောကြောင့် သက်ဆိုင်ရာအနေဖြင့် ရပ်ကွက်အတွင်း အရက်ဆိုင်များ၊ အရက်လက်လီ အရောင်းဆိုင်များအားစိစစ် ပိတ်သိမ်းပေးစေလိုပြီး မပိတ်သိမ်းနိုင်ပါက အချိန်သတ်မှတ်ချက်ဖြင့် ဖွင့်လှစ်ရောင်းချရန် ကြီးကြပ်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများက လိုလားနေကြသည်။

လှိုင်မြို့နယ် (၁၃) ရပ်ကွက်တွင် အရက်ဆိုင်များ များပြားစွာဖွင့်လှစ်ခွင့်ပြုထားရာ ထိုဆိုင်များအနက် ပန်းခြံကျောင်းလမ်း သီရိမြိုင် (၆) လမ်းထိပ်ရှိ အရက်ဆိုင်နှင့် သီရိမြိုင် (၈) လမ်းရှိ အရက်ဆိုင်၊ ပေါင်းစည်းလမ်းရှိ အရက်ဆိုင်များမှာ မိုးလင်း ပဲပြုတ်သည် ထွက်ချိန်မှ ညဘက် ၁၁ နာရီအထိ အရက်ရောင်းချလျက်ရှိကြောင်း သီရိမြိုင်လမ်းမ (၁၃) ရပ်ကွက် လှိုင်မြို့နယ်နေသူ ကိုဇော်ဇော်အောင်က ပြောသည်။

ယင်းပြင် အရက်နှင့် ဘီယာ လက်လီဝယ်ယူနိုင်သည့် ဆိုင်များမှာလည်း ပန်းခြံကျောင်းလမ်း (ရန်ကုန်-အင်းစိန်လမ်းမအဝင်မှ သီရိမြိုင်ဘူတာအထိ)၊ သီရိမြိုင်လမ်းမ (အုတ်ကျင်းလမ်းမမှ ဓမ္မသုခကျောင်းလမ်းအထိ) ဆိုင်အချို့တွင် အချိန်မရွေးဝယ်ယူနိုင်နေကြောင်း၊ ယခုအခါ မိုးလင်း၊ မိုးချုပ် လိုသလိုရသည့် အရက်ဖြူ၊ ဘီယာများကို ရပ်ကွက်အတွင်းရှိ အသက် ၁၃ နှစ်၊ ၁၄ နှစ် အရွယ်လူငယ်များပါ သောက်သုံးခြင်းများရှိနေရာ ညတိုင်း အုပ်စုဖွဲ့ရန်ဖြစ်ခြင်း၊ နေ့၊ ညမရွေး လမ်းပေါ်တွင် မြင်မကောင်းအောင် မူးယစ်ကာ ကျောင်းသွား၊ ကျောင်းပြန်၊ အလုပ်သွားအလုပ်ပြန် လမ်းသွားလမ်းလာများအား စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ထိခိုက်မိကာရန်ဖြစ်ခြင်း၊ ဝိုင်းရိုက်ခြင်း၊ ရန်စခြင်းများလည်း မကြာခဏဖြစ်နေကြောင်း ယင်းကပြောသည်။ **ကြေးမုံ**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပြိုလဲခဲ့သည့်သစ်ပင်သစ်ကိုင်းကြီးများအားစုပေါင်းရှင်းလင်း



**မုံရွာ ဇူလိုင် ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုလဲနေသည့် သစ်ပင် သစ်ကိုင်းကြီးများ လိုက်လံရှင်းလင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီက ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များကဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာမြို့မှာ မနေ့ညက မိုးကတော်တော်လေးရွာတယ်ဗျာ့ မိုးသည်းတော့ မုံရွာမြို့ပေါ်ကမ်းနားလမ်းပေါ်မှာ ညောင်တပင်လမ်းနှင့် (က) (ခ) ဂိုဒေါင်ကြားက ကုက္ကိုပင်က အကိုင်းအကြီး လမ်းပေါ်ကို ပဲ့ကျမှုဖြစ်ပွားခဲ့လို့ အများပြည်သူတွေ အန္တရာယ်မဖြစ်ပွားအောင် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်၊ ဦးစိုးဝင်းနှင့် လူမှုကူညီရေးအဖွဲ့ဝင်တွေ ရပ်ကွက်တာဝန်ရှိသူတွေ ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ လိုက်လံခုတ်ထွင်ရှင်းလင်းလျက်ရှိပါတယ်" ဟု မီးသတ်စခန်းမှူး ဦးတင့်ဇော်က ပြောသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာမြို့ရှိ ကျောက္ကာလမ်း တစ်နေရာ၊ ရေကူးကန်လမ်း တစ်နေရာနှင့် ပါရမီဘော်ဒါဆောင်အနီး တစ်နေရာတို့တွင်လည်း သစ်ပင်၊ သစ်ကိုင်းများ လဲပြိုမှုအား ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျိုးပဲ့နေသောမြောင်းဖုံးအပေါက်ကို နင်းမိ၍ကလေးငယ်တစ်ဦး မြောင်းတွင်းသို့ပြုတ်ကျ

**ရန်ကုန် ဇူလိုင် ၃၁**
ကွန်ကရစ်ရေမြောင်းအတွင်းမှ ကလေးငိုသံကြားသဖြင့် ကျိုးပဲ့နေသောမြောင်းဖုံးအပေါက်မှ လေးနှစ်အရွယ်ကလေးငယ်တစ်ဦးအား ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာသူများက ဝိုင်းဝန်းကယ်တင်ဆယ်ယူလိုက်ရသော ဖြစ်ရပ်တစ်ခုကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စံပြဈေးရှေ့တွင် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကလေးမှာ ကြိုးပဲ့နေသောမြောင်းဖုံးပေါက်မှ လမ်းလျှောက်လာရင်း ရပ်လျက်အနေအထားဖြင့် မြောင်းထဲသို့ ကျသွားခြင်းကြောင့် ရင်ညွန့်အထိ မြောင်းရေများထဲသို့ နစ်သွားသော်လည်း ကံကောင်းထောက်မစွာ အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမြောင်းတွင် အလျား(၃)ပေ၊ အနံ(၂)ပေခန့် ရှိကွန်ကရစ်အဖုံးကျိုးပဲ့ကာ အပေါက်ဖြစ်နေသည်မှာ တစ်နှစ်ခန့်ရှိနေပြီဖြစ်ပြီး သက်ကြီးရွယ်အိုနှင့် အမျိုးသမီးငယ်များ၊ ဈေးသွားဈေးပြန်၊ လမ်းသွားလမ်းလာများ မကြာခဏအပေါက်ကျွံပြီး ထိခိုက်ဒဏ်ရာရကြသဖြင့် သက်ဆိုင်ရာမှအမြန်ပြုပြင်ပေးရန် ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာသူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

## ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်တားဆီးရေး ကျောက်ကြီးမြို့နယ်တွင်ကွင်းဆင်း ဆောင်ရွက်

**ကျောက်ကြီး ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မိုးရာသီ၌ ဖြစ်ပွားတတ်သော ကူးစက်မြန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေးအတွက် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမင်းအောင်နှင့်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက်မှစ၍ ကျောက်ကြီးမြို့မ စည်ပင်သာယာဈေးနှင့် မြို့မခ (၇) ရပ်ကွက်အတွင်း လမ်းဘေးတွင် ရောင်းချနေကြသော မုန့်ဟင်းခါးဆိုင်၊ ခေါက်ဆွဲဆိုင်၊ အသုတ်ဆိုင်နှင့် လက်လုပ်မုန့်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

"ဈေးကလည်း စည်းကမ်းတကျ ရောင်းချဖို့၊ ကျန်းမာရေးကလည်း ရောဂါကင်းဝေးဖို့ ဆွေးနွေးဆောင်ရွက်သွားကြတာ စစ်ဆေးပြီးလိုအပ်တာ ညွှန်ကြားသွားကြတာ ကျေးဇူးတင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေ မကြာခဏလည်းလုပ်ပေးစေချင်ပါတယ်" ဟု မုန့်ဟင်းခါးရောင်းချသူ ဈေးသည်တစ်ဦးက ပြောသည်။

မြို့နယ်စည်ပင်သာယာရေးနှင့် ကျန်းမာရေးဌာန ပူးပေါင်းအဖွဲ့သည် အစားအစာများအား သန့်ရှင်းလတ်ဆတ်စေရေး၊ ယင်လုံသံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး၊ ရေကောင်းရေသန့်များဖြင့် ဆေးကြောသန့်စင်ရေးနှင့် တစ်ခါသုံးလက်အိတ်များ အသုံးပြု၍ အစားအစာများကို ကိုင်တွယ်ရောင်းချရေးတို့အတွက် ဆွေးနွေးပညာပေးခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

**(၁၂၂)**



## အချိန်ခါမဟုတ် မျှင်များရရှိ၍ မျှင်ငါးပိများ လှိုင်လှိုင်ပေါ်ကာ ဈေးကောင်းရရှိ

**ရွှေသောင်ယံ ဇူလိုင် ၃၁**
မိုးရာသီတွင် တံငါလုပ်သားများမှာ ရာသီဥတုအခြေအနေကြောင့် ငါးရှားပါးမှုများရှိ၍ အလုပ်သိပ်မဖြစ်သော်လည်း အချိန်အခါမဟုတ် မျှင်အုပ်များတွေ့ရှိသဖြင့် မျှင်ငါးပိများ လှိုင်လှိုင်ပေါ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

သဘာဝအရ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို စသောလများတွင်သာ မျှင်များတက်လေ့ရှိသော်လည်း ယခုကဲ့သို့ဝါဆိုလမျိုးတွင် မျှင်တက်လေ့တက်ထမရှိဟု လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

သို့သော်လည်း ယခုအခါ ဝါဆိုလတွင် မျှင်အုပ်များကို ရွှေသောင်ယံကမ်းရိုးတန်းတစ်လျှောက် တွေ့ရှိရ၍ ရွှေသောင်ယံရှိ ရေလုပ်သားများအဖို့ မျှင်ကျော့ခြင်းလုပ်ငန်းဖြင့် မျှင်ငါးပိများ ပိသာချိန်ရာချီ၍ရရှိသဖြင့် တွက်ခြေကိုက်အမြတ်ထွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## ငါ့သရောက်မြို့နယ်တွင် မိုးခေါင်ပြီးနွားစာရှားပါးလာ၍ ဒေသခံတောင်သူများ နွားစာကောက်ရိုးများဝယ်ယူစုဆောင်းနေရ

**ငါ့သရောက် ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုလျော့နည်းနေသည့်အပြင် ရွာသွန်းသည့်မိုးမှာလည်း ကွက်ကျားမိုးသာရွာသွန်းနေ၍ မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ကျေးလက်နေတောင်သူများ စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းမှုလျော့နည်းလာခဲ့ကြောင်း သိရသည်။

ယင်းအပြင် ငါ့သရောက်မြို့နယ်တွင် လနှင့်ချီ၍ မိုးခေါင်နေသည့်အတွက် ယခုအချိန် ကျေးလက်နေတောင်သူများမှာ မိမိတို့မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် အစာရှားပါးမှု အခက်အခဲများနှင့်ပါ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာများအထိ ကားဖြင့်သွားရောက်ကာ စပါးကောက်ရိုးများကို ခင်းပြတ်ဝယ်ယူကြပြီး နွားစာများ စုဆောင်းကျွေးမွေးနေရကြောင်း ငါ့သရောက်မြို့နယ် ကူတောကျေးရွာမှ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ်မိုးက ပြီးခဲ့တဲ့နှစ်ထက် ပိုခေါင်ပါတယ်ဗျာ။ မိုးကရွာပြန်တော့လည်း နေရာအနှံ့ ရွာတာမျိုးမဟုတ်ဘဲ ကွက်ကျားမိုးအနေနဲ့သာ ရွာသွန်းနေတာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့မြို့နယ်မှာ မိုးမရွာတာ တစ်လကျော်လောက်ရှိနေပါပြီ၊ လနှင့်ချီပြီး မိုးခေါင်နေတာဖြစ်လို့ ကျွန်တော်တို့မြို့နယ်က တောင်သူတွေ စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေလည်း အောင်မြင်ဖြစ်ထွန်းမှုတွေ လျော့နည်းလာခဲ့ပါပြီဗျ။ ဒါ့အပြင် ကျွန်တော်တို့မြို့နယ်က ကျေးရွာအချို့မှာရှိတဲ့ တောင်သူတွေဆိုရင် မိုးမရွာလို့ နွားစာရှားပါးမှု အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဒေသက တောင်သူတွေ တော်တော်များများ ညောင်ဦးမြို့နယ်လက်ပံခြေပေါ်ကျေးရွာအထိ ကားဖြင့် သွားရောက်ပြီးတော့ စပါးကောက်ရိုးတွေကို ခင်းပြတ်ဝယ်ယူပြီး "ဒီလိုမျိုး ကားနဲ့ခင်းပြတ်ဝယ်တဲ့ အခါမှာလည်း ကျွန်တော်တို့က လူအများစုပြီး ဝယ်ကြတာပါ။ လူအများစုပြီးဝယ်တဲ့အတွက် ငွေအကုန်အကျသက်သာတဲ့အပြင် နွားစာလည်း များများရရှိပါတယ်။ စပါးကောက်ရိုးတွေကိုတော့ ရွာပြန်ရောက်တဲ့ အချိန်ကျ နွားစာစဥ်းစက်နဲ့စဥ်းပြီး နွားစာခြင်းတောင်းနဲ့ တောင်းချိန်ရေတွက်ပြီး ခွဲဝေယူကြပါတယ်။ ကျွန်တော်တို့ဒေသမှာ နွားစာရှားပါးမှုရဲ့ အဓိကပြဿနာက မိုးခေါင်မှုကြောင့်ဖြစ်ရတာဆိုတော့ သီးနှံစိုက်ခင်းတွေလည်း ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင်၊ ပြီးတော့ တောင်သူတွေ နွားစာရှားပါးမှုအခက်အခဲတွေလည်း ပြေလျော့သက်သာသွားအောင် မိုးရွာသွန်းစေချင်ပါပြီ" ဟု ငါ့သရောက် မြို့နယ် ကူတောကျေးရွာမှ စပါးကောက်ရိုးဝယ်ယူပြီး ပြန်လာသည့်တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

■

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

**တာပွန် ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် တာပွန်မြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီ ကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မကျည်းပင်စုကျေးရွာအုပ်စု သပြေလှကျေးရွာတွင် ဇူလိုင် ၂၃ ရက်က မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်ငွေးဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(၄၉၇)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာသုံးရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်

**သထုံ ဇူလိုင် ၃၁**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သထုံမြို့နယ် အနန်းပင်ကျေးရွာ၊ ဝင်းစိန်အလယ်ကျေးရွာနှင့် ဘူဒင်းချောင်း ကျေးရွာများသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်က သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ နယ်မြေခံ တပ်ရင်းမှူးရုံး၊ ဌာနဆိုင်ရာများနှင့် မြစိမ်းရောင်စီမံကိန်းကျေးရွာသုံးရွာမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**အိမ်တိုင်းမှာသစ်ပင် ရွာစဉ်မှာတောတန်း တစ်တောဝင် တစ်တောဆက် မြို့တက်မယ့်လမ်း**

# အခွန် (သို့မဟုတ်) ပြည်သူ့တာဝန်

**ဓ ရာဇာ (ဖွံ့ဖြိုးမှုပညာ)**

မိမိတို့နိုင်ငံ၏ အခွန်ကောက်ခံမှုမှ ရရှိငွေသည် အသုံးစရိတ်ထက် နှစ်စဉ် လျော့နည်းနေပြီး မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် အခွန်ကောက်ခံမှု အနည်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သက်သက်ခိုင်က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပြောကြားသွားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ဒုတိယ ခြောက်လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်(၁/၂၀၁၆)ကို ဆွေးနွေးကြရာတွင် “အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများ၏ အခွန်ကောက်ခံမှုနှုန်းသည် ပြည်တွင်းအသားတင်ထုတ်ကုန်(GDP)၏ ၁၇ ရာခိုင်နှုန်းရှိပြီး စင်ကာပူ၊ ဗီယက်နမ် နိုင်ငံများတွင် ၁၄ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာနိုင်ငံ၌မူ အခွန်ငွေစုစုပေါင်းသည် ပြည်တွင်းအသားတင်ထုတ်ကုန်၏ ငါးရာခိုင်နှုန်းအောက်လျော့နည်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့အတွက် အခွန်ကို ထိထိရောက်ရောက်ကောက်ခံနိုင်ရန်အတွက် အခွန်စနစ်ကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်အချိန်ဖြစ်ပါကြောင်း၊ အခွန်ကောက်ခံခြင်းစနစ်ကို ပြုပြင်ပြောင်းလဲခြင်းသည်သာ နိုင်ငံ့ကောင်းကျိုးအတွက် ကုစားရာဖြစ်သည်ဆိုသည့်အကြောင်းကို အကြံပြုဆွေးနွေးလိုပါကြောင်း၊ အခွန်ကောက်ခံမှုစနစ်ပြုပြင်ပြောင်းလဲခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲရန်အတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ အခွန်ဆောင်နိုင်သည့် အရည်အချင်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် မြေတောင်မြှောက်သင့်ပါကြောင်း၊ နိုင်ငံ့စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြစ်သကဲ့သို့ အစိုးရ၏ အခွန်ကောက်နိုင်သည့်စွမ်းရည်ကို တိုးမြှင့်ရာလည်းရောက်ပါကြောင်း” ထည့်သွင်းဆွေးနွေးသွားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်များသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းစ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော အချက်များဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံတွင် အခွန်ကောက်ခံခြင်းသည် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကာမိစေရန်အတွက် ဘဏ္ဍာငွေရရှိရေးကိုသာ ဦးတည်လျက် အခွန်ကောက်ခံခြင်းမဟုတ်ပါချေ။ နိုင်ငံတော်အစိုးရသည် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများချမှတ်၍ အောက်ပါရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းသာဖြစ်ပါသည်။

(၁) နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖြစ်ပေါ်စေပြီး ငွေကြေးလည်ပတ်မှုမှန်ကန်ကာ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်။

(၂) ပြည်တွင်း စားသုံးမှု ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်က ထိန်းညှိပေးရန်။

(၃) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်စေရန်။

(၄) ခနအင်အားမျှတစေရန်။

(၅) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်တို့ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံနှင့်အဝန်းအခွန်ကောက်ခံမှုသုံးမျိုးကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဝင်ငွေခွန်ကို The Income Tax Law (၁၉၇၄) အရလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကို The Commercial Tax Law (၁၉၉၀) အရလည်းကောင်း၊ တံဆိပ်ခေါင်းခွန်ကို The Myanmar Stamp Act (၁၈၉၉)၊ The Court Fees Act (၁၈၇၀)၊ အရလည်းကောင်း၊ အောင်ဘာလေသိန်းဆုခွန်ကို Directives Pertaining to State Lotttery အရလည်းကောင်း စနစ်တကျကောက်ခံလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အထက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြသွားသကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲရန်အတွက် ဝင်ငွေခွန်ခိုင်မာတောင့်တင်းရန်လိုအပ်ပါသည်။ အစိုးရတစ်ရပ်သည် မိမိပုံဖော်လိုသည့် စီးပွားရေး၊ လူမှုရေး မူဝါဒများကို ပါးစပ်ဖြင့်သာ ပုံဖော်လုပ်ဆောင်၍ မရနိုင်ပါ။ အခွန်ကောက်ခံမှုစနစ်ကို စနစ်တကျ ပုံစံချထားပြီးဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ ရရှိလာသည့် အခွန်ကို စနစ်တကျ အသုံးချပြီးမှသာ နိုင်ငံတော်တည်ဆောက်ရေးနှင့် အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအတွင်းတွင် လျာထားချက်ပြည့်မီသည့်အခွန် (၁၂) မျိုးရှိပြီး လျာထားချက်အောက်လျော့နည်းသည့် အခွန် (၇)မျိုးရှိပါကြောင်း၊ စုစုပေါင်း အခွန် (၁၉) မျိုးရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက စီမံခန့်ခွဲကောက်ခံနေသည်ဖြစ်ပါကြောင်း၊ အခွန်လျာထားချက်ကို ပြည့်မီခြင်း မပြည့်မီခြင်းဆိုသည်ထက် Text Resource နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြလိုပါကြောင်း၊ အခွန်များတွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အကောက်ခွန်နှင့် အထူးကုန်စည်ခွန်များသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပါကြောင်း၊ အခွန်ဆိုသည်မှာ တိုးရန်ရှိသကဲ့သို့ လျော့ရန်လည်းရှိပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း တိုးကောက်သွားရမည့်အခွန်များလည်း ရှိပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးကလည်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးသွားပါသည်။

ဤဆောင်းပါးတွင် အထူးတင်ပြလိုသည်မှာ ဝင်ငွေခွန်နှင့်ပတ်သက်၍ ဖြစ်ပါသည်။ ဝင်ငွေခွန်ဆိုသည့်အဓိပ္ပာယ်တွင် အမြတ်ငွေနှင့် အခြားအကျိုးအမြတ်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံသာလျှင်ဖြစ်ပါသည်။ ဤကဲ့သို့သောနိုင်ငံမျိုးတွင် တိုင်းပြည်ထူထောင်ရေးအတွက် ဝင်ငွေခွန်ကို မှန်ကန်စွာပေးဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်အပြည့်ရှိပါသည်။ နိုင်ငံတော်မှ အခွန်ကောက်ခံမှုစနစ်ကို ထိရောက်စွာ ဆောင်ရွက်ထားရန်လိုအပ်သကဲ့သို့ တာဝန်ကျေသော အခွန်ထမ်းစီးပွားရေးလုပ်ငန်းရှင်များစွာသည်လည်း နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်နေခြင်းဆိုသည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် တာဝန်ကျေသော အခွန်ထမ်းပြည်သူများစွာ လိုအပ်နေပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အခွန်လျာထားချက်သည် (၁၃၃၅ ဒသမ ၄၃၄) ဘီလီယံအနက် (၁၃၂၇ ဒသမ ၃၃၉) ဘီလီယံ ကောက်ခံရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ယနေ့လိုအချိန်အခါမျိုးတွင် နိုင်ငံသားတိုင်းသည်၊ စီးပွားရေးလုပ်ငန်းရှင်တိုင်းသည် အသိစိတ်ရှိစွာဖြင့် လျာထားချက်ထက် အဆပေါင်းများစွာကျော်လွန်သည်အထိ အခွန်ထမ်းဆောင်ကြရန် အရေးကြီးပါသည်။ လူများက နိုင်ငံအတွင်း ပညာရေးဘတ်ဂျက်ကနည်းသည်၊ ကျန်းမာရေးဘတ်ဂျက်ကနည်းသည် စသည်ဖြင့် အမျိုးမျိုးဝေဖန်နေကြသည်ကို တွေ့ရပါသည်။ သို့သော် ဤဘတ်ဂျက်များ ဘယ်ကရသည်ဆိုသည်ကိုမူ ဂဃနဏသိသူနည်းသေးသည်ဟု ဆိုချင်ပါသည်။ တစ်ခါလာလည်း မြေပေါ်မြေအောက်သယံဇာတကို မျက်စောင်းထိုးနေကြသည်။ အခွန်မှန်မှန်ဆောင်ကာ တစ်ဖက်တစ်လမ်းမှ တိုင်းပြည်အတွက် ဆောင်ရွက်ပေးမည်ဟူသည့်ပုဂ္ဂိုလ် အမှန်ပင်နည်းလှပါသေးသည်။ တစ်နေ့က ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ကျေပွန်စွာဝင်ငွေခွန်ထမ်းဆောင်ခဲ့သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးပို့ကာ ချီးကျူးခဲ့ပါသည်။ ထိုအထဲတွင် ထူးထူးခြားခြား လေးစားစရာကောင်းသော စီးပွားရေးကုမ္ပဏီတစ်ခုကို တွေ့လိုက်ရပါသည်။ ထိုကုမ္ပဏီမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထိ (၄) နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက်ဖြစ်ပါသည်။ ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် ဝင်ငွေခွန် (၆၀၁၅ ဒသမ ၃၉၇) သန်း အခွန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ အခွန်စည်းကြပ်နှစ်တွင် ဝင်ငွေခွန် (၁၀,၈၂၇ယ ဒသမ ၇၀) သန်း ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆုကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်တွင် ဝင်ငွေခွန် (၁၇,၀၆၂ ဒသမ ၆၆) သန်း ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆုတို့ကို ရရှိထားသည့် ကမ္ဘောဇဘဏ်လီမိတက် ဖြစ်ပါသည်။ ကမ္ဘောဇဘဏ်လီမိတက်သည် ယခုနှစ်တွင်လည်း ဝင်ငွေခွန်အများဆုံးအဖြစ် (၂၂,၀၁၃ ဒသမ ၆၁) သန်း ပေးဆောင်ခဲ့ပြီး ဝင်ငွေခွန်ပထမဆု ရရှိသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက “၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမအများဆုံးထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့်အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆထက်ထမ်းပိုး တိုးတက်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်” ဟု ဖော်ပြပါရှိသော ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်း သိခဲ့ရပါသည်။

ထိုသို့ တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က “နိုင်ငံတော်တည်ဆောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ကမ္ဘောဇဘဏ်အနေနဲ့ အခုလို အများဆုံးအခွန်ထမ်းဆောင်နိုင်တာကို အလွန်ဂုဏ်ယူမိပါတယ်။ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် ငွေကျပ် (၂၂,၉၅၉ ဒသမ ၈၃) သန်းနဲ့ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် ငွေကျပ် (၂၈,၀၀၀ ဒသမ ၀၀) သန်းကို ကြိုတင်ခွန်ပေးသွင်းပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် လျာထားတဲ့ဝင်ငွေခွန် ငွေကျပ် (၃၂,၀၀၀ ဒသမ ၀၀) သန်းကိုလည်း ကြိုတင်ခွန်ပေးသွင်းလျက်ရှိနေပါတယ်။ ဒါ့အပြင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို ထူထောင်ပြီး မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်စောင့်ရှောက်ရေး၊ Water Project နဲ့ အခြားပရဟိတလုပ်ငန်းတွေအတွက် စုစုပေါင်းကျပ်ငွေ (၁၀၅) ဘီလီယံကျော်ကိုလည်း လှူဒါန်းနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း နိုင်ငံတော်အတွက် နှစ်စဉ် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်သွားမယ့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ တစ်ထောင့်တစ်နေရာကနေ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာပါ” ဟု ဆိုပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်သူပြည်သားတိုင်းသည် ပြည်သူ့တာဝန်တစ်ရပ်အနေဖြင့် မှန်ကန်သောအခွန်ငွေကို ပေးဆောင်ခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အသိစိတ်ဓာတ်ရှိစွာ ဆောင်ရွက်ကြမည်ဆိုလျှင် မိမိတို့၏နိုင်ငံသည်လည်း မကြာမီကာလအတွင်း ဖြောင့်ဖြူးအေးချမ်းသာယာတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ရောက်ရှိလာမည်မှာ မလွဲပါဟု တင်ပြလိုက်ရပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမ အများဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) Kanbawza Bank Ltd. သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှု အပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့်အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆထက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

နေပြည်တော်

**ကမ္ဘောဇဘဏ်လီမိတက်မှ အခွန်စည်းကြပ်နှစ်အလိုက်**
**နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာသယ်ပိုးထမ်းဆောင်ခဲ့ခြင်း။**

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့်အခွန်ငွေ | အဆောင် |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | နိုင်ငံတော်သမ္မတ “ နိုင်ငံ့စွမ်းဆောင်ရည်ဆု” ဝင်ငွေခွန် “ပထမဆု” |
| ၂ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | နိုင်ငံတော်သမ္မတ၏ “အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု” ဝင်ငွေခွန် “ပထမဆု” |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | နိုင်ငံတော်သမ္မတ၏ “အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု” ဝင်ငွေခွန် “ပထမဆု” |
| ၄ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ဝင်ငွေခွန် “ပထမဆု” |
| ၅ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ကြိုတင်ခွန်ပေးသွင်းပြီး |
| ၆ | ၂၀၁၆-၂၀၁၇ | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန်ပေးသွင်းပြီး |
| ၇ | ၂၀၁၇-၂၀၁၈ | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန်ပေးသွင်းလျက်ရှိပါသည်။ |


LG
Life's Good
UP TO OFF 30%
RENOVATION CLEARANCE SALE
DISPLAY ITEMS ONLY
WHILE STOCKS LAST!
@ LG BRAND SHOP (KABARAYE)
28TH JULY ~ 3RD AUGUST | 2016
ရန်ကုန်မြို့ရှိ LG BRAND SHOP (KABARAYE) ကို အသစ်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရန်ရှိပါသဖြင့်
ဩဂုတ်လ (၅) ရက်နေ့မှ စတင်ပြီး ခေတ္တပိတ်ထားမည်ဖြစ်ပါသောကြောင့် LG BRAND SHOP (SULE),
LG BRAND SHOP (PANSODAN) နှင့် LG BRAND SHOP (MYANMAR PLAZA) တို့တွင် ဝယ်ယူအားပေးနိုင်ပါကြောင်း
LG ချစ်သူ မိတ်ပြည်သူအပေါင်းကို လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။
TMW Enterprise Limited
20TH JULY ~ 31ST AUGUST အထိပြုလုပ်နေသော MONSOON SALE PROMOTION တွင်လည်း အထူးဈေးနှုန်း အထူးလက်ဆောင်များဖြင့် ဆက်လက်ရောင်းချပေးနေပါသည်။
Pearl St.
Har Min Tic
Kabar Aye Pagoda Road
LG Brand Shop
LG Brand Shop Kabaraye
အမှတ် (၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ၀၁-၈၆၀၃၃၃၅
LG Brand Shop Sule ၀၁-၃၇၉၉၅၅၊
LG Brand Shop Pansodan ၀၁-၂၅၄၅၆၁၊
LG Brand Shop Myanmar Plaza ၀၉-၉၇၄၀၀၅၀၄၄
LG loves Myanmar
TMW Enterprise Limited


မြန်မာ့အမြန်ဆုံးကွန်ရက်
အူရီဒူး 4G PLUS
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
ooredoo
4G PLUS
ရန်ကုန်၊ မန္တလေး၊
နေပြည်တော်တွင် ရပြီ။
အခြားမြို့များတွင်လည်း
လာတော့မည်။
အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ကြော်ငြာ


### "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

သံဝေဇနိယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၀၀၃-၂၀၀၄) ခုနှစ်မှစတင်ကာ (၁၄နှစ်) တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့ သော "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့" သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုစိတ်ချမ်းသာစွာဖြင့်ဘုရားဖူးသွားလိုသောရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအနေဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းနှိုးဆော်အပ်ပါသည်။

**(၁၄ည/၁၅ရက်)ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ်(၂)ညတည်းခိုမည်ဖြစ်ပါသည်။**

(၁) ၁၃.၁၀.၂၀၁၆ (၂) ၈.၁၁.၂၀၁၆ (၃) ၂၄.၁၁.၂၀၁၆ (၄) ၂၄.၁၂.၂၀၁၆
(၅) ၁၄.၁.၂၀၁၇ (၆) ၄.၂.၂၀၁၇ (၇) ၂၀.၂.၂၀၁၇ (၈) ၂၅.၂.၂၀၁၇
(၉) ၄.၃.၂၀၁၇ (၁၀) ၁၈.၃.၂၀၁၇ (၁၁) ၈.၄.၂၀၁၇ နေ့တွင်ထွက်ခွာပါမည်။

အမှတ် (၄၅)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၂၁၁၉၄၄၊ ၂၁၁၉၅၅၊ ၂၂၉၃၁၅၊ ၂၂၂၇၂၅
၀၉-၅၆၄၁၀၅၆၅၆ / ၀၉-၅၆၄၁၀၅၇၅၇ / ၀၉-၅၆၄၁၀၅၈၅၈ / ၀၉-၅၆၄၁၀၅၉၅၉

### ရွှေခေါင်းလောင်း
မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေး
ရွှေတောင်ပြန်းပွဲတော်မင်းနှစ်ပါးချီးရေတော်သုံးပွဲတော်

ရွှေတောင်ပြန်း (၂)ညအိပ် မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်အနှံ့၊ ကျောက်စိမ်းစေတီတော်၊ ကျောက်ဆည်မြို့ရှိဘုရားများ ဖူးမျှော်ကြပါမည်။ (၁၂.၈.၂၀၁၆ ရက်နေ့ထွက်ပါမည်)
(၃)ညအိပ်(၄)ရက်ခရီး(ထမင်းကျွေး) ➢ တစ်ဦး-၅၀ထောင်/- Exp Air-con ကားကြီးဖြင့် ပို့ဆောင်ပေးပါမည်။
Ph : 254499128, 09 255857899, 09 451127809

### ရွှေလမ်းခရီး ... မှ ရွှေတောင်ပြုံးသို့
* ရွှေတောင်ပြုံး၊ မန္တလေး၊ မဟာမြတ်မုနိ၊ ဝေဠုဝန ကျောက်စိမ်းစေတီတော်
* ရွှေတောင်ပြုံး၊ မန္တလေး၊ ဝေဠုဝန ကျောက်စိမ်းစေတီတော်၊ ပြင်ဦးလွင်ဘုရားစုံ
* ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စဉ့်ကိုင်၊ မုံရွာ၊ ကျောက်စိမ်းစေတီတော်
* ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ကယားပြည်နယ်-လွိုင်ကော်
* ရွှေတောင်ပြုံးနှင့်တွဲလျက် အထက်မြန်မာပြည် ဘုရားစုံဖူး ခရီးစဉ်များ
**(၁၂-၈-၂၀၁၆)ထွက် ရွှေတောင်ပြုံးလက်မှတ် ကြိုတင်လက်မှတ်ရောင်းပြီ**
* ပုဂံ၊ ပေါင်ဦး-ပုပ္ပါး * တောင်ကြီး၊ အင်းလေး * မန္တလေး၊ ပြင်ဦးလွင်၊ စဉ့်ကိုင်၊ မုံရွာ(သောကြာ)
* ကျိုက်ထီးရိုး * ဇလွန် * ပြည်၊ အကောက်တောင် * ချောင်းသာ/ငွေဆောင်
အမှတ်(၃၁၅)၊ မန်းဆိုးတန်းလမ်း။ 09401589907,095124678,098627170

### စိန်ပင်နှင့်ရောင်းရင်းများ
ရွှေတောင်ပြုံးပွဲတော်သို့ (၁၂-၈-၂၀၁၆)နေ့ထွက်မည်
▲ တောင်ပြုံး၊ မန္တလေး၊ ကျောက်စိမ်းစေတီ (သီးသန့်) (၃)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ အင်းဝ ဘုရားစုံ (၅)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စဉ့်ကိုင်၊ မုံရွာ၊ ရွှေဘို (၆)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး (၇)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေးဆူ (၇)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက်။
▲ ကျိုက်ထီးရိုး/ချောင်းသာ (သောကြာ) ▲ ထုံးဘို အကောက်တောင် (စနေ) ▲ ဇလွန် (တနင်္ဂနွေ)
အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်) 01-249871,255553,09-5137245,09-5122511

### UNIQUE STAR TRAVELS & TOURS

| | | |
|---|---|---|
| ဗန်ကောက် ခရီးစဉ် | Aug: 13, 27 / Sep: 12, 19 / Oct: 8, 22 | (300 $ / 400 $) |
| ဗီယက်နမ် ခရီးစဉ် | Aug: 13, 27 / Sep: 12, 26 / Oct: 8, 22 | (300 $ / 400 $) |
| စင်ကာပူ ခရီးစဉ် | Aug: 12, 26 / Sep: 12, 26 / Oct: 8, 22 | (400 $ / 500 $) |
| စင်ကာပူ+မလေးရှား | Aug: 20 / Sep: 26 / Oct: 22 | (700 $ / 900 $) |
| ဗီယက်နမ်+ကမ္ဘောဒီးယား | Aug: 20 / Sep: 26 / Oct: 22 | (600 $/ 700 $) |
| ဗန်ကောက်+ဖူးခက် | Aug: 13, 27 / Sep: 12, 19 / Oct: 8, 22 | (500 $ / 600 $) |
| ဗန်ကောက်+ချင်းမိုင် | Aug: 13, 27 / Sep: 12, 19 / Oct: 8, 22 | (300 $ / 400 $) |

No(70/A),Kabaaye Pagoda Rd. Ph: 708 353, 705 723, 09 7310 9133 -44 -55 -66, 09 514 8079.


### လယ်တီမူအနာဂါမ်ဆရာသက်တရားစခန်းဖွင့်မည်

လယ်တီမူအနာဂါမ်ဆရာသက်တရားစခန်းကို အောက်ပါနေ့ရက်များတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က ဗိုလ်တထောင်စေတီတော်တွင် လစဉ်-၁ရက်မှ ၇ရက်ထိ နံနက် ၇နာရီမှ ညနေ ၄း၃၀နာရီထိလည်းကောင်း၊ လစဉ် ၁၅ရက်မှ ၂၁ရက်ထိ ညနေ ၆နာရီမှ ၇း၃၀နာရီထိလည်းကောင်း၊ ဩဂုတ်လ ၂၄ရက်မှ ၂၉ရက်ထိ ဒလ-အုံ့ကြီးဓမ္မရသရိပ်သာတွင် ဟောကြားပို့ချပေးမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်အားထုတ်နိုင်ပါသည်။


### Pleasant Times
Travels & Tours Co., Ltd

- Local Guide (ကျား၊မ) (၁၀)ဦး အတွေ့အကြုံရှိရန်မလိုပါ။
- Sales & Marketing (မ) (၃) ဦး အတွေ့အကြုံရှိရပါမည်။

ဘွဲ့ရဖြစ်ပြီး အသက်(၃၀)နှစ်ထက်မကျော်သူ ဖြစ်ရပါမည်။
ဝန်ဆောင်မှု လုပ်ငန်းကိုစိတ်ပါဝင်စားသူ ဖြစ်ရပါမည်။
Computer (Microsoft Office), Photoshop, Internet & E-mail အသုံးပြုနိုင်သူ ဖြစ်ရပါမည်။ လျှောက်ထားသူသည် CV Form၊ လိုအပ်သည့် စာရွက် စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၇၃)၊ ပထမထပ်၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး နှင့် အုန်းပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09 -730 72 661, 09 - 454 454 310, 09 - 252 872 529




### SMART GIRLS
ကိုယ်ကာယသင်တန်း နှင့် အဆီချလုပ်ငန်း

သောက်ဆေးလုံးဝမပါဘဲ ဘေးဥပါဒ်မဖြစ်စေသော ဆေးများလိမ်း၍ ခန္ဓာကိုယ်မှပိုသောအဆီများကို (၁၂)ရက်အတွင်း အမြန်ဆုံးနှင့်အထိရောက်ဆုံး အားမဲ့ဖြင့် အဆီချပေးနေပါပြီ။ (Lady Only)

(၁) ရိုးလျှင် 10 % Discount

အမှတ် (၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ 09-257666799, 09-31559666
၇၇×၇၈ ကြား၊ ၃၁×၃၂ ကြား၊ နှင်းဆီ - တိုက် (၆)၊ ချမ်းအေးသာစံရပ်၊ မန္တလေးမြို့။ 09-73181189, 09-420081189
ဝန်ထမ်းအလိုရှိသည်

### Mandalay U-PVC Co.,Ltd.

U-PVC တံခါး/ပြတင်းပေါက် ကျည်းခွေ၊ ကျည်းဘောင် နှင့် စပ်ဆက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရေး

လမ်း 60၊ (B)လမ်း၊ ဗိုးရာဇာနှင့်ကနောင်မင်းသားကြီးလမ်းကြား၊ (ဈ)ရပ်ကွက် (H-188)၊ စက်မှုဇုံ (၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
09-960932288, 09-960932299








ဇီ ဝ မျိုး စုံမျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# မြန်မာနိုင်ငံတွင် Rolls-Royce မော်တော်ကား Service Center ဖွင့်လှစ်လိုက်ပါပြီ။



Rolls-Royce Motor Cars မှ Prestige Automobiles Co., Ltd အား မြန်မာနိုင်ငံ၏ တရားဝင် Rolls-Royce ဝန်ဆောင်မှု ကိုယ်စားလှယ်အဖြစ် ဩဂုတ်လ (၁) ရက် နေ့တွင် ခန့်အပ်လိုက်ပါသည်။

မြန်မာနိုင်ငံရှိ Rolls-Royce မော်တော်ကားပိုင်ရှင်များအနေဖြင့် မိမိတို့၏ Rolls-Royce မော်တော်ကားများကို အကောင်းဆုံး ပြုပြင်ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်ရန်အတွက် ၃၆၀ ဒီဂရီ ပြည့်စုံသော စစ်ဆေးမှုအား ရန်ကုန်မြို့ရှိ Rolls-Royce Service Center အသစ်တွင် ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Rolls-Royce မှ စနစ်တကျ သင်ကြားပေးထားသော အရည်အချင်းပြည့်ဝသည့် Technicians များမှ အဆင့်မြင့် Rolls-Royce ကားများကို ပြုပြင်ထိန်းသိမ်းမှုအတွက် နည်းပညာနှင့် အရည်အသွေး ကောင်းမွန်ပြီး ရှာဖွေစမ်းသပ်နိုင်မည့် diagnostics စက်ကိရိယာ အပြည့်အစုံဖြင့် စတုရန်းမီတာ ၆၀၀၀ ရှိသော အဆောက်အဦးတွင် Phatom, Ghost, Wraith နှင့် Dawn အစရှိသည့် Rolls-Royce မော်ဒယ်များအားလုံးကို ဝန်ဆောင်မှု ပေးသွားမည် ဖြစ်သည်။ Rolls-Royce မော်ဒယ်များအတွက် အပိုပစ္စည်းအစုံအလင်ကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။





**Prestige Automobiles Co.,Ltd. The Authorised Rolls-Royce Service Facilitor in Myanmar**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar
Service Hotline : 01 2306144 Email : info@pac-bmw.com

# ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်မြစိန်

**တော်ဝင်စိန်ရွှေရတနာဆိုင်၊ ပျဉ်းမနားမြို့**

## အသက် (၈၈)နှစ်

ပျဉ်းမနားမြို့၊ ရန်အောင် (၁)ရပ်ကွက်နေ (ဦးထွန်းတင်-ဒေါ်ဝင်း)တို့၏ သမီး၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ (၆)လမ်းနေ (ဦးတင်မောင်)၏ဇနီး၊ (ဦးကိုကို)၊ (ဦးချို)၊ (ဒေါ်မြမြ)တို့၏ညီမ၊ ဒေါ်သိန်းသိန်းချို၊ (ဒေါ်မြင့်မြင့်ချို)တို့၏အစ်မ၊ ဦးအမိုးမြင့်-ဒေါ်ဥမ္မာခင် (စိန်ထက် စိန်ရွှေရတနာဆိုင်)၊ ဦးစိုးနိုင် (စက်ရုံမှူး၊ ကစစ-၁၅၊ သာဂရစက်မှုဝန်ကြီးဌာန)-ဒေါ်တင်အေးမြင့်၊ ဦးတိုးခိုင်(ညွှန်ကြားရေးမှူး၊ မြို့ပြ၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်း)-ဒေါ်တင်တင်နု၊ ဦးမျိုးလှိုင်-ဒေါ်နန်းလောဝ်ဆိုင် (တော်ဝင်စိန်ရွှေရတနာဆိုင်)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး ဒေါ်မြစိန်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ဝ၀း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေကန်၊ခေါင်းလောင်း ဒါယကာကြီး

## ဦးအုန်းသော်(သထုံ) (၉၄)နှစ်

**အမှတ်(၆)၊ သစ်စက်(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ-ရန်အောင်လမ်း၊ အမှတ်(၁၅)နေ ဒေါ်မြမေ၏ခင်ပွန်း၊ ဦးဟံငြိမ်း-ဒေါ်ရီခင်၊ ဦးတင်ဝင်း-ဒေါ်မော်ရီမြင့်၊ ဦးကျော်ဝင်း-ဒေါ်ခင်သန်းနွဲ့၊ ဦးတင်အောင်-ဒေါ်ဝင်းဝင်းသန်း၊ ဦးမြင့်ဇော်-ဒေါ်ခင်မော်လွင်တို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ဝ၀း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမေ (သဲကုန်းမြို့)

## အသက် (၉၃)နှစ်

အရှင်ဦးရေဝတ၏ ရဟန်းမယ်တော်ကြီး၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အမှတ် (၅၁၈)၊ ညောင်စင်တန်းလမ်းနေ ဦးတင်ငွေ-ဒေါ်ခင်ဝင်း၊ ဦးကျော်လှိုင်-(ဒေါ်ခင်လုံးကြည်)၊ ဦးခင်လတ်-ဒေါ်ခင်စောဦး၊ ဦးအောင်ဌေး-ဒေါ်နန်းအေးရွက်၊ ဦးမြင့်အောင်-ဒေါ်ခင်ဖုန်းမြင့်တို့၏မိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၆ (စနေနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အေးငြိမ်းရာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးကြည်(ခ)ဦးထွန်းကြည်

## အသက် (၈၇)နှစ်

**ကြို့ပင်ကောက်မြို့၊ ရွှေကျောင်းရိပ်သာ၏ ရာသက်ပန်ယောဂီ**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ပွဲစားတန်းလမ်းအနောက်ပိုင်းနေ (ဒေါ်စန်းလွင်)၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်လွင်၊ ဦးမျိုးလွင်၊ ဒေါ်ဇာဇာဦး၊ (ဦးထွန်းလှအောင်)-ဒေါ်သန်းသန်းနု၊ ဦးဝင်းသန်း-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်ကြည်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၃း၄၅ နာရီတွင် ကြို့ပင်ကောက်မြို့၊ အောင်မြင်မြင့်မိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အောင်ဒင်လမ်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထားထားရီ (၈၁)နှစ်

**ဆူးလေစနေပရိတ်အဖွဲ့ နာယက**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ CLASSIC STRAND CONDOMINIUM၊ တိုက် (၆၉၉-၇၀၁)၊ အခန်း(၂၂)နေ (မုံရွာ ဦးညဏ်ထွန်း)၏ဇနီး၊ ဒေါက်တာလှတင့် (ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဒေါက်တာတင်မေထွန်း (ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင် ဒေါ်ထားထားရီ (၈၁)နှစ်သည် ၂၈-၇-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာသဇင်လွင်**
**နှင့် PGDL မိသားစု**
**(ရန်ကုန်အဝေးသင်တက္ကသိုလ်)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထားထားရီ (၈၁)နှစ်

**ဆူးလေစနေပရိတ်အဖွဲ့နာယက**

ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဦးလှတင့်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်း (ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင်ကြီး ဒေါ်ထားထားရီ (၈၁)နှစ် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**PGDL ဘွဲ့ရ**
**တရားလွှတ်တော်ရှေ့နေများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ညွှန့် အသက်(၇၆)နှစ်၊ B.E Mrch, F.MES, FRINA [UK ASEAN Engr. (စက်မှုစီးပွားထူးချွန်ပထမဆင့်)၊ အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန]သည် ၂၈-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဌာန**
**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ**
**ဆရာမများနှင့် ကျောင်းသား/သူများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းလွင်

## အသက်(၄၇)နှစ်

**အငယ်တန်းအင်ဂျင်နီယာ(၂)လျှပ်စစ်**
**လျှပ်စစ်အလုပ်ရုံ၊ ရန်ကုန်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန လျှပ်စစ်ဌာနခွဲ၊ လျှပ်စစ်အလုပ်ရုံ(ရန်ကုန်)မှ ဦးထွန်းလွင်သည် ၃၀-၇-၂၀၁၆(စနေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဌာနခွဲ၊ အဆောက်အဦဦးစီးဌာန**

---

## ဦးထွန်းအောင်ကျော်

## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၁)လမ်းနေ (ဦးအောင်သန်းကြည်-ဒေါ်တင်ဦး)တို့၏ တစ်ဦးတည်းသောသား၊ အင်းစိန်မြို့နယ်၊ မှူခင်းတပ်ဖွဲ့ဝင်း၊ (၃)လမ်း၊ အမှတ်(၂၆)နေ ရဲမှူးခင်လေးမြင့်(မှုခင်းရဲတပ်ဖွဲ့)၏ခင်ပွန်း၊ မောင်ကျော်ဝင်းသော်၊ မချောခင်ခင်(ခ) ချစ်စနိုးတို့၏ ချစ်လှစွာသောဖခင်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း(ကမာရွတ်) (၇၉)နှစ်

**ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**
**အမက(၆)၊ သာကေတ**
**အထက (၅)၊ ကမာရွတ်**

(ဦးမောင်ချစ်-ဒေါ်ချစ်)တို့၏ သား၊ (ဦးလှမောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ အမှတ်(၅၂)၊ (ပ)ထပ်၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်ခင်ကြွယ်၏ခင်ပွန်း၊ ဦးမင်းထွဋ်-ဒေါ်ခင်ခင်ဝင်း၊ ဦးခင်ဝင်း-ဒေါ်ညိုညိုဝင်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

## ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်နုနု(ရ/၁၈၅၄) (၈၁)နှစ်

**(နုနုစာပေဗိမာန်)**
**စာကြည့်တိုက်မှူး(ငြိမ်း)စာပေဗိမာန်**
**ဒဂုံမြို့နယ်စာပေလုပ်သားဥက္ကဋ္ဌ(ငြိမ်း)**
**(UMFCCI)**

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ တိုက်(၃)၊ အခန်း(၈)နေ (ဦးကျော်မြ-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးဘဖေ-ဒေါ်ဒေါ်ဂေါက်)တို့၏ သမီးချွေးမ၊ (ဦးကိုကိုရီ)၏ ဇနီး၊ (ဒေါ်လဲ့လဲ့ရီ)၊ ဒေါ်ဥမ္မာရီ(စိုက်ပျိုးရေး)၊ (ဦးတင်အောင်ရီ)၊ (ဦးကျော်သူရီ)-ဒေါ်ကြူကြူတို့၏ မိခင်ကြီးသည် ၂၈-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းလွင် (၄၇)နှစ်

**အငယ်တန်းအင်ဂျင်နီယာ(၂)**
**လျှပ်စစ်အလုပ်ရုံ(ရန်ကုန်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၁၄၂၆)နေ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်ကြည်တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပညာ (၁)လမ်း၊ အမှတ် (၆/ခ)နေ ဦးဘငွေ-ဒေါ်မြမှုန်တို့၏သားသမက်၊ ကိုဌေးလွင်၊ မမီမီလွင်၊ ကိုဝင်းလွင်အောင်-မသက်သက်ဖြိုး မစန်းစန်းမြင့်၊ ကိုစိုးပိုင်-မနန်းစုစုထွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်(၅၄)၊ တိုက်(၂)၊ အခန်း(၁၁)နေ ဒေါ်အေးအေးမာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းဆက်လွင်(Grade-10၊ အထက-၂၊ ဒဂုံမြို့နယ်)၊ မရည်မွန်သန့်(KG၊ အထက-၂၊ ဒဂုံမြို့နယ်)တို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်သည် ၃၀-၇-၂၀၁၆ (စနေနေ့) ညနေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့နယ်၊ စကားဝါလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်နိုင်

## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ် (၅၇၄)နေ ဦးရန်နိုင်- (ဒေါ်ခင်ခင်ကြွယ်)တို့၏ သားငယ်၊ ဦးမင်းနိုင်၏ ညီငယ်၊ မငြိမ်းငြိမ်း၏အစ်ကို ဦးအောင်နိုင်သည် ၃၁-၇-၂၀၁၆ရက် နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးမြင့်(ခ)

## အေးလေး (၇၅)နှစ်

**(ဒိုက်ဦး-ရန်ကင်း)**

[ဦးစိန်-ဒေါ်အုံးကြည်(ဒိုက်ဦး)]တို့၏ သမီးကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၀၄)နေ ဦးဝင်းကြည်(၃) (အကောက်ခွန်-ငြိမ်း)၏ဇနီး၊ ဒေါ်မော်လီစိန်၏အစ်မ၊ ဒုရဲမှူး ဦးအေးကြူ (မိုးကောင်းမြို့နယ်စခန်းမှူး)-ဒေါ်နှင်းနှင်းဦး၊ ဒေါ်ဆွေဆွေလွဲ၊ ဦးကျော်ဇေယျ-ဒေါ်ယုယုမွန်၊ ဦးတိုးဝင်းနိုင်-ဒေါ်သီတာဦး(အားကာ/သိပ္ပံ)၊ ဦးမျိုးမြင့်ထွေး-ဒေါ်မိုးပိတောက်တို့၏ မိခင်၊ မောင်ခိုင်မြ-မစိုးဟေမာဦး၊ မောင်အောင်ပြည့်စုံ၊ မောင်သီဟအောင်၊ မသံစဉ်လင်း၊ မဆုမြတ်နိုးတို့၏အဘွား၊ မောင်ခန့်ဇွဲနောင်၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၆ (စနေနေ့) နံနက် ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မင်း(ခ)ဦးချယ်ရီ

## အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် (၄၁)နေ ဦးအေးလွင်-ဒေါ်မြင့်မြင့်တို့၏သားလတ်၊ ဘားအံမြို့နေ ဦးဟန်ရှိန်-ဒေါ်စန်းစန်းအေး၊ ရန်ကုန်မြို့နေ (ဦးကျော်တင့်)-ဒေါ်ခင်သိန်းဝင်းတို့၏မောင်၊ ဦးအေးကျော်-ဒေါ်အေးအေးမြင့်၊ ဩစတြေးလျနေ ဦးမြင့်သိန်း-ဒေါ်မူယာစိုး၊ မန္တလေးမြို့နေ ဦးခင်ဇော်-ဒေါ်ဆွေဆွေမြင့်တို့၏အစ်ကို၊ ဒေါ်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်စည်သူစိုး)၊ မောင်နန္ဒကျော်သူတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) တွင် အမှတ် (၄၁)၊ ဦးကြွယ်ဟိုးလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်မိုးကြည်(ခ)

## DESMOND အသက်(၅၀)

**C.D.C- 18460**
**AMAS SHIPPING CO; LTD**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ ခြံအမှတ်(၁၅၇/အေ)နေ [ဦးကြည်တင်(လေယာဉ်စခန်းမှူး-ငြိမ်း၊ DCA)-ဆရာမ ဒေါ်နုနုထွား(ငြိမ်း)]တို့၏သားကြီး၊ (ဦးဖေဆန်း-ဒေါ်လှစိန်)တို့၏သားသမက်၊ CAROLINE သန်းသန်းဆင့်၏ ချစ်လှစွာသောခင်ပွန်း၊ VINCENT ညီဇေမိုး၏ဖခင်သည် ၃၀-၇-၂၀၁၆ (စနေနေ့) ည ၁၀း၅၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် LADY OF FATIMA၊ မြေနီကုန်းဘုရားကျောင်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းစိုး

## အသက် (၆၇)နှစ်

**မိုးညှင်းယောဂီ (အိမ်မဲ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးညှင်းဝိပဿနာတိုက်သစ်နေ (ဦးဝမ်နိုင်-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးအေးရွှေ-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊ (ဦးသာဟန်)-ဒေါ်ကြည်ကြည်၊ (ဦးချစ်ဆွေ-ဒေါ်ဝင်းကြည်)၊ (ဒေါ်အေးမြင့်)၊ ဦးဝင်းအောင်-ဒေါ်သန်းမြင့်၊ (ဒေါ်ညွန့်ဌေး)တို့၏ညီမ၊ (ဦးဝင်း)၏ဇနီး၊ ဦးသန်းဇော်-ဒေါ်လွင်မာသန့်တို့၏ အစ်မ၊ ဦးသန်းထိုက်-ဒေါ်ခင်ဇာခြည်တင်၊ ဦးဝင်းမြတ်ကျော်-ဒေါ်မင်းမင်းဟိန်း၊ မအိအိဖြူတို့၏မွေးသမိခင် ဒေါ်သန်းစိုးသည် ၃၀-၇-၂၀၁၆ ရက် ည ၁၀း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မိုးညှင်းကျောင်းမှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ မိုးညှင်းကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်လှထွန်း(မင်းဘူး)

## အသက် (၅၅)နှစ်

**H.G.P., LL.B.,D.B.L., D.M.L**
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံ(၄)လမ်း၊ အမှတ်(၁၇/၅ဘီ)နေ ဦးရွှေတင်-ဒေါ်တင်တို့၏ သားငယ်၊ မင်းဘူးမြို့နယ်နေ ဦးအေးဆွေ (လူမှုဖူလုံရေး-ငြိမ်း) - ဒေါ်ဝေဝေတင် (အထက-၁၊ မင်းဘူး)တို့၏ညီ၊ မဝေဝသန်အေးဆွေ (MMB Bank)၊ မောင်ချမ်းမြေ့အေးဆွေ၊ မောင်ဘိုဘိုအေးဆွေတို့၏ ဦးလေးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်မိုးကြည်(ခ)

## DESMOND အသက်(၅၀)

**C.D.C- 18460**
**AMAS SHIPPING CO; LTD**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ ခြံအမှတ်(၁၅၇/အေ)နေ [ဦးကြည်တင်(လေယာဉ်စခန်းမှူး-ငြိမ်း၊ DCA)-ဆရာမ ဒေါ်နုနုထွား(ငြိမ်း)]တို့၏သားကြီး၊ ဦးတင်လှိုင်မို-ဒေါ်မြမြသန်း၊ ဒေါ်တင်တင်လှိုင်မို-(ဦးခင်မောင်ရင်)၊ ဦးသန်းမောင်လှိုင်မို-ဒေါ်လဲ့လဲ့ဟန်၊ ဦးသိန်းမောင်လှိုင်မို-ဒေါ်စိုးစိုးမျိုး၊ (ဦးသူရမင်း)-ဒေါ်မာနန်း၊ ဒေါ်အေးအေးမင်း-ဦးမောင်မောင်သန့်၊ ဒေါ်စမ်းစမ်းမင်း-ဦးညီညီဝင်းတင်၊ (ဒေါ်မေမေတင်-ဦးခင်မောင်သန်း)၊ ဦးချိုတင်-ဒေါ်စိန်ထွေး၊ ဦးသီဟမင်း-ဒေါ်ခင်နှင်းဦး၊ ဒေါ်မီမီတင်၊ ဒေါ်စံပယ်တင်-ဦးဝင်းထွဋ်၊ ဦးသော်အောင်တင်-ဒေါ်ဝင်းဝင်းအောင်တို့၏ ညီ/မောင်/အစ်ကို ဦးတင်မိုးကြည်သည် ၃၀-၇-၂၀၁၆ (စနေနေ့) ည ၁၀း၅၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်နှင့် LADY OF FATIMA၊ မြေနီကုန်းဘုရားကျောင်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးညို (၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၄၀/ခ)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နှင့် စစ်ကိုင်းမြို့နေ (ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်)တို့၏ သမီးကြီး၊ (ဦးသန့်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ [ဦးလှမိုး (အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်သူမိုး-ဒေါ်ခင်မာချို၊ ဦးခင်မောင်ကြည် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ကျော့ကျော့မိုး၊ ဦးလှခိုင်မိုး၊ ဦးအောင်ခိုင်မိုး၊ ဦးသန့်ဇင်မိုးတို့၏ ချစ်လှစွာသောမိခင်၊ မမီမီလွင်၊ မောင်ပြည့်နဒီမိုး၊ မယုယုမွန်၊ မထက်ဝတီမိုးတို့၏အဘွားသည် ၃၁-၇-၂၀၁၆ နံနက် ၉း၃၀ နာရီတွင် ဗဟိုစည်ရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးညို (၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၄၀/ခ)၊ ဘုရင့်နောင်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နှင့် စစ်ကိုင်းမြို့နေ (ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်) တို့၏ သမီးကြီး၊ (ဦးသန့်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ [ဦးလှမိုး (အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်လေးစီ၊ ဒေါ်ခင်လေးမူ၊ ဦးတင်မောင်လေး-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်လေးဝင်း၊ ဦးမန်းမောင်လေး-ဒေါ်ခင်ခင်အေးတို့၏ အစ်မကြီးသည် ၃၁-၇-၂၀၁၆ နံနက် ၉း၃၀ နာရီတွင် ဗဟိုစည်ရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၈-၂၀၁၆(ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုအင်(မြိတ်)

## အသက်(၇၃)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်၊ ဗိုလ်ဗထူးလမ်းနေ (ဦးဘူးဝါ-ဒေါ်လေး)တို့၏ သမီးကြီး၊ ဦးဘွန်တိတ်-ဒေါ်သန်းယူ၊ ဦးအင်တိတ်-ဒေါ်အင်မို၊ ဦးရှင်တိတ်-ဒေါ်နုနုဝေ၊ ဦးဟိုစွမ်-[ဒေါ်အေးအေးမူ (ဘုန်းဟန်ကျော် ရွှေဆိုင်)]၊ ဦးဘီးဂွမ်-ဒေါ်သက်သက်လွင် (စွမ်ရေလုပ်ငန်းသုံးပစ္စည်းဆိုင်)၊ ဦးဂင်စွမ်-ဒေါ်ကြူ (ဘုန်းဟန်ကျော်ရွှေဆိုင်)၊ ဒေါ်ခင်ခင်ယု၊ (ဦးစိုးဘင်)-ဒေါ်သီသီမွန်၊ ဦးစိုးစိုး-ဒေါ်သီတာ(ကောင်းဆေးဆိုင်)တို့၏ အစ်မကြီး၊ တူ ၂၈ယောက်တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၆ (စနေနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလဲ ၁နာရီတွင် ကလွင်ဘာသာပေါင်းစုံ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတိုးလှိုင်

**B.Sc (Maths)**

## အသက်(၅၄)နှစ်

**သတင်းစာကိုယ်စားလှယ်၊ သန်လျင်မြို့**

သန်လျင်မြို့၊ ဇာတ်ရုံလမ်း၊ အမှတ် (၁၃)နေ ဦးအောင်ငြိမ်း-(ဒေါ်မြမြစိန်)တို့၏သား၊ ဒေါ်အေးအေးမော် (ဝန်ထမ်းရေးရာဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ဒေါ်နွယ်နွယ်ဝင်း (မြန်မာ့သစ်လုပ်ငန်း)တို့၏မောင်၊ ဦးရဲမြင့်-ဒေါ်ခင်မာဆွေတို့၏အစ်ကိုသည် ၃၀-၇-၂၀၁၆ (စနေနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်းနိုင်(ခ)ကိုနိုင် (၄၉)နှစ်

**ဓမ္မအလင်းရောင်အသင်း (ဘဏ္ဍာရေးမှူး)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးချိုကြီး)-ဒေါ်တင်ရွှေတို့၏သား၊ ဦးတင်ဝင်း(ခ)ဦးချမ်းသာ-ဒေါ်နီနီမာ၊ ဦးမောင်ရွှေ-ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်နီတို့၏ ညီ/မောင်၊ ဦးရဲဝင်း-ဒေါ်အေးအေးခိုင် (မမလေးရေခဲမုန့်၊ ကွမ်းခြံကုန်းမြို့)၊ (ဦးမောင်အေး)-ဒေါ်မြင့်မြင့်ဝေ တို့၏ အစ်ကို၊ ဒေါ်သိန်းလှ(ခ) မပန်းသီး၏ခင်ပွန်း၊ မောင်ဇွဲအောင်နိုင် (အဌမတန်း-B၊ အထက-၂၊ ဗဟန်း)၏ ကျေးဇူးရှင်မွေးသဖခင် ဦးကျော်ဝင်းနိုင်(ခ)ကိုနိုင်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၂၂)၊ ခုနစ်လွှာ၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# နောက်ကျချေပဂိုးကြောင့် မြန်မာအသင်း ဩစတြေးလျအသင်းနှင့် သရေကျ

**မန္တလေး ဇူလိုင် ၃၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ပွဲများကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပသည်။

**မြန်မာ - တစ်ဂိုး**

**ဩစတြေးလျယူ-၂၀ - တစ်ဂိုး**

တိုက်စစ်မှူး ခင်မိုးဝေ၏ ဂိုးဖြင့် မြန်မာအသင်းသည် မိနစ် ၇၀ ကျော်အထိ အနိုင်ရနေသော်လည်း နောက်ကျချေပဂိုးကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး အုပ်စု ဒုတိယနေရာသာ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဩစတြေးလျအသင်းကို အနိုင်ရနိုင်သည့် အခြေအနေပိုင်ဆိုင်ခဲ့သော်လည်း မထင်မှတ်သည့် ချေပဂိုးကြောင့် နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည်အနိုင်ရရှိရေးအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဩစတြေးလျ

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



မြန်မာအသင်းနှင့် ဩစတြေးလျ ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်စဉ်။

# နွားထိုးကြီးတွင် ဝန်ထမ်းအိမ်ရာများရရှိ၍ ဝန်ထမ်းမိသားစုများအဆင်ပြေ

နွားထိုးကြီး ဇူလိုင် ၃၁

**နွားထိုးကြီးမြို့၌နိုင်ငံ့ဝန်ထမ်းများအတွက် ဌာနဆိုင်ရာအိမ်ရာများ ရရှိပြီဖြစ်သည့်အတွက် အိမ်လခကြီးမြင့်စွာ ငှားရမ်းနေထိုင်ရသူဝန်ထမ်းများ အဆင်ပြေသွား၍ ဝမ်းသာနေကြကြောင်း သိရသည်။**

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာ အခန်း ၄၈ ခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ခြောက်ခန်း၊ မီးသတ်စခန်းဝန်ထမ်းအိမ်ရာ ၁၈ ခန်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာ ခြောက်ခန်းတို့တွင် ဝန်ထမ်းမိသားစုများ နေထိုင်ကြပြီဖြစ်သည်။

အလားတူ ဝန်ထမ်းအိမ်ရာများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက လေးခန်းတွဲ သုံးထပ်တိုက် နှစ်လုံး၊ စာရင်းစစ်ရုံးက လေးခန်းတွဲ တိုက်တစ်လုံးနှင့် ဆေးရုံဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲတိုက်တစ်လုံး ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အိမ်လခများအဖြစ် အရာထမ်းများအတွက် လစာငါးရာခိုင်နှုန်းနှင့် အမှုထမ်းများအတွက် သုံးရာခိုင်နှုန်း သတ်မှတ်ထားကြောင်း ဝန်ထမ်းများ၏ ပြောကြားချက်အရ သိသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**



## မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ပေဝက်ခန့်၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခွဲခန့်စီနှင့် ဆိပ်သာမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း မင်းဘူးမြို့နှင့် နောက်နှစ်ရက်အတွင်း မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## လူထုစုပေါင်းစက်ဘီးစီးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူထုစုပေါင်းစက်ဘီးစီးပွဲကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မော်လမြိုင်မြို့တို့၌ ဇူလိုင် ၃၁ ရက်က ပြုလုပ်ရာ ရန်ကုန်မြို့၌ မြကျွန်းသာရှေ့မှတာထွက်ပြီး အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးက တာလွှတ်ပေးသည်။ ဝါသနာရှင် ၅၀၀ ကျော်တို့က အင်းလျားကန်တစ်ပတ် စီးနင်းခဲ့ကြသည်။

အလားတူ မန္တလေးမြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲကို မန္တလေးမြို့ မင်္ဂလာတံတားရှေ့မှ တာထွက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က တာလွှတ်ပေးသည်။ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အတူ ဝါသနာရှင် ၂၀၀ ကျော်တို့က မြို့တစ်ပတ် စီးနင်းခဲ့ကြသည်။

ထို့အတူ မော်လမြိုင်မြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲကို မော်လမြိုင်မြို့ ကမ်းနားလမ်းမှ စတင်တာထွက်ပြီး ဝါသနာရှင် ၁၅၀ ကျော်တို့က မြို့တစ်ပတ်စီးနင်းခဲ့ကြကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

